# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ကူန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။ **ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၃၅၈)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် နန်နင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မတီ အမြဲတမ်းကော်မတီဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။ သတင်းစဉ်

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ကျောက်စိမ်းအတွဲ ၈၆၁ တွဲ ယူရိုငွေ ၁၀၃ ဒသမ ၈၂၆ သန်းဖြင့် ရောင်းချနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

ပြပွဲစတင်ကျင်းပသည့် နံနက်ပိုင်းမှစ၍ ပြည်တွင်းပြည်ပကျောက်မျက်ရတနာကုန်သည်များသည် ပြပွဲခန်းမအပြင်ဘက်ရှိ သတ်မှတ်ဇရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို

*စာမျက်နှာ ၄ ကော်လံ ၅* ❑


မြန်မာ့အမျိုးသားရေးသမိုင်းကို ထင်ဟပ်စေမည့် မြို့မကျောင်းရာပြည့်ပွဲတော် နွဲပျော်စို့ — စာ ၆၊၇

တောမီးလောင်ရာမှ မီးခိုးမြူများကြောင့် အင်ဒိုနီးရှားပြည်သူ ကိုးသိန်းနီးပါး အသက်ရှူကျပ်ဝေဒနာခံစားရ — စာ ၁၄



KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အသံဆူညံမှုပြဿနာ

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများထဲမှာ အသံဆူညံမှုလည်း ပါသည်။ အထူးသဖြင့် လူဦးရေထူထပ်သိပ်သည်းသော မြို့ကြီးပြကြီးများတွင် နားမခံသာမှုက သာမန်မျှ မဟုတ်တော့။ ဖြေရှင်းဖို့ အရေးတကြီးလိုအပ်နေသည့် ပြဿနာကြီး ဖြစ်နေပါပြီ။

လမ်းမများထက်က မော်တော်ကားဟွန်းသံများ၊ ဆူညံပွက်လောရိုက်နေသော အသံချဲ့စက်သံများက မိုးထိညံနေသည်။ ပြည်သူလူထု၏ ဝေဖန်ပြစ်တင်မှုများကြားကပင် ထိုထို့ညံညံသော အသံချဲ့စက်သံတို့က ကြောက်ခမန်းလိလိ။

အသံချဲ့စက်သံတို့ကလည်း အသံထိန်းခလုတ်ကို အမြင့်ဆုံးအဆင့်ထိ မြှင့်ထား၏။ ရပ်ကွက်တိုင်းမှာလိုလိုလည်း ရှိ၏။ ရာသီချိန်များဆိုလျှင် မော်တော်ကားကြီးများပေါ်ကို လော်စပီကာ အကြီးကြီးများကို မဆံ့ရင်ကာတင်၍ တစ်မြို့လုံးလှည့်ကာ မြို့သူမြို့သားတို့၏ နားမှန်သမျှကို နှိပ်စက်တော့သည်။

မည်သူမျှ နားထောင်ခံစားရန် မဖြစ်နိုင်လောက်အောင် ကျယ်လောင်သော သီချင်းသံများ၊ တရားဘာဝနာပွားကာ ကုသိုလ်ယူနိုင်မည့် အသံထက်ကျော်လွန်နေသော ပဋ္ဌာန်းသံတရားသံများ၊ အရပ်တီးဝိုင်းဖြင့် ရှိသမျှ တူရိယာပစ္စည်းအစုံကို ကျယ်နိုင်သမျှ ကျယ်အောင် အင်နှင့်အားနှင့် တီးခတ်သံများကို မီအောင် ကျော်အောင် ဆိုကြသည့် ဝါသနာရှင် သီချင်းသည်တို့၏ သီချင်းသံများ အစရှိသည်တို့က မြို့ပေါ်သို့ လျှံကျဖိတ်ယိုစီးဆင်း ဆူညံနေ၏။

ယင်းနှင့် ပတ်သက်၍ ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသ၏ မိန့်ဆိုမှုကို ကိုးကားပြောဆိုရလျှင် "...အသံမဆူရရင် မကျေနပ်တာလားမသိ၊ ဘာပွဲလေးရှိရှိ အသံချဲ့စက်ကပါမှ။ တကယ်ရောနှစ်သက်မြတ်နိုးဖို့ကောင်းရဲ့လား။ ...ဘုန်းကြီးတို့ကျောင်းမှာ ပွဲရှိရင် ဘာမှမဖွင့်ရဘူး။ ဘာအသံချဲ့စက်မှ မဖွင့်ရဘူး။ တရားလည်း မဖွင့်နဲ့။ တရားကိုဖွင့်ထားရင်လည်း လူတွေက တရားနာတာလည်း မဟုတ်ဘူးလေ၊ စကားပြောနေကြတာ။ ..ပဋ္ဌာန်းပွဲတွေ ရွတ်ကြတယ်၊ ပဋ္ဌာန်းနာသူ တစ်ယောက်မှမရှိ။ အဲဒါကို မညာမတာဝေဖန်ကြည့်စမ်းပါဆိုရင် အဓိပ္ပာယ်မရှိဘူး၊ တကယ် အဓိပ္ပာယ်မရှိရုံတင်မကဘူး၊ ဘုရားအကြိုက်နဲ့ ဆန့်ကျင်နေတယ်။ တိတ်ဆိတ်ငြိမ်သက်မှုသာ မြတ်စွာဘုရားရဲ့ အကြိုက်ပဲဖြစ်တယ်" ဟူ၏။

လောကီအတွက်ရော လောကုတ္တရာအရပါ ဆူညံမှုဟူသည်က သင့်လျော်မှုမရှိ။ သို့သော်လည်း ယနေ့အခါမှာ လောကီပွဲ လောကုတ္တရာပွဲ မည်သည့်နေရာမှာမဆို အသံချဲ့စက်က ဦးအောင်နေရာယူထားပြီး ဖြစ်နေသည်။ ဆူညံလိုက်သည်မှ ရပ်ကွက်တစ်ခုလုံးရော မြို့နယ်တစ်ခွင်ပါ နားမခံသာ။

ဒီမိုကရေစီခေတ်တွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးတို့ ရှိသည်။ သို့သော်လည်း မိမိ၏အခွင့်အရေးကို ရယူပိုင်ခွင့်ရှိသလို မိမိကိုယ်တိုင်ကလည်း သူတစ်ပါး၏ အခွင့်အရေးကိုလည်း လေးစားမှု ရှိရန်လို၏။ မိမိကြောင့် သူတစ်ထူးကို မည်သို့သော အနှောင့်အယှက်မျိုးမှ မဖြစ်စေရဟူသည်က ဒီမိုကရေစီအလေ့အကျင့်၏ စံပြုစရာကိစ္စလည်း ဖြစ်၏။

ဒီမိုကရေစီဆိုဆို၊ လူ့အခွင့်အရေးဆိုဆို သူတစ်ပါးကို အနှောင့်အယှက်မဖြစ်စေရေး၊ ထိခိုက်နစ်နာမှုမရှိစေရေးတို့ကို စောင့်ထိန်းသည်က လူ့ကျင့်ဝတ်၊ လူ့ယဉ်ကျေးမှုဟု ဆိုရမည်ဖြစ်ပါ၏။

ထို့ထက်ပို၍ဆိုရပါမူ အသံဆူညံမှုဆိုင်ရာ အသံချဲ့စက်ဆိုင်ရာတို့နှင့် ပတ်သက်လျှင် ဥပဒေလည်းရှိ၏။ အသံချဲ့စက်ဥပဒေဟူ၍ ရှိသည် ဖြစ်ပါ၏။ ယနေ့မြန်မာနိုင်ငံက ဥပဒေမည်သို့ပင် ရှိသည်ဖြစ်သော်လည်း ဥပဒေမစိုးမိုးမှုတို့က ဖြစ်လေ့ရှိနေသည့်အခါ ဆူညံမှု၊ နားမခံသာမှုတို့ကို လူထုက သည်းခံနေရလေသည်။

အချုပ်ကိုဆိုရပါမူ ဆူညံမှုပြဿနာက ပတ်ဝန်းကျင်ညစ်ညမ်းမှုအနေဖြင့်ရော၊ လူမှုကျင့်ဝတ်အနေဖြင့်ရော၊ မြန်မာ့ရိုးရာဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာ ဓလေ့အရရော၊ ဥပဒေစည်းမျဉ်းများအနေဖြင့်ပါ စနစ်တကျ အလေ့အကျင့်ပြုကျင့်ကြရင်း သတိပြုစောင့်ထိန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# မန္တလေးမဟာမုနိဘုရားတွင် ကား၊ ဆိုင်ကယ် အပ်နှံခနှင့် နိုင်ငံခြားသားများထံမှ ဝင်ကြေးကောက်ခံငွေ တစ်လလျှင် ကျပ်သိန်းတစ်ထောင်ခန့် ရရှိ




**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးမြို့ရှိ မဟာမုနိဘုရားတွင် ဂေါပကအဖွဲ့က ယခုနှစ်အတွင်း စတင်ပြောင်းလဲဆောင်ရွက်သည့် ကား၊ ဆိုင်ကယ် အပ်နှံခနှင့် နိုင်ငံခြားသားများထံမှ ကောက်ခံရရှိသည့် ဝင်ကြေးငွေ စုစုပေါင်းမှာ တစ်လလျှင် ငွေကျပ်သိန်းတစ်ထောင်ခန့် ရရှိကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောသည်။

ယခင်က မဟာမုနိဘုရားသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများ၏ ကား၊ ဆိုင်ကယ် ရပ်နားခကို ဘုရားဂေါပကအဖွဲ့မှ လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ တစ်ရက်လျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းသာ ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ လေလံစနစ်ကို ဖျက်သိမ်း၍ ကွန်ပျူတာစနစ်သုံး မောင်းတံဂိတ်ထားရှိကာ ယာဉ်ရပ်နားစခန်းများ တည်ဆောက်၍ ယာဉ်အပ်နှံခ ကားကြီးငွေကျပ် ၅၀၀၊ ကားသေးငွေကျပ် ၃၀၀ နှင့် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀ သတ်မှတ်ပြီး ဂေါပကအဖွဲ့ဝန်ထမ်းများကိုယ်တိုင် စနစ်တကျကောက်ခံခဲ့သဖြင့် တစ်ရက်လျှင် ပျမ်းမျှငွေကျပ်ရှစ်သိန်းဝန်းကျင် ရရှိကြောင်း သိရသည်။

"ဘုရားကြီးဂေါပကအဖွဲ့ရဲ့ စီမံဆောင်ရွက်မှုတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်တွေကြောင့် ဒီလုပ်ငန်းတွေကို လုပ်ဆောင်နိုင်ခဲ့တာပါ။ အရင်က ကား၊ ဆိုင်ကယ် ရပ်နားခတွေကို လေလံပေးပြီး ကောက်ခံတဲ့အတွက် ဘုရားဖူးပြည်သူတွေနဲ့ လေလံရသူတွေ အကြား ပြဿနာတွေ မကြာခဏ ဖြစ်ခဲ့ကြပေမယ့် ယခုမောင်းတံစနစ်နဲ့ ပြောင်းလဲ ကောက်ခံပေးတဲ့အတွက် ဘုရားဖူးတွေလည်း စိတ်အေးချမ်းစွာနဲ့ ဘုရားဖူးနိုင်သလို သူတို့ရဲ့ကား၊ ဆိုင်ကယ် လုံခြုံရေးအတွက်လည်း စိတ်ချသွားရပါတယ်။ ဒါ့အပြင် ဘုရားကြီးဘက်စုံပြုပြင်ရေးအတွက် ရသင့်ရထိုက်တဲ့ အခွန်ငွေတွေလည်း အပြည့်အဝ ရရှိသွားပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဘုရားကြီး မြောက်ဘက်မုခ် ၄၅ တာတွင် Tourist Information Center တည်ဆောက်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** ဘုရားကြီးသို့ လာရောက်လေ့လာဖူးမြော်ကြသည့် နိုင်ငံခြားခရီးသည်များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်၍ ဝင်ကြေးငွေများ ကောက်ခံခဲ့ရာ ဇူလိုင်လတွင် ဝင်ကြေးငွေကျပ် ၈၁၇ သိန်း ၄ သောင်းနှင့် ဩဂုတ်လတွင် ၉၅၁ သိန်း ၂ သောင်း ရရှိခဲ့ကြောင်း သိရသည်။

"ဒီလိုဝင်ကြေးငွေကောက်ခံရာမှာ သူတို့အတွက် ဝန်ဆောင်မှုတွေအဖြစ် Tourist Information Center မှာ အနားယူဖို့ ခုံတန်းတွေ၊ စနီးတာဝါတွေ၊ လမ်းညွှန်စာအုပ်တွေ၊ ဖိနပ်ချွတ်စင်တွေ၊ နဲ့ သူတို့ ပါလာတဲ့ ပစ္စည်းတွေ သိမ်းဆည်းဖို့ lock box တွေ စီစဉ်ပေးထားတဲ့အပြင် အဆင့်မြင့် သန့်စင်ခန်းတွေလည်း တည်ဆောက်ထားရှိ ပေးထားပါတယ်။ ဘုရားကြီးကို ဝင်ရောက်လာကြတဲ့ နိုင်ငံခြားသားတွေက အုပ်စုလိုက်လာကြတာများတဲ့အတွက် စင်တာတစ်ခုတည်းနဲ့ လုံလောက်မှုမရှိနိုင်တော့လို့ လက်ရှိ စင်တာရဲ့အနီးမှာ စင်တာနောက်တစ်ခုကို တိုးချဲ့တည်ဆောက်နေပါတယ်။ ကောက်ခံရရှိတဲ့ ဝင်ကြေးငွေတွေကို ဘုရားဘက်စုံ ပြုပြင်ရေးတွေမှာ စနစ်တကျ အသုံးပြုသွားမယ့်အပြင် ဘုရားဖူးပြည်သူတွေအတွက်လိုအပ်တဲ့ အဆင့်မြင့်သန့်စင်ခန်းတွေကိုလည်း တိုးချဲ့တည်ဆောက်ပေးနေပြီး အခမဲ့အသုံးပြုခွင့်ပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေး မဟာမုနိဘုရားကြီးသို့ နိုင်ငံခြားခရီးသည် ဝင်ရောက်မှုမှာ လစဉ်တိုးတက်များပြားလျက်ရှိပြီး လက်ရှိ ဝင်ကြေးငွေ ကောက်ခံမှုစာရင်းများအရ နေ့စဉ်ပျမ်းမျှ ၅၀၀ ကျော် ဝင်ရောက်လျက်ရှိရာ ဇူလိုင်လတွင် ၁၆၃၄၈ ဦးနှင့် ဩဂုတ်လတွင် ၁၉၀၂၄ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပျဉ်းမနားမြို့တွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ရွာကောက်ရပ်ကွက်အတွင်းရှိ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်

**ပျဉ်းမနား စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အတွင်း ရှိ လမ်းများကို နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် မြေသားလမ်းမှ အဆင့်မြှင့် ကွန်ကရစ်လမ်းသို့ ခင်းကျင်းဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီက ပန်းခင်းရပ် ၃ လမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က အမှာစကား ပြောကြားရာတွင် ရွာကောက်ရပ်ကွက်အတွင်း၌ လမ်းပိုင်း ၈၅ လမ်းရှိရာတွင် ၄၅ လမ်းကို အဆင့်တိုးမြှင့်၍ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ကျန်ရှိသည့်လမ်း ၄၀ ကို နေပြည်တော်ကောင်စီရန်ပုံငွေ နှစ်အလိုက်ဘတ်ဂျက်ဖြင့် အမြန်ဆုံးခင်းကျင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး ရွာတော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက ယနေ့ဖွင့်လှစ်သော ပန်းခင်း(၁၊ ၂၊ ၃၊ ၄) လမ်းနှင့် ဒေါနလမ်းအပါအဝင် ကွန်ကရစ်လမ်းသစ် ငါးလမ်းကို ဒေသခံများအနေဖြင့် လမ်းရေရှည်ခိုင်ခံ့ရေးထိန်းသိမ်းရန် တာဝန်ရှိကြောင်း ပြောကြားကာ လမ်းသစ်ငါးလမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



### ယူနီကုဒ်ဆိုတာ ဘာလဲ

- ယူနီကုဒ်ဆိုသည်မှာ တိုင်းရင်းသား ဘာသာစကားများအပါအဝင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအများစုကို ကွန်ပျူတာစနစ်အားလုံးတွင် ရေးသားဖတ်ရှုနိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အခြားအဆင့်မြင့် ဖွံ့ဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ်မှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်း တစ်ခုဖြစ်ပါသည်။
- မြန်မာယူနီကုဒ်စနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး မြန်မာစာရေးထုံးနှင့်လည်း ကိုက်ညီသည့် စနစ်တစ်ခု ဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

### ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ပဉ္စမအကြိမ်မြောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ပဉ္စမအကြိမ်မြောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အန္တရာယ်ကင်းပရိတ်ရွတ်ပွဲကို ရန်ကုန်မြို့ အောင်သီတာဆရာတော် ဘဒ္ဒန္တဓမ္မစာရ (ဂန္ထဝါစက ပဏ္ဍိတ-သဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်၍ သံဃာတော် ၁၁ ပါး၊ ယောဂီ ၃၆၀ တို့ဖြင့် စက်တင်ဘာ ၂၀ ရက်က မိုင်တိုင်အမှတ် (၉-၁၈၀-၂၇၀-၃၆၀) တို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပရိတ်တရားတော်ရွတ်ဖတ်ခြင်း ကမ္မဝါစာ၊ မေတ္တာပို့အမျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ဝ၃၆



ဒုတိယသမ္မတ ဦးမြင့်ဆွေအား တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မတီ အမြဲတမ်းကော်မတီဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ *သတင်း-ရွှေဖုံး*

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေး ၂၀၁၉ သို့ တက်ရောက်

## မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် စင်ကာပူသမ္မတနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် စင်ကာပူသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေး ၂၀၁၉ သို့ တက်ရောက်ခဲ့သည်။

**ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဆွေးနွေးဖော်ထုတ်**

အဆိုပါ စင်ကာပူသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးအား စင်ကာပူသမ္မတနိုင်ငံ အစိုးရနှင့် Temasek ဖောင်ဒေးရှင်းတို့မှ ကြီးမှူး၍ အာရှဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အစည်းအဝေး၌ အာရှနှင့် ကမ္ဘာတစ်လွှားမှ ခေါင်းဆောင်များအကြား အတွေးအမြင်များ ဖလှယ်နိုင်မည်ဖြစ်ပြီး အစိုးရကဏ္ဍမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ ခေါင်းဆောင်များအကြား စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဒေသဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဆွေးနွေး ဖော်ထုတ်သွားနိုင်မည်ဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေး ၂၀၁၉ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Heng Swee Keat က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ အာရှနှင့် ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ်ပေါင်း ၆၅၀ ကျော် တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက Policy Dialogue Session ၌ ပါဝင်ဆွေးနွေးခဲ့သည်။

**ဒေသတွင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍ အထောက်အကူပြုမည်**

အဆိုပါ အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်အရ နိုင်ငံစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်နိုင်မှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် သုတေသနဖွံ့ဖြိုးတိုးတက်မှုတို့သည် အရေးကြီးပါကြောင်း၊ ကမ္ဘာ့စီးပွားရေးတွင် အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်လာကြောင်း၊ အဆိုပါ နိုင်ငံစုံနှင့် ဒေသဆိုင်ရာအုပ်စုတွင် ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ Mega-trends နှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးစားလျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၌လည်း တက်တက်ကြွကြွပါဝင်လျက်ရှိပါကြောင်း၊ Industrial 4.0 သို့ ကူးပြောင်းနိုင်ရေးကို အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲထားသော Myanmar Sustainable Development Plan သည် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ချိတ်ဆက်မှု တိုးမြှင့်ခြင်းဖြင့် အထောက်အကူပြုမည်ဖြစ်ပါကြောင်း စသည်ဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူနိုင်ငံခြားဝန်ကြီးဌာန ဝန်ကြီး Dr. Vivian Balakrishnan နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Heng Swee Keat နှင့် နိုင်ငံခြားဝန်ကြီးဌာန ဝန်ကြီး Dr. Vivian Balakrishnan တို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်တို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကာဇက်စတန်သမ္မတနိုင်ငံသို့ ထွက်ခွာ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**ရန်ကုန် စက်တင်ဘာ ၂၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကာဇက်စတန်သမ္မတနိုင်ငံ Nur-Sultan မြို့၌ စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်မည့် 4th Meeting of Speakers of the Eurasian Countries' Parliaments သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်မှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ဦးစိန်ပိုလ်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ သွေးလှူဒါန်း

**ပေါင် စက်တင်ဘာ ၂၂**

သထုံအနိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီမှုအသင်းမှ ဦးဆောင်၍ သထုံခရိုင်အတွင်းရှိ သွေးအလှူရှင်များ စုပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးရှိ အစိုးရပြည်သူ့ဆေးရုံ ၁၄ ခုရှိ သွေးထောက်ပံ့လျက်ရှိသော အမျိုးသားသွေးဌာနသို့ သွေးပုလင်းပေါင်း ၅၄၁ ပုလင်းကို လှူဒါန်းပေးခဲ့ကြောင်း စက်တင်ဘာ ၂၁ ရက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ ပြုလုပ်သည့် သထုံခရိုင်အတွင်းရှိ လူမှုရေးအဖွဲ့များ၊ သွေးအလှူရှင်အဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာပေါင်းစုံအဖွဲ့များ စုပေါင်းသွေးလှူဒါန်းပွဲမှ သိရသည်။

သထုံအနိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီမှုအသင်းအနေဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလိုအပ်သည့်လူနာများအတွက် အဓိကထားကာ ဆောင်ရွက်နေသော်လည်း နီးစပ်ရာ မြို့နယ်ဆေးရုံများမှ လူနာများအတွက် သွေးလိုအပ်မှုရှိလာပါက အသင်းနှင့်ချိတ်ဆက်ကာ လိုအပ်သောသွေးများအတွက် သွေးအလှူရှင်များရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ သထုံမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားသွေးလှူဌာနမှ လက်/ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနွယ်နွယ်ဦး၊ သထုံအနိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင်အခမဲ့ကူညီမှုအသင်းနာယကနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ စေတနာရှင်သွေးအလှူရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၆)ကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲကာလအတွင်း တရုတ်-အာဆီယံ ရုပ်မြင်သံကြား ရက်သတ္တပတ်နှင့် ရေဒီယို ရုပ်မြင်သံကြားနှင့် မီဒီယာအသစ်ဖိုရမ်သို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နန်နင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ(**ယာပုံ**) ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**





❑ ***ရှေ့ဖုံးမှ***

လွှတ်လပ်စွာလေ့လာကြည့်ရှုကြပြီး ပြပွဲခန်းမအတွင်းရှိ တင်ဒါပုံးများအတွင်းသို့ တင်ဒါများတင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ကျောက်စိမ်းခန်းမအပြင်ဘက်ရှိ ကျောက်စိမ်းအရိုင်းအတွဲများနှင့် ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျောက်မျက်ရတနာပြသရောင်းချပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၂၆၀၂ မှ ၃၉၀၁ အထိ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချခဲ့ရာ ကျောက်စိမ်းအရိုင်းအတွဲ ၈၆၁ တွဲကို ယူရိုငွေ ၁၀၃ ဒသမ ၈၂၆ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၉၀၂ မှ ၅၂၀၁ အထိ၊ စက်တင်ဘာ ၂၄ ရက်တွင် အတွဲအမှတ် ၅၂၀၂ မှ ၆၅၀၁ အထိ၊ စက်တင်ဘာ ၂၅ ရက် တွင် အတွဲအမှတ် ၆၅၀၂ မှ ၇၈၀၁ အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းဇော်(ကလေး)**

**ပြည်တွင်း ပြည်ပ ကျောက်မျက်ရတနာကုန်သည်များ ကျောက်စိမ်းအရိုင်းအတွဲများကို ကြည့်ရှုလေ့လာစဉ်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ကနဦးထောက်ပံ့ငွေများ ပေးအပ်ပွဲသို့ တက်ရောက်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ကနဦးထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ကနဦးထောက်ပံ့ငွေများ ပေးအပ်သည်။

**အလုပ်အကိုင်များ ဖော်ဆောင်ရန် ရင်းနှီးမြှုပ်နှံပေးမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆ - ၂၀၂၅) ကို ပြဋ္ဌာန်းပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်း၍ လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မသန်စွမ်းမှုအဆင့် ခွဲခြားသတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့မှုသည် အဆိုပါ လုပ်ငန်းများ အကောင်အထည်ဖော်နေစဉ် ကာလအတွင်း ကနဦးထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က မသန်စွမ်းသူများအတွက် မသန်စွမ်းရန်ပုံငွေထူထောင်၍ မသန်စွမ်းသူများအား စွမ်းနိုင်သမျှ စွမ်းအောင် ပံ့ပိုးကူညီပြီး အလုပ်အကိုင်များ ဖော်ဆောင်ရန် ရင်းနှီးမြှုပ်နှံပေးမည် ဖြစ်ကြောင်း၊ ရေရှည်တည်မြဲအောင် အဆင့်ဆင့်ဖွဲ့စည်းထားသော မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မသန်စွမ်းသူများကို ထောက်ပံ့ငွေ ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မသန်စွမ်းသူ ၁၅၄၉၁ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၆၄၇၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်လေးပင်မြို့နယ် ဂျောင်းတာဒိုင်နယ်အုပ်စု ဂျောင်းတာ - ဆာဆေးတာလမ်း တံတားပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ် ၉၈ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအား ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြပြီး မသန်စွမ်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မသန်စွမ်းသူ ၁၁၅၆၈ ဦးအတွက် ကနဦးထောက်ပံ့**

မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးတွင် မသန်စွမ်းသူ ၁၁၅၆၈ ဦးအတွက် ကနဦးထောက်ပံ့မှုများ ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပင်မဓာတ်အားခွဲရုံစီမံကိန်းနှင့် ပင်မဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အမရပူရမြို့နယ်ရှိ ၂၃၀ ကေဗွီဒေါင်းရွှေပင်မဓာတ်အားခွဲရုံ စီမံကိန်းမြေနေရာ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ၁၃၂ ကေဗွီတံခွန်တိုင်ပင်မဓာတ်အားခွဲရုံနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ၂၃၀ ကေဗွီအောင်ပင်လယ်ပင်မဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် တံခွန်တိုင် ပင်မဓာတ်အားခွဲရုံအတွင်း ၁၃၂/၃၃/၁၁ ကေဗွီ ၁၀၀အမ်ဗွီအေထရန်စဖော်မာ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုသိမ်ကြီးမြို့နယ်ရှိ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံတွင် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေထရန်စဖော်မာ တိုးချဲ့တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အသစ်တည်ဆောက်မည့် ၂၃၀ ကေဗွီ ဒေါင်းရွှေပင်မဓာတ်အားခွဲရုံသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဒေါင်းရွှေကျေးရွာရှိ ထုံးဘို-မြစ်ငယ် ကားလမ်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပါက ၂၃၀ ကေဗွီရွှေစာရံပင်မဓာတ်အားခွဲရုံမှတစ်ဆင့် မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်မည့်အပြင် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကောလင်းမြို့နယ်အတွင်း မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒမိတ်ဆက်ခြင်းနှင့် မြို့နယ်လူငယ်ကိုယ်စားလှယ် ရွေးချယ်ပွဲကျင်းပ

**ကောလင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်း မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ခြင်းနှင့် မြို့နယ်လူငယ်ကိုယ်စားလှယ် ရွေးချယ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကောလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကား ပြောကြားခဲ့သည်။

**လူငယ်များဘဝ မြှင့်တင်ရေး**

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇင်သန့်က "ဒီကနေ့ အခမ်းအနားကို နိုင်ငံနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ လူငယ်တွေ အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒများ အကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြို့နယ်အဆင့် လူငယ်ကိုယ်စားလှယ် ရွေးချယ်လိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပရတာဖြစ်ပါတယ်။ လူငယ်ရေးရာ မူဝါဒဆိုသည်မှာ နိုင်ငံအတွင်းမှာရှိတဲ့ လူငယ်များ၏ အလားအလာကောင်းများကို ဖြည့်ဆည်းရန်၊ လိုအပ်သောအရင်းအမြစ်များ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများကို စနစ်တကျ ဖော်ညွှန်းထားသော မူဘောင်တစ်ခုဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရအနေနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ လူငယ်တွေကို ဘယ်လိုလူငယ်တွေ ဖြစ်လာအောင်၊ ဘယ်လိုပုံစံမျိုးနဲ့ ပျိုးထောင်ကြီးပြင်းစေချင်သလဲဆိုတဲ့ အနာဂတ်အမြော်အမြင်၊ လူငယ်များဘဝ မြှင့်တင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်မယ့် မဟာဗျူဟာ လမ်းညွှန်ချက်တွေကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

**လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်**

ထို့နောက် ကောလင်းမြို့နယ် မြို့နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များက လူငယ်လေးဦးအား အဆိုတင်သွင်းခဲ့ကြသည်။ အဆိုတင်သွင်းထားသော လူငယ်လေးဦးအား တက်ရောက်လာကြသည့် တာဝန်ရှိသူများက လျှို့ဝှက်မဲစနစ်ဖြင့် မဲပေးရွေးချယ်ခဲ့ရာ ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာမှ မောင်ဖြိုးမောင်မောင်က ၁၃ မဲဖြင့် အနိုင်ရရှိပြီး ကောလင်းမြို့နယ် လူငယ်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ကောလင်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့အမျိုးသားရေးသမိုင်းကို ထင်ဟပ်စေမည့် မြို့မကျောင်းရာပြည့်ပွဲတော် နွှဲပျော်စို့

**မောင်မိုးယံ**

**နှစ် ၁၀၀ ဆိုသော သက်တမ်းသည် လူ့ဘဝခရီးတွင် အရှည်ဆုံးသောသက်တမ်းဟု ပြောနိုင်သလို လူ ၁၀၀ တွင် တစ်ယောက်ရနိုင်ခဲ့သော အခွင့်အရေးလည်းဖြစ်သည်။ ထိုနှစ် ၁၀၀ သက်တမ်းအတွင်း ထူးထူးခြားခြား ထင်ထင်ရှားရှား ကြုံတွေ့ခွင့်ရသည့် သမိုင်းဖြစ်စဉ်များအနက် မိမိတို့ဘဝကို ကျေးဇူးပြုခဲ့သော၊ မိမိတို့ဘဝကို မြေတောင်မြှောက်ပေးခဲ့သော စာသင်ကျောင်းများ၏သမိုင်းကို ကြုံတွေ့ရန် ခက်ခဲလှပါသည်။**



ထိုနှစ် ၁၀၀ သက်တမ်းရှိသည့် သမိုင်းတွင်သည့် အထိမ်းအမှတ် ရုပ်ဝတ္ထုပစ္စည်းများအနက် လူငယ်များစွာကို စဉ်ဆက်မပြတ်အကျိုးပြုနေဆဲဖြစ်သော မြို့မအမျိုးသားအထက်တန်းကျောင်းကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ရာပြည့်သဘင်ပွဲ ကျရောက်တော့မည်ဖြစ်ပါသည်။ နှစ် ၁၀၀ သက်တမ်း ပြည့်မြောက်မည့် မြို့မအမျိုးသားကျောင်း ပေါ်ပေါက်လာပုံကလည်း ထူးခြားသည်။ ပိုက်ဆံရှိ၍ ကျောင်းဆောက်ကာ အစစအရာရာပြည့်စုံသော ကျောင်းသုံးပရိဘောဂ၊ ဆရာ ဆရာမများဖြင့် ကျောင်းသားများကို အခကြေးငွေယူကာ ပညာသင်ကြားပေးသော ကျောင်းမျိုး၊ ကိုယ်ပိုင်ကျောင်းမျိုး မဟုတ်ပါ။ ၁၉၂၀ ပြည့်နှစ်ကာလ၊ မြန်မာတို့ ကျွန်ဘဝကျရောက်နေစဉ် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့က သူတို့ဖွင့်လှစ်တည်ထောင်ခဲ့သော ယုဒသန်ကောလိပ်နှင့် ထပ်မံဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ်တို့၏ တက္ကသိုလ်အက်ဥပဒေပြဋ္ဌာန်းမှုအပေါ် မြန်မာကျောင်းသားထုက မကျေနပ်၍ ကန့်ကွက်ရာမှ ပေါ်ပေါက်လာရသော အမျိုးသားပညာရေးကျောင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်တွင် တက်ရောက်နေသာ မြန်မာကျောင်းသားတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဗြိတိသျှအစိုးရ၏ တက္ကသိုလ်ဥပဒေကို ကန့်ကွက်နေသည့်ကြားမှ အစိုးရက ပြဋ္ဌာန်းခဲ့သည်။ ထိုအတည်ပြုပြဋ္ဌာန်းမှုကို သပိတ်မှောက်ကာ ကောလိပ်ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် တနင်္ဂနွေနေ့တွင် ကျောင်းကိုစွန့်ခွာ၍ ရွှေတိဂုံဘုရား အနောက်တောင်ထောင့်တွင် စတင်စုဝေးသပိတ်မှောက် ဆန္ဒပြခဲ့ကြသည်။

ထိုသို့အမျိုးသားပညာရေး စတင်ပေါက်ဖွားရန်အတွက် သပိတ်မှောက်ကျောင်းသားတို့က မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် နတ်တော်လဆန်း ၇ ရက် ( ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်) နံနက် ၁၁ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းကြား တောရလမ်းရှိ ဦးအရိယကျောင်းတွင် သပိတ်စခန်းဖွင့်ကာ အမျိုးသားကျောင်းကို စတင်ထူထောင်ခဲ့ကြသည်။ အမျိုးသားပညာရေးကျောင်းအစ ဦးအရိယ ဘုန်းကြီးကျောင်းကဟုဆိုစမှတ်ဖြစ်ခဲ့သည်။ ဆိုချင်သည်မှာ မြို့မအမျိုးသားကျောင်းကြီးသည်လည်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် စတင်ပေါ်ပေါက်ခဲ့ရာ နှစ် ၁၀၀ သက်တမ်းသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြည့်မြောက်မည်ဖြစ်ပါသည်။

မြို့မအမျိုးသားကျောင်းကြီး ပေါ်ပေါက်လာရခြင်းသည် ၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားသပိတ် အမျိုးသားရေးနိုးကြားအုံကြွမှုမှ စတင်ခဲ့သည်ဟုဆိုရာ အမျိုးသားပညာရေးလှုပ်ရှားမှုသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဖြစ်ပါသည်။ လွတ်လပ်ရေးရရှိရန် ဆောင်ရွက်နေဆဲကာလတွင် မြန်မာမျိုးချစ်ခေါင်းဆောင်များစွာက နေရာဒေသများစွာမှ ရရာလက်နက်ကို စွဲကိုင်ကာ အင်္ဂလိပ်ကို တော်လှန်ခဲ့ကြသည်။ ထိုကာလအတွင်း ဗြိတိသျှအစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးကို ၁၉၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ရာ ကောလိပ်ကျောင်းသားတို့က လက်မခံကြဘဲ ဟုမ္မရူး (Home Rule) အုပ်ချုပ်ရေး ကိုယ်ပိုင်အုပ်ချုပ်ရေးရရန် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ဂျီစီဘီအေအသင်းအစည်းဝေးတွင် ဒိုင်အာခီကို သပိတ်မှောက်ပြီး ဟုမ္မရူးကို တောင်းဆိုခဲ့ကြသည်။


မြို့မကျောင်း ဗုဒ္ဓဘာသာအဖွဲ့ချုပ် အမှုဆောင်များ(၁၉၅၃-၅၄)

မြန်မာ မျိုးချစ်လူငယ်ကျောင်းသားတို့သည် အင်္ဂလိပ်၏ မတရား ဖိနှိပ်ချုပ်ချယ်သော အုပ်ချုပ်ရေးနှင့် မတရားအနိုင်ကျင့် ရေးဆွဲသော တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင် သပိတ်မှောက်ကြပြီး အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် နိုးကြားလာစေရန် ဦးဘစော၊ ဦးပု၊ ဦးသိန်းအောင် စသည့် ၂၁ ဦးသော ခေါင်းဆောင်တို့က တိုက်ပွဲဝင်ခဲ့သည်။ အင်္ဂလိပ်အစိုးရဖွင့်လှစ်သော ကျောင်းများကို မတက်ရန်နှင့် မိမိတို့ကိုယ်ပိုင်အမျိုးသားပညာရေးကျောင်းကို ထူထောင်မည်ဆိုသော လှုံ့ဆော် မှုဖြင့် အမျိုးသားအထက်တန်းကျောင်းကို ဦးအရိယကျောင်းမှ စတင်ရာမှ မြို့နယ်နေရာဒေသအနှံ့ ကျောင်းပေါင်း ၉၃ ကျောင်းအထိ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသို့အမျိုးသားကျောင်းများ စတင်ဖွင့်လှစ်ကြသည့်အနက် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း ပေါ်ပေါက်လာပုံက အဆင့်ဆင့်ကြိုးပမ်းခဲ့ကြရကြောင်း သိရသည်။

အမျိုးသား အထက်တန်းကျောင်းအဖြစ် ဦးအရိယကျောင်းတွင် ဖွင့်လှစ်ရာမှ နေရာဒေသအသီးသီးတွင် ဖွင့်လှစ်နိုင်ရန် အမျိုးသားစိတ်ဓာတ်ပြင်းထန်သူ ကျောင်းသားများအနက် အင်္ဂလိပ်အစိုးရ၏ ဝန်ထမ်း၊ မြို့အုပ်ဘဝမှထွက်ကာ အမျိုးသားကျောင်းဆရာအဖြစ် ဆရာဦးဘချို (ဒီးဒုတ်ဦးဘချို) နှင့် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) တို့သည် မိမိတို့ရရှိသော လစာအခွင့်အရေးကို စွန့်ကာ အမျိုးသားကျောင်းများ စတင်ထူထောင်ခဲ့ကြသည်။ အင်္ဂလိပ်ပေးသော ကျောင်းဆရာလစာ ၂၀၀ ကျပ်ကို စွန့်ပြီး မိမိတို့ကို စေတနာသဒ္ဓါအရ ထောက်ပံ့ကြေးငွေ ၁၅ ကျပ်၊ ၂၀ ကိုသာယူပြီး အမျိုးသားပညာရေးကို မြေတောင်မြှောက်ထူထောင်ခဲ့ကြသည်။ ထိုကျောင်းများအနက် မြို့မအမျိုးသားကျောင်းသည် တက္ကသိုလ်သပိတ်တွင် ပါဝင်ခဲ့သော ဆရာဦးစံထွားတို့၏ ပြုစုပျိုးထောင်မှုအရ ဦးအရိယကျောင်းမှတစ်ဆင့် နေရာအဆင့်ဆင့် ပြောင်းရွှေ့သင်ကြားခဲ့ရသည်။

မြို့မအမျိုးသားကျောင်းသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဦးအရိယကျောင်းတွင် စတင်ဖွင့်လှစ်ပြီး ထိုမှ ၁၉၂၁ ခုနှစ်တွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်၊ မှန်ကင်းကျောင်း ထို့နောက် ယောက်လမ်း (ယခု ယောမင်းကြီးလမ်း)၊ ထိုမှ ၁၉၂၃ ခုနှစ် မေလတွင် ရွှေတိဂုံဘုရားအနောက်ဘက် ဦးဝိစာရလမ်းပေါ်ရှိ ဂေါ်ဒွင်အင်္ဂလိပ်စစ်တန်းလျား၊ ထိုမှ ၁၉၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြည်လမ်းရှိ (ယခု ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံး လွှတ်တော်နေရာရှိ) အင်္ဂလိပ်စစ်တန်းလျား၊ ကင့်ဘဲလ်လိုင်း၊ ထိုမှ ၁၉၂၄ ခုနှစ်တွင် (ယခင် ဘွိုင်းလမ်း ယခု ဦးဝိစာရလမ်း) YMCA စစ်တပ်ရုံးအနီးရှိ မစ္စတာ မီ၏ တိုက်အိမ်ကြီးတွင် တစ်လ ကျပ် ၆၀၀ ဖြင့် ငှားရမ်းဖွင့်လှစ်ရာမှ ယခုဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ပင်မအဆောက်အအုံကြီးကို ၁၉၂၉ ခုနှစ်တွင် ဆောက်လုပ်ပြီး ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။



(ဝဲမှယာ) - လှအောင်(ကျဆုံး)(အောင်ဆန်းသူရိယဗိုလ်မှူးအေးချို၏ ညီအရင်း)၊ ညွန့်လွင်(ဗိုလ်မှူး ငြိမ်း)(တိုင်းကောင်စီအတွင်းရေးမှူး)၊ အေးလွင်(UMP ဗိုလ်ကြီး)၊ အေးသိန်း(ဗိုလ်ကြီး ငြိမ်း)၊ ထိန်လင်း(ဒုဗိုလ်မှူးကြီး ငြိမ်း)(တပ်မတော်-လေ)

ထို့အတူ မြို့မအမျိုးသားအထက်တန်းကျောင်းနှင့် မောင်နှမကျောင်းအဖြစ် မြို့မအမျိုးသမီး အထက်တန်းကျောင်းသည်လည်း မျိုးချစ်စိတ်ပြင်းထန်သော စိန့်မေရီ (ယခု အထက (၁) ပန်းဘဲတန်း) ကျောင်း အမျိုးသမီးကျောင်းသူမစီသည် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီး အင်္ဂလိပ်၏ မတရားဖိနှိပ်အုပ်ချုပ်မှုကို လက်မခံဘဲ မြို့မမိန်းကလေးကျောင်းကို ၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ (၃၂) လမ်းရှိ အိမ်တစ်အိမ်ကို ငှားရမ်းဖွင့်လှစ်ခဲ့ပါသည်။ မပြည့်မစုံနှင့် အစစဆင်းရဲစွာ ဖွင့်လှစ်ရသောကျောင်းတွင် စိန့်မေရီကျောင်း (ပန်းဘဲတန်း)မှ ဆရာမ ဒေါ်နှင်းလွင်ကို စည်းရုံးကာ ကျောင်းအုပ်အဖြစ် ခန့်အပ်ပြီး ကျောင်းစဖွင့်ခဲ့သည်။ ဖွင့်ခါစ အခက်အခဲများစွာဖြင့် ရုန်းကန်လှုပ်ရှားခဲ့ကြရာ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့ ကင့်မ် (Camp) လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ကြပါသည်။ အိမ်တစ်အိမ်ကို ငှားပြီးဖွင့်ရာမှ ဒဂုံမြို့နယ် အမှတ် (၁၄) တင့်ခ်လမ်း (ယခု သံတမန်လမ်း) လမ်းရှိ နှစ်ထပ်အဆောက်အအုံကို ပြောင်းရွှေ့ဖွင့်ခဲ့ကြပြီး မြို့မမိန်းကလေးကျောင်းကြီး ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

**"၁၉၂၀ ပြည့်နှစ်ကာလ၊ မြန်မာတို့ ကျွန်ဘဝကျရောက်နေစဉ် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့က သူတို့ဖွင့်လှစ်တည်ထောင်ခဲ့သော ယုဒသန်ကောလိပ်နှင့် ထပ်မံဖွင့်လှစ်မည့် ရန်ကုန်တက္ကသိုလ်တို့၏ တက္ကသိုလ်အက်ဥပဒေပြဋ္ဌာန်းမှုအပေါ် မြန်မာကျောင်းသားထုက မကျေနပ်၍ ကန့်ကွက်ရာမှ ပေါ်ပေါက်လာရသော အမျိုးသားပညာရေးကျောင်းဖြစ်"**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မြို့မအမျိုးသမီးကျောင်းသည် ၁၉၂၁ ခုနှစ် ကျောက်တံတားမြို့နယ် ၃၂ လမ်း၌ ဖွင့်လှစ်စဉ် ရပ်ကွက်ထဲမှ ကုမ္မာရီပရဟိတ အမျိုးသမီးအဖွဲ့နှင့်အတူ အလှူခံပြီး ကျောင်း၏ လိုအပ်ချက်များကို ကျောင်းသားနှင့် ဆရာမများ ကြိုးပမ်းခဲ့ကြသလို ၁၉၂၃ ခုနှစ်တွင် တင့် (Tint Road) ရှိ မြို့မအမျိုးသမီးကျောင်းကြီး ဖွင့်လှစ်နိုင်ရေးအတွက် ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟော (စစ်သမိုင်းပြတိုက်နေရာဟောင်း) တွင် ဆရာမများ နှင့် ကျောင်းသူတို့ ပူးပေါင်းကာ ပြဇာတ်ကပြီး ရန်ပုံငွေ၊ အလှူငွေရရှိရေး ဆောင်ရွက်ခဲ့ကြသည်။

ဆိုရသော် မြို့မအမျိုးသားကျောင်းနှင့် မြို့မအမျိုးသမီးမောင်နှမကျောင်း နှစ်ကျောင်းသည် ၁၉၂၀ ပြည့်နှစ်မှစ၍ ငွေကြေးသြဇာ အရှိန်အဝါဖြင့် လွယ်လွယ်ကူကူ ပေါ်ပေါက်လာရခြင်းမဟုတ်ဘဲ အဆင့်ဆင့်သော အခက်အခဲများကို ကျော်ဖြတ်၍ မျိုးချစ်စိတ်ကိုအခြေခံကာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ မြို့မကျောင်းကြီး ရေရှည်တည်တံ့နိုင်ရေးနှင့် အမျိုးသားပညာရေးစနစ်ကို မျိုးစေ့ချပေးခဲ့သောပုဂ္ဂိုလ်မှာ မြို့မဖခင်ကြီးဟုဆိုအပ်သော ကျောင်းအုပ်ဆရာကြီး ဦးဘလွင် ဖြစ်သည်။

ဆရာကြီးသည် မြို့မကျောင်းကြီးကို ယခုတည်ဆောက်ထားသောနေရာတွင် ရရှိရေးအတွက် အင်္ဂလိပ်အစိုးရထံသို့ နည်းပရိယာယ်မျိုးစုံဖြင့် ချဉ်းကပ်ကာ ကြိုးပမ်းခဲ့သည်။ ဤကျောင်းနေရာသည် ယခင်က တပ်မြေဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ကျောင်းအုပ်ချုပ်ရေးကော်မတီဖွဲ့စည်းပြီး ဘုရင်ခံ၊ ဆာဟာကုတ်ဘတ္တလာထံ ကျောင်းမြေနေရာ ရရှိရေးတင်ပြခဲ့ရာ ဘုရင်ခံက မြေပေးမည်ဟု ကတိပြုသဖြင့် ၆ ဧကကျယ်ဝန်းသော ကန်တော်မင်ဧရိယာကို ၁၉၂၈ ခုနှစ်တွင် ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူရရှိခဲ့သည်။


၁၉၂၀ပြည့်နှစ် ကျောင်းသားများ သပိတ်မှောက် ကောင်စီဌာနချုပ်အဖြစ် အသုံးပြုခဲ့သော ဗဟန်း ဒေါ်ကြုပ်ဇရပ်

ထိုသို့ဝယ်ယူရရှိခဲ့သောမြေသို့ ၁၉၂၉ ခုနှစ် နဝမအကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီတွင် မြို့မအမျိုးသားကျောင်းကြီး မင်္ဂလာအုတ်မြစ်ချပွဲ ကျင်းပခဲ့ကြသည်။ မြို့မအမျိုးသားကျောင်းကြီးကို မြန်မာ့ဗိသုကာ၊ အင်ဂျင်နီယာ ဦးဘိုးသောင် (ဘီစီအီး)က တာဝန်ယူဆောက်လုပ်ခဲ့သည်။ ကျောင်း၏ မင်္ဂလာအုတ်မြစ်ချပွဲကို ဗဟန်းအလယ်တောရဆရာတော် ဦးကောသလ္လအရှင်မြတ်နှင့် တိုင်းပညာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကြီးတို့က ကြီးမှူးကျင်းပခဲ့ကြသည်။

မြို့မအမျိုးသားကျောင်းကြီးကို အုတ်မြစ်ချပြီး ၁၉၃၀ ပြည့်နှစ် ဒသမအကြိမ် အမျိုးသားအောင်ပွဲနေ့တွင် ကျောင်းဆောက်လုပ်ပြီးစီးမှုအခြေအနေကို ဘုရင်ခံအား ဖိတ်ကြားပြသခဲ့ပြီး ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ အမျိုးသားအောင်ပွဲနေ့တွင် အမျိုးသားကျောင်းကြီးကို ကြီးကျယ်ခမ်းနားစွာဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ မြို့မကျောင်းကြီးဖွင့်ပွဲကို အစိုးရအဖွဲ့ဝင်များ၊ မျိုးချစ်

မြို့မကျောင်းကြီး၏ သမိုင်းကား နှစ် ၁၀၀ သက်တမ်းပြည့်မြောက်တော့မည်ဖြစ်ရာ ဆရာကြီးဦးဘလွင်၏တပည့် ကျောင်းသားဟောင်းကြီးများဖြစ်သော ဦးစိန်ထွား၊ ဦးညွန့်ဆွေ၊ ဦးတင်မြင့်တို့အပါအဝင် ခေတ်အဆက်ဆက်က ကျောင်းသားကြီးပေါင်းများစွာသည် မိမိတို့၏ ကျေးဇူးရှင် ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို တုံ့ပြန်ပေးဆပ်ရန်အတွက် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရာပြည့်ပွဲဖြစ်မြောက်ရေး အကြိုလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ မြို့မကျောင်းထွက် ကျောင်းသားများသည် နိုင်ငံ့တာဝန်ကို ကြီးလေးစွာ တာဝန်ထမ်းဆောင်ကြသူများစွာ ရှိခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုအပါအဝင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်မင်းခေါင်နှင့် နိုင်ငံရေးနယ်ပယ်၌ သခင်ချစ်၊ သခင်သိန်းဖေ၊ သခင်သန်းထွန်းတို့ကို မွေးထုတ်ပေးခဲ့သော သမိုင်းဝင် ကျောင်းကြီးဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံတွင် ရွှေခေတ်ဟုဆိုအပ်သော ဘောလုံးအောင်ပွဲရခေတ်တွင် ဂိုးလုမောင်၊ မျိုးဝင်းညွန့်၊ လှရွှေလေးတို့သည် မြို့မဂုဏ်ကို ဆောင်ခဲ့ကြသည်။




ပုဂ္ဂိုလ်များ၊ သူဌေးသူကြွယ်ကြီးများကို ဖိတ်ကြားပြီး တက်ရောက်စေခဲ့သည်။ မြို့မအမျိုးသားကျောင်း၏ မူလဘူတအစသည် အမျိုးသားပညာရေး သပိတ်တိုက်ပွဲဖြစ်သည်။ မြို့မအမျိုးသားကျောင်းနှင့် အမျိုးသမီးကျောင်းများသည် ကျွန်ပညာရေးကို လက်မခံဘဲ မိမိကိုယ်မိမိ အားကိုးကာ မျိုးချစ်ပုဂ္ဂိုလ်များက ကျောင်းမှထွက်၊ အလုပ်မှထွက်ကာ ဆရာ ဆရာမများအဖြစ် ပညာသင်ကြားပြသပေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးကာယအလှမောင် မောင်မောင်လွင်နှင့် အလေးမ ထွန်းမောင်တို့ ကျောင်းဂုဏ်ကို ကမ္ဘာ့အဆင့်အထိ ဆောင်ခဲ့သလို မယ်ဗမာ မစိန်အေး၊ မယ်ဗမာ ခင်မြင့်မြင့်တို့အပါအဝင် ဂီတနယ်ပယ်တွင် မြို့မကျောင်းသား စန္ဒရား လှထွဋ်၊ မြန်မာပြည်သိန်းတန်၊ ရုပ်ရှင်နယ်တွင် ဒါရိုက်တာ ဦးတင်ယု၊ ခင်သီတာထွန်းတို့ အကယ်ဒမီဆုရှင်များဖြစ်ပြီး စာပေနယ်တွင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဦးထင်ဖတ်၊ ဆရာမောင်ဆုရှင်၊ ဆရာမငွေတာရီ၊ ဆရာမကထိက ဒေါ်မြင့်သန်း၊ ဆရာမ မစန္ဒာတို့က အမျိုးသားစာပေဆုရှင်အဖြစ် ထင်ရှားခဲ့ကြသည်။

ရန်ကုန်မြို့ကို ကယ်တင်လိုက်သည့် အင်းစိန်တိုက်ပွဲတွင် မြို့မရဲခေါင်ကျောင်းသားတို့ ပါဝင်တိုက်ခိုက်ခဲ့ကြပြီး အသက်ပေးလှူခဲ့ကြသည်။ စစ်ဘက်နယ်ပယ်တွင်လည်း ဒုတိယဗိုလ်ချုပ်ကြီးများ၊ ဗိုလ်ချုပ်များ ပေါ်ထွန်းခဲ့ပြီး ပြည်ပရန်နှိမ် စစ်ဆင်ရေးများကို ထူးချွန်စွာ ပါဝင်တိုက်ခိုက်ခဲ့ကြပါသည်။ ယခုတင်ပြသော ထင်ရှားသူတို့မှာ အနည်းငယ်မျှသော ပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။ များစွာသော သမိုင်းဝင်ပုဂ္ဂိုလ်များ၏ စာရင်းကို စုဆောင်းရှာဖွေမှတ်တမ်းတင်ကာ ဓာတ်ပုံမှတ်တမ်း ပြုစုထုတ်ဝေသွားမည် ဖြစ်ပါသည်။

ဆိုရသော် မြို့မနှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ပွဲကြီးဆင်နွှဲရန် အချိန်နီးကပ်လာပြီဖြစ်ရာ မြို့မကျောင်းသား ကျောင်းသူဟောင်းတို့က ကမကထလုပ်ပြီး မျိုးဆက်သစ်လူငယ်တို့နှင့် ပူးပေါင်းပြီး ပေါင်းစည်းအင်အားဖြင့် ကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်နေကြပြီဖြစ်သည်။ မြို့မရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းကော်မတီရုံးကိုလည်း အထက (၂) ဒဂုံ၊ မြို့မကျောင်းလမ်းတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ မြို့မရာပြည့်မော်ကွန်းမဂ္ဂဇင်းနှင့် ဓာတ်ပုံများကပြောသော သမိုင်းမှတ်တမ်းစာအုပ်ထုတ်ဝေရေးကိုလည်း ကော်မတီဖွဲ့စည်းကာ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

စာပေနယ်မှ ဆရာမ မစန္ဒာ၊ ဆရာ ဆောင်းဝင်းလတ်၊ ဆရာ စလင်းဘုန်းကျော်နှင့် ကျောင်းသားဟောင်း စာပေပညာရှင်တို့က တာဝန်ခံပြီး ထူးခြားသောမဂ္ဂဇင်းကြီး ထွက်ပေါ်လာရေး စာမူများ ဖိတ်ခေါ်နေပြီဖြစ်ပါသည်။ မြို့မကျောင်းကြီး၏ နှစ် ၁၀၀ ပြည့်သက်တမ်းကို ကမ္ပည်းရေးထိုးမှတ်တမ်းတင်ရာတွင် အခမ်းအနားများ ကျင်းပခြင်း၊ ပြခန်းပြပွဲများ ကျင်းပခြင်း၊ တေးဂီတပွဲ၊ ဈေးရောင်းပွဲတော်၊ အမှတ်တရပစ္စည်း ရောင်းချရေးနှင့် အခြားသော ရာပြည့်ဂုဏ်ဆောင် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

မြို့မအမျိုးသားကျောင်းကြီး၏ ရာပြည့်ပွဲတော်ကြီးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အမျိုးသားအောင်ပွဲနေ့တွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပပြီး သမိုင်းအထောက်အထားစုံလင်သည့် ရာပြည့်မော်ကွန်းမဂ္ဂဇင်းနှင့် ဓာတ်ပုံမှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးချစ်ပုဂ္ဂိုလ်များက ဝိုင်းဝန်းကြိုးပမ်းကူညီကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

**ရည်ညွှန်း- အမျိုးသားအောင်ပွဲနေ့ ရွှေရတုအထူးထုတ်စာအုပ်။**


(မြို့မအမျိုးသမီး အထက်တန်းကျောင်းဆရာမများ ၁၉၂၁ ခုနှစ်)
နောက်တန်း။ ဒေါ်စီ၊ ဒေါ်ချစ်၊ ဒေါ်လှရီ။
ရှေ့တန်း။ ဒေါ်ငယ်ယူ၊ ဒေါ်နုနု၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်နှင်းရီ။

## “မြို့မနှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ပွဲကြီးဆင်နွှဲရန် အချိန်နီးကပ်လာပြီဖြစ်ရာ မြို့မကျောင်းသား ကျောင်းသူဟောင်းတို့က ကမကထလုပ်ပြီး မျိုးဆက်သစ်လူငယ်တို့နှင့် ပူးပေါင်းပြီး ပေါင်းစည်းအင်အားဖြင့် ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်နေကြပြီဖြစ်သည်”

# စွမ်းအားရှိသမျှ ဆောင်ရွက်ခြင်းနဲ့ မိမိပတ်ဝန်းကျင်မှာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာဖြစ်

**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၂)၊ စံပယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ငြိမ်းချမ်းရေးကို ဂုဏ်ပြုပြီး "ငြိမ်းချမ်းရေး သံတမန်များ" ကင်းထောက်တေးသီချင်းကို စပ်ဆိုပေးထားသည့် ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ၊ ငြိမ်းချမ်းရေးသံတမန်များ တေးသီချင်း သီဆိုသရုပ်ဖော်သူ တက္ကသိုလ်ကင်းထောက်ခေါင်းဆောင် မမြတ်ဆုမွန်တို့၏ ငြိမ်းချမ်းရေးစကားသံများကို ဖော်ပြလိုက်ပါသည်။**



ဒေါက်တာဒေါ်တင်လှကြည်



ဦးအေးကြိုင်



အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ



မမြတ်ဆုမွန်

**ဒေါက်တာဒေါ်တင်လှကြည်**
**ကင်းထောက်ချုပ်**
**(မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့)**

ငြိမ်းချမ်းရေးကို လူတိုင်း၊ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတိုင်းလိုလားပါတယ်။ ကမ္ဘာနဲ့ချီ လိုလားတယ်။ မြန်မာနိုင်ငံရဲ့ ကင်းထောက်အဖွဲ့ နှစ်ခုဖြစ်တဲ့ အမျိုးသားကင်းထောက်အဖွဲ့နဲ့ ကင်းထောက်အမျိုးသမီး အဖွဲ့ဝင်တွေဟာ ငြိမ်းချမ်းရေးလိုလားသူတွေ ဖြစ်ပါတယ်။ ကင်းထောက်ဆောင်ပုဒ်က သူတစ်ပါးကို အချိန်မရွေးကူညီမစရန် အစဉ်အသင့်ရှိနေရမှာ ဖြစ်တယ်။ ကင်းထောက်ရဲ့ ကြွေးကြော်သံက "ကောင်းမှုတစ်ခုနေ့စဉ်ပြု" ဖြစ်တယ်။ ငယ်ရွယ်တဲ့ ငှက်ပြာကင်းထောက်မယ်တွေ၊ ကင်းထောက်ငယ်တွေအနေနဲ့ ငယ်ရွယ်စဉ်ကတည်းက နေ့စဉ် အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ ကောင်းတဲ့အမှုတစ်ခုတော့လုပ်ရမှာ ဖြစ်တယ်။ သူတစ်ပါးကို အမြဲကူညီနိုင်ဖို့ ကတိ သုံးပါးနဲ့ ကျင့်ဝတ် ၁၀ ပါးကို တတ်နိုင်သမျှ လိုက်နာရန် လိုအပ်တယ်။ ကျင့်ဝတ် ၁၀ ပါးအရ ကင်းထောက်တွေဟာ မတူကွဲပြားခြင်းတွေကိုလည်း နားလည်ပေးကြဖို့၊ မေတ္တာရှေ့ထားယှဉ်တွဲနေထိုင်ကြဖို့ အချက်တွေလည်း ပါပါတယ်။ ကျင့်ဝတ် ၁၀ ပါးကို အစဉ်လိုက်နာထိန်းသိမ်းပြီး စွမ်းအားရှိသမျှ ဆောင်ရွက်ခြင်းနဲ့ မိမိပတ်ဝန်းကျင်မှာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာ ဖြစ်တယ်။ အတ္တစိတ်ကင်း ပရဟိတစိတ်ပွားများလာပြီး တာဝန်သိမှုနဲ့ သူတစ်ပါးကို အမြဲကူညီဖို့ အသင့်ရှိနေမယ်။ အများအကျိုးဆောင် ကျင့်ဝတ်ကောင်းတဲ့ စည်းကမ်းရှိတဲ့လူသားတွေ ဖြစ်လာမယ်။ ကျွန်မတို့ငြိမ်းချမ်းတဲ့နိုင်ငံ ငြိမ်းချမ်းတဲ့ကမ္ဘာ တည်ဆောက်နိုင်မှာဖြစ်တယ်။ ကျွန်မတို့ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် အတူလက်တွဲပြီး အတူနေထိုင်ကြပါစို့လို့ ဒီနေ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မှာ မြန်မာနိုင်ငံ ကင်းထောက်တွေကို တိုက်တွန်းလိုပါတယ်။

**ဦးအေးကြိုင်**
**ကင်းထောက်အစီအစဉ်မှူးချုပ်**
**(မြန်မာနိုင်ငံကင်းထောက်အဖွဲ့)**

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားကို ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ ကင်းထောက် လူငယ်မောင်မယ်တွေက ကြီးမှူးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုတဲ့ လူမှုဝန်းကျင်ဖြစ်ဖို့ ဆောင်ရွက်ခြင်းဟာ ပြည်သူတို့အတွက် ငြိမ်းချမ်းရေးကို ရရှိစေနိုင်တဲ့ အရင်းအမြစ်တစ်ခုအဖြစ် မျှော်မှန်းပြီး ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်မှာ "Climate Action for Peace" ဆိုတဲ့ ဆောင်ပုဒ်နဲ့ စက်တင်ဘာ ၂၁ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့" (International Day of Peace)အဖြစ် သတ်မှတ်မှုအရ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်အနေနဲ့ အထူးဂုဏ်ယူစွာဖြင့် ကျင်းပခြင်းဖြစ်ပါတယ်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့နဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ပူးပေါင်းပြီး ငြိမ်းချမ်းရေးသံတမန်သင်တန်းတွေကို ရန်ကုန်မြို့ ငြိမ်းချမ်းရေးဗဟိုဌာနနဲ့ နေပြည်တော် Gold Camp တို့မှာ ဖွင့်လှစ်ပို့ချခဲ့ပြီး ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ လူငယ်တွေ ပေါ်ထွန်းဖို့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပူးပေါင်းကူညီနိုင်ဖို့ လေ့ကျင့်ပေးလျက်ရှိပါတယ်။ ယနေ့အခမ်း အနားမှာလည်း ငြိမ်းချမ်းရေးသံတမန်တွေဖြစ်ကြတဲ့ ကင်းထောက်လူငယ်တွေအတွက် ၂၀၁၉ ခုနှစ်ရဲ့ အမှတ်တရ အခမ်းအနားတစ်ခု ဖြစ်ပါတယ်။

**အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ငွေ**
**ကင်းထောက်ကြီး**
**(မြန်မာနိုင်ငံကင်းထောက်အဖွဲ့)**

ဒီနေ့ စက်တင်ဘာ ၂၁ ရက်ကို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" အဖြစ် ကုလသမဂ္ဂအဖွဲ့က တရားဝင်သတ်မှတ်ထားတယ်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကို အလေးအနက်ထားစေချင်လို့ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်တာတွေမှာ ကျရာအခန်းကဏ္ဍကနေ တက်ကြွစွာ ပါဝင်ဆောင်ရွက်စေချင်လို့ ငြိမ်းချမ်းရေးကို အတားအဆီးဖြစ်စေမယ့် လုပ်ငန်းတွေကို လုပ်ဆောင်တဲ့သူတွေရှိလာရင်လည်းမှန်ကန်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ကို ရောက်သွားအောင် စစ်မှန်တဲ့ စိတ်စေတနာတွေကို အရင်းခံထားပြီး ကူညီဆောင်ရွက်ပေးကြဖို့ သတိပေးခေါင်းလောင်းထိုးလိုက်တဲ့နေ့လို့ အဓိပ္ပာယ်ဖွင့်ချင်တယ်။

"အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" ကျရောက်တဲ့အချိန်နဲ့ ယနေ့ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးကာလက တိုက်ဆိုင်တယ်လို့ ပြောချင်တယ်။ ငြိမ်းချမ်းရေးကို ပြည်သူတွေကလည်း တောင်းဆို၊ အစိုးရအဖွဲ့နဲ့ တပ်မတော်ကလည်းလိုလား၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံ၊ အပြန်အလှန်ဆွေးနွေး ညှိနှိုင်းနေကြတယ်။ အဖြေကောင်းတစ်ခုကို ကြားချင်နေကြတဲ့ ပြည်သူတွေကလည်း တစ်နိုင်ငံလုံးပဲလို့ ပြောရမှာပဲ။

ကျွန်တော်တို့ ကင်းထောက်အဖွဲ့ကြီးဆိုတာ ပါတီနိုင်ငံရေး အရောင်အသွေးမရှိဘူး။ စစ်ရေးလည်းမစွက်ဖက်ဘူး။ လူမှုဝန်ထမ်းသက်သက်တကယ့် NGO အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ အသားအရောင် မခွဲခြား ကိုယ်ယုံကြည်ချင်တာ ယုံကြည်ခွင့်ရှိတယ်။ ခွဲခြားဆက်ဆံတာမျိုးတော့ မရှိဘူး။ တူညီတာကတော့ အားလုံးဟာလူသားတွေပဲ၊ လူနဲ့လူချင်းဆက်ဆံတာပဲ၊ လူတစ်ဖက်သား ဒုက္ခရောက်စေတဲ့ အလုပ်တွေကို မလုပ်ကြဘူး။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို လက်ကိုင်ထားတယ်။ ဒါဆိုရင် ကျွန်တော်တို့နိုင်ငံ မငြိမ်းချမ်းစရာအကြောင်း မရှိဘူး။

ကမ္ဘာ့ကင်းထောက်အဖွဲ့ကြီးက အသိအမှတ်ပြုထားတဲ့ ငြိမ်းချမ်းရေးသီချင်းတစ်ပုဒ်ရှိတယ်။ "Messengers of Peace" ကို ကျွန်တော်က ရေးသားပြီးသံစဉ်များသွင်းကာ မြန်မာမှုပြုလိုက်တော့ "ငြိမ်းချမ်းရေး၏သံတမန်" ဆိုတဲ့ သီချင်းလေးဖြစ်သွားတယ်။ ကင်းထောက် မောင်မယ်တွေ စိတ်ပါလက်ပါ စုပေါင်းသီဆိုနေကြတယ်၊ ငြိမ်းချမ်းရေးကို ကင်းထောက်တွေက သီချင်းနဲ့ တောင်းဆိုနေကြတာ။ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူမရှိဘူး၊ အလှ္ဘာအသီးသီး လူမျိုးပေါင်းစုံ တကယ့်ကို လိုလားနေကြတယ်ဆိုတာ ပြောစရာတောင်လိုမယ် မထင်ပါဘူး။ ကျွန်တော်တို့ ကင်းထောက်မောင်မယ်တွေကလည်း ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုလားတဲ့ အထဲမှာ ရှေ့ဆုံးတန်းကပါတယ်။ ဒါကြောင့်လည်း ဒီနေ့လို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့" ကြုံဆိုတဲ့ အနေနဲ့ ဒီပွဲကို တက်ရောက်လာတာပါ။ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို အခက်အခဲတွေ အမျိုးမျိုးကြားကနေ တက်ကြွစွာ ဆောင်ရွက်နေကြတဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကော်မရှင်နဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကြီးကလည်း ကျွန်တော်တို့နိုင်ငံ အမြန်ဆုံးငြိမ်းချမ်းရေးရပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ပျော်ပျော် ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ သံသယတွေပျောက် အမှန်ဘဝတွေ ရောက်ပါစေလို့ ကျွန်တော်တို့ကင်းထောက်အဖွဲ့ဝင်တွေက ဆုတောင်းပေးချင်ပါတယ်။

**မမြတ်ဆုမွန်**
**တက္ကသိုလ်ကင်းထောက်ခေါင်းဆောင်**
**(မြန်မာနိုင်ငံကင်းထောက်အဖွဲ့)**

ဒီနေ့က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဖြစ်လို့ မြန်မာနိုင်ငံအမျိုးသား ကင်းထောက်အဖွဲ့နဲ့ ကင်းထောက် အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းပြီး ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အ.ထ.က(၂)မှာ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ သမီးအနေနဲ့ "ငြိမ်းချမ်းရေးသံတမန်" တေးသီချင်းနဲ့ သရုပ်ဖော် သီဆိုကပြခွင့်ရခဲ့ပါတယ်။ အခမ်းအနားမှာ ကင်းထောက် ဆရာကြီး၊ ဆရာမကြီးတွေက သမီးတို့ ကင်းထောက်မောင်မယ်တွေအတွက် ဆုံးမစကားတွေ၊ ဗဟုသုတတွေ၊ ငြိမ်းချမ်းရေးရဲ့အဓိပ္ပာယ်တွေကို ပြောပြပေးခဲ့လို့ များစွာမှတ်သားနာယူရပါတယ်။ သမီးတို့အတွက်ကတော့ ငြိမ်းချမ်းရေးဆိုတာ ဘာလဲထက် ငြိမ်းချမ်းရေးလို့ကြားရုံနဲ့ အမြဲငြိမ်းချမ်းခဲ့ပါတယ်၊ အခုဆိုရင် မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးပွဲတွေ၊ ငြိမ်းချမ်းရေးစကားတွေ တွေ့ဆုံပွဲတွေ တော်တော်များများ ပြုလုပ်လာပြီး ပြည်သူပြည်သားများ ငြိမ်းချမ်းရေးရဖို့ကြိုးစား ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ လူတိုင်းလူတိုင်းဆီမှာ ကိုယ်ပိုင်ခံစားချက် အသိအမြင်တွေနဲ့အတူ ငြိမ်းချမ်းခြင်းတွေကို ဖော်ဆောင်ပြီး အေးချမ်းတဲ့ကမ္ဘာကြီး၊ အေးချမ်းတဲ့ဘဝ၊ အေးချမ်းတဲ့ ငြိမ်းချမ်းမှုနဲ့အတူ ငြိမ်းချမ်းရေးသံတမန်အဖြစ် ခံယူပြီး သမီးတို့ ကင်းထောက် လူငယ်တွေလည်း တစ်တပ်တစ်အားပါဝင်ကာ ရှေ့ဆက်ဆောင်ရွက်သွားကြပါမယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဦးတင်မောင်လတ်**
**(ကင်းထောက်ကြီး)**

# ဝိုင်းမော်မြို့၌ ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် မြို့လုံးကျွတ် သန့်ရှင်းရေးဆောင်ရွက်

**ဝိုင်းမော် စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်ကာ ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် မြို့လုံးကျွတ် သန့်ရှင်းရေးဆောင်ရွက်ခြင်းအခမ်းအနားကို ယမန်နေ့က ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရောမော်ပန်းခြံတွင် စုပေါင်းပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝိုင်းမော်မြို့ပေါ်ရှိ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် စေတနာလုပ်အားရှင်များ ပါဝင်ဆောင်ရွက်ကြသည်။



**ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်**

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက ဝိုင်းမော်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့် မြို့နှင့်ထိစပ်လျက်ရှိသည့် မိန်ကျေးရွာတို့၌ စုပေါင်းအမှိုက်ကောက် သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## "ငြိမ်းချမ်းခွင့်ပေးပါ"

❁ သူတင်းကိုယ်တင်း
နှစ်ဖက်တင်းက
ပြည်တွင်းစစ်မက်
ခရီးဆက်လို့
သက်ဆိုးရှည်ဆဲ
ပန်းပန်မြဲတည့်။
❁ အတိုးအလျှော့
အပျော့အမာ
မျှတပါမူ
ပြည်သူမျှော်လင့်
ငြိမ်းချမ်းခွင့်ကို
လွယ်လင့်တကူ ရလိမ့်မည်။ ။

**ဟသ်ာတ မြင့်ငွေ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၂**

Green and Grow Group Myanmar (3G Myanmar) မှ ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးထိန်းသိမ်းခဲ့ခြင်းများ ရှင်းလင်းတင်ပြခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ပျဉ်းမနားမြို့ သုခစိုးဟိုတယ်၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နှုတ်ခွန်းဆက်စကားပြောကြားကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက အမှာစကားပြောကြားသည်။ ယင်းနောက် 3G Myanmar ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး ဒေါက်တာ စိန်စိန်သိမ်းက မအိပ်တဲ့ ကုသိုလ်တွေမျှဝေကြပါစို့ ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာကို ဟောပြောသည်။

ထို့နောက် 3G Myanmar ၏ ၂၀၁၉ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများနှင့် ပတ်သက်သည့် ဗီဒီယိုဖိုင်ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင်များက 3G Myanmar အဖွဲ့ဝင်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

3G Myanmar သည် ရာသီဥတုညီညွတ်မျှတစေရေးအတွက် လူထုပါဝင်မှု၊ သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နေပြည်တော်တစ်ဝန်း သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းများဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရာသီဥတုမျှတမှုကို အထောက်အကူပြုရန်နှင့် ပြည်သူများ အရိပ်အာဝါသရရှိစေရန်၊ ပြည်သူတစ်ရပ်လုံး သစ်တောသစ်ပင်များအပေါ် ချစ်ခင်မှုမြင့်တက်လာစေရန်၊ ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေးလိုအပ်ချက်များ ကောင်းမွန်ပြည့်စုံလာစေပြီး ပတ်ဝန်းကျင်ထိန်းသိန်းရေးလုပ်ငန်းစဉ်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၉ ခုနှစ် မိုးရာသီကာလ၌ သစ်ပင်မျိုးစုံ စုစုပေါင်း ၃၄၀၀၀ ကို စိုက်ပျိုးပြုစုထိန်းသိမ်းလျက်ရှိသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါက်တာ စိန်စိန်သိမ်း၊ 3G Myanmar ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ ဓာတ်ပုံ - ဇော်ဘိ

# မြန်မာနိုင်ငံကင်းထောက်သမိုင်းပြုစုရေးတွင် အထောက်အကူပြုရန် ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ကင်းထောက်ဝတ်စုံဖြင့်ရိုက်ကူးခဲ့သော ဓာတ်ပုံမှတ်တမ်းအချို့အား မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်သို့လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံ ကင်းထောက်သမိုင်းပြုစုရေးတွင် အထောက်အကူပြုရန်နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် မှတ်တမ်းဓာတ်ပုံပြခန်းတွင်ပြသရန် ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ကင်းထောက်ဝတ်စုံဖြင့် ရိုက်ကူးခဲ့သော ဓာတ်ပုံမှတ်တမ်းအချို့ကို သမီးဖြစ်သူ ဒေါ်သန်းသန်းနုက စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ၎င်း၏ နေအိမ်တွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် သတင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး ကင်းထောက်ကြီး ဦးတင်မောင်လတ်တို့ထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းလှူဒါန်းသည့် ဓာတ်ပုံအချို့မှာ ဝန်ကြီးချုပ်ဟောင်း ဦးနု ကင်းထောက်ဝတ်စုံဖြင့် “လုပ်ငန်းတစ်ရပ် ငွေတစ်ကျပ်” ကင်းထောက်လှုပ်ရှားမှုစီမံချက် ဖော်ဆောင်ခဲ့မှု ဓာတ်ပုံမှတ်တမ်းများ၊ ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနေသော မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ကြီးချုပ်၏ဇနီးဖြစ်သူ ဒေါ်မြရီ ကင်းထောက်အမျိုးသမီးဝတ်စုံဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများ ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ ကင်းထောက်သမိုင်းတွင် ကင်းထောက်ချုပ်ကြီးများအဖြစ် ဂုဏ်ပြုတာဝန်ထမ်းဆောင်ခဲ့ကြသော မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတများဖြစ်ကြသည့် သမ္မတ စဝ်ရွှေသိုက်နှင့် သမ္မတ မန်းဝင်းမောင်တို့၏ ကင်းထောက်ဝတ်စုံများဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သော မှတ်တမ်းဓာတ်ပုံများကိုလည်း သက်ဆိုင်ရာ မိသားစုများမှတစ်ဆင့် ရရှိနိုင်ရန် စုဆောင်းရှာဖွေလျက်ရှိသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က မွန်မြတ်သည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့သော မြန်မာ့ကင်းထောက်လှုပ်ရှားမှုများနှင့် မြန်မာကင်းထောက်သမိုင်းများကို ပြည်သူများသိရှိနိုင်ပြီး သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ရေးသားထုတ်လွှင့်ပြသနိုင်ရန် ရှားပါးသော ကင်းထောက်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ကင်းထောက်အသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်း အထောက်အထား မှတ်တမ်းများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ဖုန်းနံပါတ်-၀၉-၇၉၉၆၅၀၇၇၄၊ ၀၉ - ၆၉၅၄၁၉၈၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်**



ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ကင်းထောက်ဝတ်စုံဖြင့်ရိုက်ကူးခဲ့သော ဓာတ်ပုံမှတ်တမ်းအချို့ကို သမီးဖြစ်သူ ဒေါ်သန်းသန်းနုက ပေးအပ်ရာ မြန်မာနိုင်ငံ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် သတင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး ကင်းထောက်ကြီး ဦးတင်မောင်လတ်တို့က လက်ခံရယူစဉ်။

ဓာတ်ပုံ - မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်

# တိုက်ကြီးမြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု အ.ထ.က(တာခွ) ကျောင်းရှေ့၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မူခင်းပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကို၊ တိုက်ကြီးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များက မူခင်းအသိပညာပေးဆွေးနွေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၇၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၀၀၇**

# ရှားတောမြို့နယ် ဒေါလဲဒူကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း ငွေစာရင်းသင်တန်းဖွင့်လှစ်

**ရှားတော စက်တင်ဘာ ၂၂**

ကယားပြည်နယ် ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများမှ ကျေးရွာအဆင့် မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များအား စီမံကိန်းငွေစာရင်း ထိန်းသိမ်းမှုဆိုင်ရာသင်တန်းကို စက်တင်ဘာလ တတိယပတ်က ဒေါလဲဒူကျေးရွာ ခန်းမဆောင်၌ဖွင့်လှစ်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဒေါ်နော်သန္တာစိုးက ငွေစာရင်းပုံစံ (၁၀) မျိုးနှင့်ပတ်သက်၍ လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းတွင် မြစိမ်းရောင်ကျေးရွာများဖြစ်ကြသော ပွန်ချောင်း၊ ဒေါဝယ်ရော၊ သရီးဒါး၊ ဒေါတနော်နှင့် ဒေါလဲဒူကျေးရွာတို့မှ စီမံကိန်းကော်မတီဝင် စုစုပေါင်း ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

# တောင်သူလယ်သမားများသို့ အသိပေးကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံများတွင် ယခုနှစ်မိုးရာသီ၌ ရေဝင်ရောက်မှု နည်းပါးလျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေပေးဝေခြင်းအပြင် ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်လျက်ရှိသော သဖန်းဆိပ်၊ ကင်းတား၊ ဆည်တော်ကြီး၊ မြို့ကြီး စသည့်ဘက်စုံရေလှောင်တမံကြီးများတွင် တမံအတွင်း ရေလှောင်ပမာဏများမှာ ယခင်နှစ်ကာလတူ ပမာဏများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိပါသည်။ အဆိုပါရေလှောင်တမံကြီးများမှာ လက်ရှိတွင် မိုးစပါးစိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဒေသတွင်းသောက်သုံးရေလည်း လိုအပ်သလိုပေးဝေရလျက်ရှိပါသည်။

ဤကဲ့သို့ ရေလှောင်ပမာဏများ လျော့နည်းနေမှုအခြေအနေများအရ မိုးကောင်းသောက်ရေဒေသမဟုတ်သော ဒေသများတွင် မိုးစပါးစိုက်ပျိုးရေပေးဝေရသည့် ရေလှောင်တမံများအနေဖြင့် နှစ်စဉ်လျာထားစိုက်ပျိုးသည့် မိုးစပါးစိုက်ကေများအပေါ်တွင် စိုက်ပျိုးရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိ အနည်းဆုံးပမာဏဖြင့် ပေးဝေနိုင်ရန်အတွက် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရေသောက်တောင်သူများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးစပါးအောင်ရေအထိ စိုက်ပျိုးရေပေးဝေပြီးနောက်တွင် တမံအတွင်း ကျန်ရှိသိုလှောင်ရေပမာဏအပေါ်မူတည်၍ ဒေသသောက်သုံးရေလိုအပ်ချက်ကို ဦးစားပေးလျာထားပြီးမှ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရေပေးဝေမည့် ကေများကို လျာထားစီမံသွားရမည်ဖြစ်ပါသည်။

မိုးစပါးစိုက်ပျိုးရေပေးဝေနေရသည့် ရေလှောင်တမံများတွင် ယခုလက်ရှိ ရေဝင်ရောက်မှု လျော့နည်းနေသည့် အခြေအနေအရ စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ရယူသုံးစွဲကြရန်၊ ရေသောက်တောင်သူအချင်းချင်း ညီညွတ်မျှတသည့်စိတ်ဓာတ်ဖြင့် ဌာနမှသတ်မှတ်ထားသည့် ရေလှည့်ဇယားများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေအခက်အခဲများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာဒေသရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများနှင့် ဆက်သွယ်ပြီး ညှိနှိုင်းစီမံဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ယခုမိုးရာသီအကုန်၌ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် သိုလှောင်ထားနိုင်မှု အခြေအနေများအပေါ်မူတည်၍ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာသီတွင် ရေလိုအပ်ချက်နည်းသော သီးနှံပုံစံအတွဲကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်လာပါက တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်း ဆွေးနွေးစီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ချောင်းတိမ်ချောင်း ရေကြီးရေလျှံမှုကြောင့် ရေနံချောင်းမြို့ လမ်းမတော်လမ်းမကြီးပေါ် ရေကျော်

**ရေနံချောင်း စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ပေါ်နှင့် မြို့အထက်ဘက်တွင် စက်တင်ဘာ ၂၂ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာမှုကြောင့် ချောင်းတိမ်ချောင်း ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်း ရေနံချောင်းမြို့လမ်းမတော်လမ်းမကြီးပေါ်သို့ ရေကျော်ကာ ခရီးသွားပြည်သူများ နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့သည်။

ချောင်းတိမ်ချောင်း ရေကြီးရေလျှံမှုကြောင့် ယာဉ်၊ သုံးဘီးဆိုင်ကယ်များနှင့် ဆိုင်ကယ်များမှာ လမ်းမတော်လမ်းမကြီးပေါ်မှ သွားလာ၍မရဘဲ သခင်ဖိုးလှကြီးလမ်းမှ ရှောင်ကွင်းမောင်းနှင်ခဲ့ရသည်။ ထို့ပြင် အိုးဖိုရပ်ကွက် စည်ပင်သာရပ်သို့သွားသည့် ချောင်းကူးတံတားတွင် အမှိုက်နှင့် ဒိုက်များပိတ်ဆို့၍ ချောင်းရေလျှံကာ စည်ပင်သာရပ်ရှိ နေအိမ်အချို့ ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းတိမ်ချောင်းမှာ ရေနံချောင်းမြို့ လမ်းမတော်လမ်းမကြီးပေါ်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မိုးသည်းထန်စွာရွာပါက မကြာခဏ ရေကြီးရေလျှံမှုဖြစ်ကာ ချောင်းဘေးအနီးရှိ အနိမ့်ပိုင်းနေအိမ်အချို့နှင့် ဌာနဆိုင်ရာရုံးအချို့မှာ နှစ်စဉ်ရေဘေးဒုက္ခခံစားရပြီး ခရီးသွားပြည်သူများလည်း သွားလာမှု အချိန်နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုစိုးကြီး**



ချောင်းတိမ်ချောင်း ရေကြီးရေလျှံမှုကြောင့် ဖြတ်သန်းမရသဖြင့် ခရီးသွားများ စောင့်ဆိုင်းနေကြစဉ်။

# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်

**ကျောင်းကုန်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွင်းကြီးအုပ်စု ပိန်းဂရက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပြည်သူ့ဝန်ဆောင်မှုရုံးမှ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျေးရွာမှ ဒေသခံများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ယဉ်မင်းမြတ်နှင့်အဖွဲ့က ကွင်းဆင်းဆေးကုသပေးကာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာထိန်ဝင်း၊ ဦးခင်မောင်ဇော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးကာ ပြည်သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသော ၂၀၁၉ ခု နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် စက်တင်ဘာ ၂၂ ရက်က ဆက်လက်ရောင်းချရာ ယခုပြပွဲအချိန်အတွင်း အမြင့်ဆုံးရောင်းချရသည်ဟု ဆိုနိုင်သည့် မြန်မာ့ကျောက်စိမ်းအရည်ကျောက်တစ်လုံးအား ကြမ်းခင်းဈေးယူရိုငွေ သုံးသိန်း၊ အလေးချိန် ၈ ဒသမ ၁၀ ကီလိုဂရမ်၊ ကျောက်တွဲနံပါတ် Lot- 3578 ကို ယူရိုငွေ ၇၅၀၀၀၀၉ ( ခုနစ်သန်း ငါးသိန်းကျော်) ဖြင့် ကုန်သည်များက ဝယ်ယူသွားခဲ့ရာ ၎င်းကျောက်တွဲအား မရောင်းချမီ ကျောက်ကုန်သည်များက စိတ်ဝင်စားစွာ ကြည့်ရှုစစ်ဆေးနေကြသည်ကို တွေ့မြင်ရစဉ် ။ ခွန်(ဝင်းပ)

# ဆေးကုသမှုခံယူနေသော သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းဝင်တို့အား ထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၂၂**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အမှုဆောင်အဖွဲ့က အရိုးဆေးရုံတွင် ဆေးကုသမှုခံယူနေသော အသင်းဝင် ဦးမျိုးထွန်း စာတည်း(ငြိမ်း)နှင့် ဗဟိုစည်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော အသင်းဝင် ဦးလှိုင်ဝင်း စာတည်းမှူးချုပ်(ငြိမ်း) **(ယာပုံ)** တို့ထံ စက်တင်ဘာ ၂၂ ရက်က သွားရောက်သတင်းမေးမြန်းခဲ့ပြီး ကျန်းမာရေးထောက်ပံ့ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကွယ်လွန်သူ ဦးတင်ကြိုင် (ဓာတ်ပုံသတင်းထောက်) ဗိုလ်တထောင်သတင်းစာတိုက်အားရည်စူး၍ သမီး ဒေါ်တင်တင်ချို၊ ဒေါ်တင်တင်နွယ်နှင့် ဒေါ်အေးအေးကြိုင်တို့က သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) နှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **အေးသန်း(စိန်တုံးကြီး)**



# (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်



**အမှတ်(၇) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ရန်ကုန်-အနောက်ပိုင်း)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးအောင်မြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များစုပေါင်း၍ စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်အတွက် အလှူငွေကျပ် ၁၀၀၄၀၀၀ အား စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။**

အာကာစိုး



**ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး(ယာယီ)၊ ဒုတိယရဲမှူးကြီး သက်နိုင်ထွန်း ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက်က သန်လျင်မြို့နယ်ရှိ ကျိုက်ဗောဓိစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။**

ကိုကြီးတင်



**မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဝေ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သက်ထွန်းနှင့် အမှတ်(၈၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး လှထွန်းတို့ ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့များ၊ တပ်ဖွဲ့ဝင်မိသားစုများ စက်တင်ဘာ ၂၂ ရက်က မေတ္တာမွန်ဘိုးဘွားရိပ်သာတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**

အောင်မင်း (မြောင်းမြ)

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက် နံနက်က မော်လမြိုင်ကျွန်းမြို့ တိုင်းရင်းဆေးရုံ၌ ချုံနွယ်မြက်ပင်များရှင်းလင်းခြင်းနှင့် ကျိုက်ပိ၊ မြတ်သာနှင့် လှိုင်းဘုန်း နယ်မြေရဲစခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် တိုက်နယ်ဆေးရုံဝင်းများနှင့် ဓမ္မသုခဘုန်းကြီးကျောင်းဝင်းတို့၌ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

**မော်ကျွန်းမြင့်အောင်**

**မန္တလေး**

မန္တလေးမြို့ ရဲအရာရှိအတတ်သင်ကျောင်း၊ ကျောင်းအုပ်ကြီး ယာယီရဲမှူးချုပ် လေးစိုး ဦးဆောင်သောတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၀ ရက်က မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် ကုသိုလ်တော်မြတ်စွာဘုရား ပထမပစ္စယံရင်ပြင်တော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### (၅) ဓာတ်ပုံနှင့် ဗီဒီယိုတွင် ပါဝင်သည်များကို ကြိုတင်အသိပေးပါ။

မိမိမျှဝေလိုသည့် အကြောင်းအရာကို ဖတ်ရှုမည့်သူများမှ သတိထားပြီး ရွေးချယ်နိုင်ရန် ဓာတ်ပုံ၊ ဗီဒီယိုဖိုင်များကို တင်သည့်အခါ ၎င်းတွင်ပါဝင်သည့် အကြောင်းအရာ၏ သဘောသဘာဝကို ကြိုတင်အသိပေးထားရပါမည်။







### (၆) အဖော်အချွတ်များကို ကန့်သတ်ထားသည်။

Facebook သည် ညစ်ညမ်းအကြောင်းအရာများကို မျှဝေခြင်းနှင့် အသက်မပြည့်သော ကလေးသူငယ်များ ပါဝင်သည့် လိင်ကိစ္စအကြောင်းအရာများကို ထိန်းချုပ်တားမြစ်ထားသည်။

## ပုဂံမြို့၌ မိုးရွာမှုများကာ ခရေလမ်းမကြီး ရေဝပ်နေခြင်းကြောင့် ယာဉ်များဖြတ်သန်းသွားလာမှုအဆင်ပြေစေရန် ရေစုပ်စက်ဖြင့် ရေစုပ်ထုတ်ဖယ်ရှား

**ပုဂံ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ အနော်ရထာကျန်စစ်ရပ်ကွက် ခရေလမ်းမကြီးတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁ နာရီခန့်က ရွာခဲ့သည့်မိုးကြောင့် ထွက်ပေါက်ပိတ်ပြီး ရေများဝပ်ကာ ယာဉ်များဖြတ်သန်းသွားလာမှု ခက်ခဲနေသောကြောင့် ပုဂံဒေသဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ရေစုပ်စက်ဖြင့် လေးနာရီကြာ စုပ်ယူဖယ်ရှားပေးခဲ့ရကြောင်း သိရသည်။

"ပုဂံမြို့ အနော်ရထာကျန်စစ်ရပ်ကွက် ခရေလမ်းမကြီးပေါ်မှာ ည ၁ နာရီလောက်က မိုးရွာမှုများလို့ ရေတွေတင်ကျန်ခဲ့တယ်။ ကားလမ်းပေါ်မှာ ပေ ၃၀၊ ၄၀ လောက် ရေအိုင်ကြီးဖြစ်နေလို့ ဘုရားဖူးကားတွေ ဖြတ်မမောင်းရဲတော့ဘဲ ပုဂံဒေသဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီးတော့ ပုဂံမြို့ စည်ပင်သာယာရေးဦးစီးဌာနက ဝန်ထမ်းတွေ၊ အနော်ရထာကျန်စစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတွေနဲ့ ပုဂံမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေက ရေတွေကို ရေစုပ်စက်နဲ့ ဒီနေ့ မွန်းလွဲ ၁ နာရီလောက်ကစပြီး စုပ်ထုတ်ရှင်းလင်းခဲ့ပါတယ်" ဟု ကိုဆော်(ပုဂံ)က ပြောသည်။

အဆိုပါလမ်းသည် တစ်ပေကျော်ခန့် ရေဝပ်နေခြင်းကြောင့် အများပြည်သူ သွားလာမှုလွယ်ကူစေရန်နှင့် မိုးများတိုင်း ရေဝပ်တတ်သည့် အဆိုပါနေရာကို ရေမဝပ်နိုင်စေရန် သက်ဆိုင်ရာမှဆောင်ရွက်ပေးစေလိုကြောင်း ကိုဆော်(ပုဂံ)က ပြောကြားသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## နိုင်ငံတစ်ဝန်းရှိ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံ ၃၃ ခု စာရင်း

### (၂၂-၉-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေ အနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၆.၃၅ | ၂၉၃၇၂ | - | ၀.၃၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၃၀ | ၁၉၁၆ | ၀.၈၆ | ၀.၅၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၆၀ | ၅၃၅၂၀ | ၂.၅၀ | ၁.၆၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၄ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၄၀ | ၃၀၈၈၀ | - | ၀.၄၀ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၅ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၁.၂၀ | ၁၇၂၈၂ | - | ၁.၂၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၆ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၉.၈၀ | ၂၅၈၆ | ၀.၅၀ | ၁.၈၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၇ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၁၀ | ၂၃၉၄ | - | ၀.၁၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၈ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၂.၅၀ | ၆၈၆၉၃၆ | ၀.၁၅ | ၃.၅၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၆.၉၀ | ၉၆၈၈၇၇ | ၀.၂၉ | ၁.၉၀ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | |
| ၁၀ | ဘိုင်းဒါးရေလှောင်တမံ | ပဲခူးခရိုင်/ | ၁၀၉ | ၃၇၃၉၀၂ | ၁၀၉.၄၀ | ၃၇၉၄၁၆ | ၀.၇၈ | ၀.၄၀ |
| | | ဒိုက်ဦးမြို့ | ၆၂ | ၅၆၂၀၀ | | | | |
| ၁၁ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၃.၆၀ | ၃၆၁၆၀ | ၀.၂၅ | ၀.၆၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၂ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၁၀ | ၁၁၃၉၂ | ၀.၀၈ | ၁.၁၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၃ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၁၀ | ၂၇၇၄၁ | - | ၁.၁၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၄ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၀.၅၀ | ၂၀၀၀၀ | - | ၁.၀၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၅ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၂.၇၀ | ၂၅၇၆၀၀ | ၁.၂၀ | ၀.၇၀ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | |
| ၁၆ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၃၀ | ၂၂၁၀၀၀ | ၁.၂၅ | ၁.၃၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၇ | ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၀.၄၀ | ၂၆၉၈၀ | ၀.၂၈ | ၀.၄၀ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၈ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၇.၀၀ | ၁၄၃၉၀၁ | ၀.၄၇ | ၂.၀၀ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | |
| ၁၉ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၈.၄၀ | ၆၇၃၅၀ | ၀.၂၄ | ၂.၄၀ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၀ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၅.၈၀ | ၃၈၂၈၆၄ | - | ၀.၈၀ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၁ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၁.၀၀ | ၆၃၁၄၇၀ | ၀.၄၃ | ၁.၀၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၂ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၈၀ | ၁၂၃၂၀၀ | ၀.၀၅ | ၀.၈၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၃ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၄၀ | ၃၂၉၉၆၀ | - | ၂.၉၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၄ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၂၀ | ၃၃၁၅၈ | ၀.၃၀ | ၀.၂၀ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| ၂၅ | လက်ခုပ်ပင်ရေလှောင်တမံ | မိတ္ထီလာခရိုင်/ | ၂၇ | ၉၅၀ | ၂၇.၂၀ | ၉၈၀ | - | ၀.၂၀ |
| | | မိတ္ထီလာမြို့ | ၂၄ | ၆၆၈ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၆ | ချောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၁၀ | ၁၁၄၆ | - | ၀.၁၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၂၇ | လဂွမ်းပြင်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၅၄ | ၁၄၈၈၀၀ | ၅၄.၇၀ | ၁၅၀၆၀၀ | ၀.၀၆ | ၀.၇၀ |
| | | လှည်းကူးမြို့ | ၁၈ | ၅၁၆၀ | | | | |
| ၂၈ | မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၀.၅၀ | ၅၄၉၄၃ | - | ၀.၅၀ |
| | | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | |
| ၂၉ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၃.၃၀ | ၁၉၁၆၀၀ | ၀.၁၀ | ၁.၃၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၃၀ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၄၀ | ၁၈၂၃ | ၀.၆၀ | ၀.၄၀ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၃၁ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၃၅ | ၅၆၁၁ | ၀.၃၁ | ၀.၃၅ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၃၂ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၄.၈၀ | ၁၄၆၅၁၂ | ၀.၃၈ | ၀.၈၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |
| | | **နေပြည်တော်တိုင်း** | | | | | | |
| ၃၃ | သဲဖြူရေလှောင်တမံ | နေပြည်တော်တိုင်း/ဒက္ခိဏခရိုင် | ၅၃ | ၈၇၁၈ | ၅၃.၂၀ | ၈၈၃၀ | ၁.၃၄ | ၀.၂၀ |
| | | လယ်ဝေးမြို့ | ၂၅ | ၆၇၈ | | | | |

# ရွှေ့သွားနောက်လိုက်ရုပ်ရှင် စက်တင်ဘာ ၂၆ရက် ရုံတင်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မိသားစုပညာပေးရုပ်ရှင် ရွှေ့သွားနောက်လိုက် ဇာတ်ကားကြီးကို စက်တင်ဘာ ၂၆ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ မိဘနဲ့ သားသမီးကြားမှာ ရှိသင့်ရှိထိုက်တဲ့ သဘောကို တင်ပြတာပါ။ မိဘဆိုတာကတော့ ကိုယ်တတ်နိုင်သရွေ့သားသမီးအပေါ်မှာ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ကြတာပါ။ မိဘတွေ အိုမင်းမစွမ်းရှိသွားတဲ့ အခါကျတော့ သားသမီးတွေဘက်ကဘာတွေ ပြန်ပြီးပြုစုမှာလဲဆိုတာကို ဒါရိုက်တာ ကိုစတီးလ်က ရိုက်ထားတာပါ။ ဒီကားကြည့်ပြီးရင်တော့ မိဘနဲ့ သားသမီးတွေ ကြားမှာ တစ်စုံတစ်ရာသော ကျင့်ဝတ် လေးတွေ ရသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု အကယ်ဒမီ ဇင်ဝိုင်းက ပြောသည်။

ဤဇာတ်ကားတွင် ဇာတ်ညွှန်း နေစိုးသော်၊ ဇာတ်လမ်း ဟန်းကော့၊ စကားလုံး ချာန်သခင်သွေး၊ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ အကယ်ဒမီ ထွန်းထွန်း၊ နေမင်း၊ အလင်းရောင်၊ မိုးပြည့်ပြည့်မောင်၊ ရွှေသမီး၊ သွန်းဆက်၊ ရတနာဗိုလ်၊ မျှုးသခင်ကို၊ ကြည်ဖြူရှင်းသန့်၊ ညီကျော်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး မိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်နုနုစိန်က စီစဉ်ထုတ်လုပ်သည်။

"ဒီဇာတ်ကားမှာ သားအကြီးဆုံးဖြစ်တဲ့ ကိုမင်းမော်ကွန်းရဲ့ အမျိုးသမီးနေရာက ပါဝင်ထားတာပါ။ အပြင်မှာရှိတဲ့ တကယ့်မိသားစုတွေရဲ့ဖြစ်ပျက်တဲ့ဘဝကို အခြေခံပြီး ရိုက်ကူးထားတာဆိုတော့ သရုပ်ဆောင်လို့လည်း ကောင်းတယ်။ အပြင်မှာ မိသားစုတွေ ဖြစ်ပျက်တတ်တဲ့ အတိုင်း ရိုက်ကူးထားတာမို့ မိသားစုတိုင်း မိသားစု တိုင်းကြည့်သင့်ပါတယ်"ဟု သရုပ်ဆောင် သွန်းဆက်က ပြောသည်။

အဆိုပါဇာတ်ကားသည် မိဘတိုင်းက သားသမီးတွေကို ရတနာလို သဘောထားနိုင်ပြီး သားသမီးတွေကလည်း မိဘများကို ရတနာသိုက်လို သဘောထားနိုင်ကြပါစေဆိုသည့် မိဘမေတ္တာကို ပုံဖော်ကာ ပညာပေးရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ **သန့်ဇင်ဝင်း**

■ *ကျောဖုံးမှ*

ဖြစ်ခဲ့သောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။

ဒုတိယပိုင်းတွင် တရုတ်(တိုင်ပေ)အသင်းက တန်ပြန်တိုက်စစ်ဖြင့် ဂိုးရရန်ကြိုးပမ်းလာပြီး ၄၈ မိနစ်တွင် ဟောင်ယန်ချူက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံအားနည်း သောကြောင့် ဂိုးသွင်းခွင့်မရသလို ရရှိသည့်အခွင့်အရေးကို အသုံးမချနိုင်သောကြောင့် ချေပဂိုးနှင့် လွဲချော်ခဲ့သည်။ တရုတ်(တိုင်ပေ)အသင်းအတွက် ဒုတိယဂိုးကို ၈၅ မိနစ်တွင် လူဇီအန်က သွင်းယူခဲ့သည်။

**ခြေစစ်ပွဲမအောင်**

အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (K) ပွဲစဉ်များအပြီးတွင် တောင်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ခြောက်မှတ်ရသည့် ထိုင်းအသင်းသည် အကောင်းဆုံးအုပ်စုဒုတိယနေရာ ထိပ်ဆုံးလေးသင်းစာရင်း ဝင်ရန် အခြားအသင်းများ၏ ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ သုံးမှတ်ရသည့် တရုတ်(တိုင်ပေ)နှင့် သုံးပွဲစလုံးရှုံးသည့် မြန်မာအသင်းမှာ ခြေစစ်ပွဲမအောင်ခဲ့ပေ။

**ညီမြတ်သော်တာ**

# ပရီမီယာလိဂ်ပွဲစဉ် (၆) ဝက်စ်ဟမ်းကွင်း၌ မန်ယူတို့ ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ် (၆)ကို စက်တင်ဘာ ၂၂ ရက်က ဆက်လက်ကျင်းပရာ ဝက်စ်ဟမ်းကွင်းသို့ သွားရောက်ကစားသည့် မန်ယူတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဝက်စ်ဟမ်းတို့က အိမ်ကွင်း၌ အနိုင်ရရှိရေး ကြိုးစားသလို မန်ယူတို့ကလည်း အနိုင်ရရှိရေး ကစားခဲ့သဖြင့် ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ဂိုးကန်သွင်းခွင့်ကို ဝက်စ်ဟမ်းတို့ အသာရပြီး မန်ယူတို့က ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်သာခဲ့သည်။ ဝက်စ်ဟမ်းအတွက် ဂိုးများကို ပထမပိုင်း ၄၄ မိနစ်တွင် ယာမိုလင်ကိုနှင့် ဒုတိယပိုင်း ၈၄ မိနစ်တွင် ခရက်စ်ဝဲတို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် ပဲလေ့စ်နှင့် ဝုဗ်တို့ပွဲမှာ တစ်ဂိုးစီသရေကျခဲ့သည်။ ချယ်လ်ဆီးတို့က အိမ်ကွင်း၌ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး အာဆင်နယ်က အက်စ်တွန်ဗီလာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။ **သီဟ**

# ရန်ကုန်မြို့၌ ပထမဆုံးသော စွန့်ပစ်အမှိုက်အိမ်စနစ်သစ် စတင်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံတွင် ပထမဆုံးသော စွန့်ပစ်အမှိုက်အိမ်စနစ်သစ်အား ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ ရန်ကုန်မြို့၌ ယနေ့မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

အဆိုပါ အမှိုက်အိမ်စနစ်သစ်ကို ရန်ကုန်မြို့ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်တို့ရှိ နောက်ဖေးလမ်းကြား ဥယျာဉ်များဖြစ်သော ၃၅ လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း (အထက်ဘလောက်)တွင် လည်းကောင်း ၊ လမ်း ၃၀ နှင့် ၃၁ လမ်းအကြား (အလယ်ဘလောက်)တို့တွင် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ဒို့အိမ်မှ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ မအေးမြတ်သူက "ဒီအမှိုက်အိမ်ကကျတော့ နောက်ဖေးလမ်းကြားတွေအနီးမှာ နေထိုင်ကြတဲ့ ရပ်ကွက်လူတွေကနေ အမှိုက်စိုကို ယူလာပြီဆိုရင် အမှိုက်အိမ်မှာစွန့်ပစ်ရဖို့ စတင်အကောင်အထည်ဖော်မှာပါ။ အဲဒီအခါကျရင် ပလုံကောက် (အမှိုက်ကောက်)သူတွေထဲကပဲ ရွေးချယ်ပြီး ကျွန်မတို့ခန့်ထားတဲ့သူတွေကနေ အမှိုက်အစို၊ အခြောက်ခွဲပြီးတော့ အမှိုက်စိုဆိုရင် အမှိုက်အိမ်မှာ ထားမယ်။ အခြောက်ဆိုရင် Recycle အနေနဲ့ပြန်သုံးဖို့ အမှိုက်ခြောက်နေရာမှာ ပြန်ထားပေးသွားမှာပါ။ အဲဒီလို စီစဉ်ထားပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်မြို့တော်သည် စွန့်ပစ်အမှိုက်နှင့်ပတ်သက်၍ စိန်ခေါ်ချက်တစ်ရပ်ဖြစ်နေသည့်အတွက် ဒို့အိမ်အနေဖြင့် လွန်ခဲ့သောနှစ်လခန့်မှစတင်၍ အမှိုက်ကနေရွှေဟူသော လှုပ်ရှားမှုစတင်ခဲ့ပြီး ဒို့အိမ်အဖွဲ့၊ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများ၊ YCDC ၊ ဒို့အိမ်အဖွဲ့အား ငွေကြေးထောက်ပံ့ပေးသော Building Markets တို့ ပူးပေါင်းကာ ရန်ကုန်မြို့မှ စွန့်ပစ်အမှိုက်များကို လျှော့ချနိုင်ရန် မည်သို့ ဆောင်ရွက်သင့်ကြောင်းနှင့် မည်သည့်စနစ်ကို ဖန်တီးသင့်ကြောင်း လေ့လာခဲ့ကြသည်ဟု သိရသည်။

ထိုသို့လေ့လာပြီးနောက် ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်အတွင်းရှိ နေထိုင်သူအချို့အား စစ်တမ်းများ ကောက်ယူခဲ့ရာ စွန့်ပစ်အမှိုက်ပြဿနာနှင့် ပတ်သက်ပြီး အမှိုက်စိုနှင့် အမှိုက်ခြောက်ပြဿနာတစ်ရပ်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ပြည်သူများအနေဖြင့် အမှိုက်စိုနှင့်ပတ်သက်၍ စီမံခန့်ခွဲမှု အားနည်းနေသည့်အတွက် အမှိုက်စိုအတွက် သီးသန့်ပုံဖော်ထားသော အမှိုက်အိမ်များကို စတင်မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင်က စွန့်ပစ်အမှိုက်အိမ်စနစ်သစ်နှင့် ပတ်သက်၍ "အရင်က နောက်ဖေးလမ်းကြားတွေမှာ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ကွက်နေပြည်သူတွေ၊ ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် ဒို့အိမ်နဲ့ပူးပေါင်းပြီးတော့ အမှိုက်အစို၊ အမှိုက်အခြောက် ခွဲခြားစွန့်ပစ်တတ်တဲ့ အလေ့အကျင့်ကောင်း၊ အမူအကျင့်ကောင်းတွေရရှိစေရန် ရည်ရွယ်ပြီးတော့ ဒီနေ့ စတင်ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နောက်ဖေးလမ်းကြားများမှ စွန့်ပစ်အမှိုက်များ ရှင်းလင်းသိမ်းဆည်းရေးလုပ်ငန်းစီမံချက်ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှ စတင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာ၌ မြို့တွင်း ခြောက်မြို့နယ်အပြင် ဆက်စပ်မြို့နယ် ၁၃ မြို့နယ်၌ ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။ နောက်ဖေးလမ်းကြားပေါင်း ၇၆၇ ကြား ဆောင်ရွက်နိုင်ခဲ့ပြီး အမှိုက်တန်ချိန်အနေဖြင့် ၁၅၀၀၀ ကျော် သိမ်းဆည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အချို့ရပ်ကွက် လမ်းများ၌ ပြည်သူ စိတ်ဝင်စားမှုပေါ်မူတည်၍ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ လျှော့နည်းလာသည်ကို လေ့လာတွေ့ရှိရကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

# ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း ယနေ့ စတင်လေ့ကျင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၂၃ ရက် **(ယနေ့)** ညနေပိုင်းတွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် တောက်လျှောက်လေ့ကျင့်မည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်မည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့မှ ကစားသမားများမှာမူ ဗိုလ်လုပွဲပြီးမှ အသင်းနှင့် ပူးပေါင်းနိုင်မည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဩဂုတ်လ နောက်ဆုံးပတ်က စခန်းဝင်လေ့ကျင့်မှုပြုလုပ်ခဲ့သော်လည်း ကလပ်အသင်းများ၏ ရာသီပိတ် နောက်ဆုံးပွဲများ ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသောကြောင့် ထိုင်းခရီးစဉ် အပြီးတွင် လေ့ကျင့်မှုရပ်နားခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းနည်းပြချုပ် ဗိုပေါ့ဗ်သည် ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ကစားခဲ့သည့် ကစားသမားအချို့ကို အပြောင်းအလဲပြုလုပ်ကာ ၃၅ ဦးဖြင့် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာတွင် နိုင်ငံတကာ ခြေစမ်းပွဲကစားတော့မည်မဟုတ်ဘဲ အောက်တိုဘာလမှသာ ပြန်လည်ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့် မည်ဖြစ်ပြီး ယင်းခရီးစဉ်တွင် ခြေစမ်းပွဲ သုံးပွဲကစားမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ ခြေစမ်းပွဲအချို့လည်း ထပ်မံကစားရန် စီစဉ်ထားကြောင်း သိရသည်။

ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုး-** ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်း)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒာဦး (မြဝတီ)၊ ဇင်ညီညီအောင်(အား / ကာသိပ္ပံ)၊ **နောက်တန်း-** ဇင်ရဲနောင် (အား / ကာသိပ္ပံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း(ရှမ်း)၊ အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးအောင် (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ စိုးမိုးကျော် (ရှောဝတီ)၊ သူရိန်စိုး၊ ထူးခန့်လွင် (ရန်ကုန်)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ **အလယ်တန်း-**နေမိုးနိုင်၊ စိုးလွင်လွင်၊ ဇင်မင်းထွန်း၊ ဇေယျာနိုင်(မကွေး)၊ လွင်မိုးအောင် (ရှောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း၊ ပြည့်စုံနိုင် (ရတနာပုံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ ကျော်မျိုးနိုင် (အား / ကာသိပ္ပံ)၊ မျိုးမင်းဖြိုး (စစ်ကိုင်း)၊ ဇွဲသက်ပိုင် (ရှမ်း)၊ ထက်လင်းလင်း၊ ဟိန်းထက်အောင်(ဟံသာဝတီ)၊ **ရှေ့တန်း-** ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်း)၊ အောင်ကောင်းမာန် (ရှောဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)နှင့် သန့်ဇင်မြင့် (အား / ကာသိပ္ပံ)တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# မြိတ် - ပုလော ပြည်ထောင်စုလမ်းမကြီး၌ ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်၍ နှစ်ဦးသေဆုံး

**မြိတ် စက်တင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အထက်ပပြင်ကျေးရွာအနီး မြိတ်- ပုလော ပြည်ထောင်စုလမ်းမကြီး(ရှောင်ကွင်းလမ်း)တွင် စက်တင်ဘာ ၂၀ ရက် ည ၆ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ကာ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့နှစ်ဦးစလုံး သေဆုံးသွားကြောင်း ပပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောဦးထံမှ သိရသည်။

မြိတ်မြို့ဘက်မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ဘက်သို့ ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာနေသူ ယာဉ်မောင်း သန်းဇော် (၃၀ နှစ်) မောင်းနှင်ပြီး မြစ်သားမြို့နေသူ ထူးသန့် (၃၀ နှစ်) လိုက်ပါလာသော ယာဉ်အမှတ် SHN 6D/---- ၁၂ ဘီး ကုန်တင်ယာဉ်သည် ကုန်းဆင်းအကွေ့တွင် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက တိမ်းမှောက်ခဲ့သည်။


မြိတ် - ပုလောလမ်း၌ ယာဉ်တိမ်းမှောက်မှုကြောင့် ပျက်စီးသွားသော ယာဉ်ကိုတွေ့ရစဉ်။

အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း သန်းဇော်နှင့် ယာဉ်နောက်လိုက်ထူးသန့်တို့နှစ်ဦးစလုံး ကားခေါင်းခန်းတွင် ညှပ်၍သေဆုံးသွားသဖြင့် သမုတ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ဘုန်းကြီးကျောင်း အုတ်တံတိုင်းပြိုကျ၍ ပိမိသဖြင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မြင်းခြံ စက်တင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ ဇေယျသိမ်ဘုန်းကြီးကျောင်း၏ တောင်ဘက်အုတ်တံတိုင်းသည် ယနေ့နံနက် ၇ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျပြီး နေအိမ်သုံးလုံးပေါ်သို့ပိမိ၍ နေအိမ်များပျက်စီးကာ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

မြင်းခြံမြို့တွင် စက်တင်ဘာ ၂၂ ရက် နံနက် ၂ နာရီခွဲခန့်က စတင်ရွာသွန်းခဲ့သော မိုးကြောင့် အမှတ် (၁၀) ရပ်ကွက် နယ်မြေ (၂) ရှိ ဇေယျသိမ်ဘုန်းကြီးကျောင်း တောင်ဘက်အုတ်တံတိုင်း အရှည်ပေ ၆၀ ၊ အမြင့် ရှစ်ပေခန့် ပြိုကျရာ ဒေါ်နန်းမူ၊ ဦးသောင်းရှိန်၊ ဒေါ်မိုးမိုးသန်းတို့၏ နေအိမ်များပေါ်သို့ ပိမိခဲ့ပြီး ဒေါ်နန်းမူ၏ သားဖြစ်သူ မောင်ကျော်ကျော်လွင်မှာ အုတ်တံတိုင်းပိမိဒဏ်ရာရရှိသဖြင့် မြင်းခြံဆေးရုံကြီးသို့ ပို့ဆောင်စဉ် ဆေးရုံအရောက်တွင် သေဆုံးသွားသည်။

ထို့အပြင် ဒေါ်မိုးမိုးသန်း၏ သမီး မမေသူမှာလည်း ခါးဒဏ်ရာရရှိခဲ့သဖြင့် မြင်းခြံဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# အမြန်လမ်းမကြီးပေါ်တွင် ဆိုင်ကယ်မောင်းနှင်သူတစ်ဦး ယာဉ်တိုက်ခံရသဖြင့် သေဆုံး

**လှည်းကူး စက်တင်ဘာ ၂၂**
လှည်းကူးမြို့နယ် ရန်ကုန်- နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀/၁) နှင့် (၂၀/၂)ကြားတွင် စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သောဆိုင်ကယ်အား ကားဖြင့်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ဇမ္ဗူသီရိမြို့နယ်နေသူ ဦးဝေဖြိုးအောင် (၃၀ နှစ်) မောင်းနှင်လာသော YGN 1D/---- တိုယိုတာကိုရိုလာယာဉ်သည် လားရာတူ ရှေ့မှ လှည်းကူးမြို့နယ် ဥယျာဉ်ဝကျေးရွာနေသူ ဦးမြင့်အောင်(၅၆ နှစ်) မောင်းနှင်သော ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဦးမြင့်အောင်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# မြန်မာ့ရုပ်မြင်သံကြား

၂၃-၉-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၀ - မြို့ပြဟင်းလင်းပြင်များ
- ၉း၁၅ - BBC Click
- ၁၀း၃၀ - မုန်တိုင်းကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၄း၂၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ/ သိရှိပါက

**ညပိုင်း**
- ၁၆း၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
- ၁၆း၃၀ - အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၆း၄၅ - This Week's Special Interest
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၆) (နတ်ငှက်မယ်နိန်းစံအိမ်မှ ကိစ္စများကိုကူညီဆောင်ရွက်ပေးခြင်း)(၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ကင်းဝေးစေရေး (ကာတွန်း)
- ၂၀း၃၅ - "မြန်မာနိုင်ငံမှမသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီသို့ တင်သွင်းခဲ့သော ကနဦး အစီရင်ခံစာအပေါ် သုံးသပ်မှုအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခန်း"(အပိုင်း-၁)
- "မြန်မာမျိုးဆက်သစ် အစီအစဉ်"
- "အရိပ်အကဲ"

# ပခုက္ကူတံတားပေါ်၌ လမ်းလျှောက်ရင်း ဂိမ်းဆော့သည့် အမျိုးသားတစ်ဦး ခြေချော်ပြီး တံတားပေါ်မှ ပြုတ်ကျသေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၂**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅)ရပ်ကွက် ရောဝတီတံတားချဉ်းကပ်ရထားလမ်းတိုင်အမှတ် K-3 နှင့် K-4 ကြား ၊ မိုင်တိုင်အမှတ် KH - 4 အနီးတွင် စက်တင်ဘာ ၂၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ဂိမ်းဆော့ရင်းလမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး ရထားသံလမ်းအခင်းပေါင်နှင့် ကားလမ်းအခင်းပေါင်ကြားသို့ ခြေချော်နင်းမိပြီး တံတားအောက်သို့ ပြုတ်ကျသေဆုံးကြောင်း သိရသည်။

စက်တင်ဘာ ၂၀ ရက် ည ၈ နာရီက ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ကောင်းစံဟိန်း (၂၀ နှစ်)သည် တစ်ရပ်ကွက်တည်းနေ သူငယ်ချင်းဖြစ်သူ ငြိမ်းချမ်းကို (၂၀ နှစ်)၊ တရုတ်ကြီး(ခ)သက်ဦးမောင်(၃၁ နှစ်) တို့နှင့်အတူ နေအိမ်မှ ရောဝတီတံတား(ပခုက္ကူ)သို့ သွားရောက်ပြီး ရထားလမ်းဘက်ခြမ်းရှိ လမ်းမီးရောင်အောက်တွင် Mobile Legends ဂိမ်းဆော့ကစားခဲ့ကြောင်း၊ ည ၁၀ နာရီခွဲတွင် ငြိမ်းချမ်းကိုနှင့် တရုတ်ကြီး(ခ) သက်ဦးမောင်တို့က ပြန်ရန်ပြောသဖြင့် ကောင်းစံဟိန်းမှာMobile Legends ဂိမ်းဆော့ကစားရင်း ရထားလမ်းဘက်မှ ကားလမ်းဘက်သို့ကူးစဉ် ရထားသံလမ်းအခင်းနှင့် ကားလမ်းအခင်းပေါင်အကြားသို့ ခြေချော်နင်းမိပြီး အမြင့်ပေ ၅၀ ခန့်ရှိ တံတားအောက်သို့ ပြုတ်ကျသေဆုံးသွားသဖြင့် ပခုက္ကူမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ထီးချိုင့်မြို့နယ်၌ ထင်းခုတ်သူများအား အရေးယူ

**ထီးချိုင့် စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် တောမကျေးရွာအနီးနှင့် ကျွန်းပင်သာကျေးရွာအနီးတောအတွင်းမှ ထင်းခုတ်နေသူများအား ဖမ်းမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ကသာခရိုင်နှင့် ထီးချိုင့်မြို့နယ်သစ်တောအဖွဲ့တို့ပူးပေါင်းပြီး ထီးချိုင့်မြို့နယ်တောမကျေးရွာနှင့် ကျွန်းပင်သာကျေးရွာအနီးတောအတွင်း ထင်းခုတ်နေသည့် တောမကျေးရွာနေ ကျော်သီဟ၊ သက်ခိုင်၊ ဝင်းနိုင်၊ မောင်သင်း၊ မုတ်ဝကျေးရွာနေသူ မောင်ထွန်း၊ ညိုတုတ်နှင့် ကျွန်းပင်သာ


ကျော်သီဟအပါအဝင် ရှစ်ဦးတို့ ခုတ်ယူထားသော သစ်တုံးများကို တွေ့ရစဉ်။

ကျေးရွာနေ ကျော်သူ၊ လှထွန်းတို့ရှစ်ဦးကို စစ်ဆေးတွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

# မုံရွာမြို့နယ်၌ အဝေးသင်တက္ကသိုလ်ကျောင်းသားက ရှစ်နှစ်အရွယ်ကလေးအား ဓားဖြင့် ထိုးသတ်မှုဖြစ်

**မုံရွာ စက်တင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မအူကြီးကျေးရွာ ဒီပါအေးမြဘုရားဝင်းအတွင်း စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဝေးသင်ဒုတိယနှစ်ကျောင်းသားက ရှစ်နှစ်အရွယ်မိန်ကလေးတစ်ဦးအား ဓားဖြင့်ထိုးမှုကြောင့်သေဆုံးခဲ့ကြောင်း သိရသည်။

တောင်ငူမြို့မှ မုံရွာမြို့နယ် မအူကြီးကျေးရွာရှိ ဖခင်ဖြစ်သူထံ အလည်ရောက်ရှိနေသော အဝေးသင်တက္ကသိုလ်(တောင်ငူ) ဒုတိယနှစ်ကျောင်းသား မောင်ဉက္ကာမင်းသည် စက်တင်ဘာ ၂၂ ရက်နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က မအိသက်ရှည်အား အရိုးအသွား ကိုးလက်မခွဲရှိဓားဖြင့် ထိုးမှုကြောင့် ဒဏ်ရာများရရှိ၍ မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ်သေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ပြစ်မှုကျူးလွန်သူ မောင်ဉက္ကာမင်းအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ထားဝယ်မြို့တွင် ဖုန်းအရောင်းဆိုင်တစ်ဆိုင် ဖောက်ထွင်းမီးရှို့ခံရ

**ထားဝယ် စက်တင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အနောက်မြို့တွင်းရပ် BSM ဖုန်းအရောင်းဆိုင်တွင် ယနေ့နံနက် ၅ နာရီခန့်က ဖောက်ထွင်းပြီးနောက် မီးရှို့ခံရကြောင်း သိရသည်။

အဆိုပါ ဖုန်းအရောင်းဆိုင် မီးလောင်ရာသို့ ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားသည်။

BSM ဖုန်းအရောင်းဆိုင်ပိုင်ရှင် ရဲလွင်ဦးက ဆိုင်အတွင်း စိစစ်ခဲ့ရာ ဆိုင်အတွင်းရောင်းချရန်ထားသော ဗီရိုရှစ်လုံးအတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၃၀ ခန့် ခိုးယူခံရပြီး ဆိုင်ကို မီးရှို့ခဲ့သဖြင့် ဆိုင်ကယ်တစ်စီးနှင့် ဆိုင်အတွင်းရှိ ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် မှုခင်းရဲတပ်ဖွဲ့နှင့် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ဝင်များက ဆိုင်၏ CCTV မှတ်တမ်းအား ကြည့်ရှုစစ်ဆေးရာ မီးမလောင်မီ ဆိုင်အတွင်း လူတစ်ဦးဝင်ရောက်ပြီးဖုန်းများခိုးယူ၍ မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထားဝယ်မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


မီးလောင်မှုဖြစ်သည့် ဖုန်းဆိုင်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ကြစဉ်။

# အမေဇုန်မိုးသစ်တော မီးလောင်မှုနှင့်ပတ်သက်ပြီး ကမ္ဘာ့ခေါင်းဆောင်များ တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၂၂**

လွန်ခဲ့သည့်လအတွင်း အမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်မှုများဖြစ်ပေါ်ခဲ့ပြီးနောက် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် ကန့်ကွက်သံများ ဆူဆူညံညံပေါ်ထွက်လာသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးမိုးသစ်တော မီးလောင်မှုအတွက် ကမ္ဘာ့ခေါင်းဆောင်များသည် နယူးယောက်မြို့တွင် တွေ့ဆုံခဲ့ကြသည်။ ဘရာဇီး အမျိုးသား အာကာသ လေ့လာရေးအင်စတီကျု၏ နောက်ဆုံးရရှိထားသော ဂြိုဟ်တုမှ ပုံရိပ်များအရ ဇန်နဝါရီလမှစတင်ကာ နိုင်ငံအတွင်း တောမီးလောင်မှုပေါင်း ၁၃၁၆၀၀ ခန့် ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဘရာဇီးမိုးသစ်တောအတွင်း တောမီးလောင်မှုကို ငြိမ်းသတ်နေစဉ်။

တောမီးလာင်မှုများမှာ အများအားဖြင့်လူများ၏ ပယောဂကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး တောင်ယာစိုက်ပျိုးရန် မြေယာရှင်းလင်းရာမှ မီးလောင်မှုဖြစ်ပွားရပြီး သစ်တောအတွင်း ဝမ်းနည်းကြေကွဲဖွယ်ရာ ရလဒ်များ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် လက်ယာစွန်းရောက် သမ္မတ ဘော်ဆွန်နယ်ရို ဇန်နဝါရီ ၁ ရက်တွင် အာဏာရလာသည့် အချိန်မှစတင်ကာ အမေဇုန်သစ်တောပြုန်းတီးမှုမှာ နှစ်ဆဖြစ်လာခဲ့သည်။

ဘရာဇီးနိုင်ငံသားများ တောမီးလောင်မှုအတွက် မိမိကိုတိုက်ခိုက်နေကြသည်မှာ ဝမ်းနည်းစရာကောင်းကြောင်း ဘရာဇီးသမ္မတက ဖေ့စ်ဘုတ်ပေါ်တွင် ရေးသားခဲ့သည်။ ဘရာဇီးသမ္မတသည် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်ပြီး စိတ်အားထက်သန်သူ မဟုတ်သော်လည်း လွန်ခဲ့သည့်လအတွင်း အမေဇုန်တောမီးကို ငြိမ်းသတ်နိုင်ရေး တပ်ဖွဲ့များ စေလွှတ်ခဲ့သည်။ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးတွင်လည်း ဘရာဇီးနိုင်ငံသည် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ စက်တင်ဘာ ၂၃ ရက်တွင် ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြင်သစ်သမ္မတ ချီလီသမ္မတ၊ ကိုလံဘီယာသမ္မတတို့နှင့်အတူ အမေဇုန်တောမီးအတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကို တောင်းဆိုသွားမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးတွင် ဘရာဇီးနိုင်ငံက တက်ရောက်မည်မဟုတ်ပေ။ သို့သော် စက်တင်ဘာ ၂၃ ရက်တွင် ပြုလုပ်မည့် ကုလသမဂ္ဂ ရာသီဥတု အစည်းအဝေးတွင် ဘရာဇီးနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ရီကာဒိုဆယ်လက်စ် တက်ရောက်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# တောမီးလောင်ရာမှ မီးခိုးမြူများကြောင့် အင်ဒိုနီးရှားပြည်သူ ကိုးသိန်းနီးပါး အသက်ရှူကျပ်ဝေဒနာခံစားရ

**ဂျကာတာ စက်တင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားသည့် တောမီးအကြီးအကျယ် လောင်ကျွမ်းမှုမှ ပေါ်ထွက်လာသည့် မီးခိုးမြူများသည် ဘော်နီယိုကျွန်းနှင့် စူမားတြားကျွန်းရှိ အစိတ်အပိုင်းများကို ဖုံးလွှမ်းခဲ့ရာ ယခုအခါ မီးခိုးမြူများကြောင့် အသက်ရှူကျပ်သည့် ဝေဒနာကိုခံစားနေရသော အင်ဒိုနီးရှားပြည်သူ အရေအတွက်မှာ ၉၀၀၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ပဋိပက္ခလျော့ပါးစေရေးစင်တာက ပြီးခဲ့သည့် စက်တင်ဘာ ၂၀ ရက်နောင်းပိုင်းတွင် ဖော်ပြခဲ့သည့် ကိန်းဂဏန်းများအရ ပြင်းထန်အသက်ရှူကျပ်ဝေဒနာကို ခံစားရသည့် ပြည်သူစုစုပေါင်း ၈၅၀၂၆ ဦးအထိရှိနေသည်ဟု ဆိုထားသည်။ ယင်းတို့အနက် ၂၉၁၀၇ ဦးမှာ တောင်ပိုင်းစူမားတြားပြည်နယ်မှဖြစ်ပြီး ၂၆၅၉၁ ဦးမှာ Riau ပြည်နယ်မှဖြစ်ကာ ဘော်နီယိုကျွန်းပေါ်ရှိ အနောက်ကာလီမန်တန်ပြည်နယ်၌ ၁၆၃၆၆၂ ဦးရှိကြောင်း သိရသည်။




တောမီးလောင်မှုကို ပိုမိုထိန်းချုပ်ပေးရန် အစိုးရကို တောင်းဆိုဆန္ဒပြနေကြသည့် အင်ဒိုနီးရှားပြည်သူများ။

မီးခိုးမြူများကြောင့် အင်ဒိုနီးရှားနိုင်ငံ၌သာမက မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၌လည်း လေထုအရည်အသွေး ဆိုးဆိုးရွားရွားကျဆင်းမှု ဖြစ်ပေါ်ခဲ့သည်။ မီးခိုးမြူများကြောင့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် စာသင်ကျောင်း ထောင်ပေါင်းများစွာကို ပိတ်ထားခဲ့ရသည့်အပြင် မလေးရှားနိုင်ငံ၌ လေကြောင်းခရီးစဉ် ရာနှင့်ချီဖျက်သိမ်းခဲ့ရသည်။

လတ်တလောတွင် တောမီးငြိမ်းသတ်ရာ၌ တပ်ဖွဲ့ဝင် ၃၀၀၀၀ နီးပါးနှင့် ရဟတ်ယာဉ် ၅၀ ကျော်တို့ ပါဝင်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်မှုများသည် နှစ်စဉ်နှစ်တိုင်း ဧပြီလနှင့် အောက်တိုဘာလတို့တွင် ကြုံတွေ့ရမြဲဖြစ်သော်လည်း ယခုနှစ်တွင် ပြည်သူများကို ကျန်းမာရေးထိခိုက်စေသည်အထိ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**

# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် တိုက်ပွဲများကြောင့် လူ ၁၈ ဦးသေဆုံး

**ထရီပိုလီ စက်တင်ဘာ ၂၂**

လစ်ဗျားနိုင်ငံတွင် အရှေ့ပိုင်းအခြေစိုက် သူပုန်တပ်များနှင့် ကုလသမဂ္ဂကို ကျောထောက်နောက်ခံပြုထားသည့် အစိုးရတပ်များကြား တိုက်ပွဲများကြောင့် လူ ၁၈ ဦးသေဆုံးခဲ့ပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း နှစ်ဖက်စလုံးမှ သတင်းအရင်းအမြစ်များက ပြောသည်။

မြို့တော်ထရီပိုလီ တောင်ပိုင်းတွင် ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် အစိုးရတပ်မှ တပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ရပြီး တပ်ဖွဲ့ဝင်အချို့ဒဏ်ရာရရှိခဲ့သည်ဟု အစိုးရတပ်သတင်းအရင်းအမြစ်မှ ပြောသည်။ အရှေ့ပိုင်းအခြေစိုက် သူပုန်တပ်ဖွဲ့မှ လူခုနစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်းရှိခဲ့ကြောင်း သိရသည်။

လေဆိပ်သွားရာလမ်း၊ ဆာလာအယ်ဒင်ခရိုင်နှင့် ထရီပိုလီမြို့တောင်ပိုင်း ဇာရာတို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း အရှေ့ပိုင်းအခြေစိုက် သူပုန်တပ်ဖွဲ့မှ သတင်းအရင်းအမြစ်က ပြောသည်။ အရှေ့ပိုင်းအခြေစိုက် သူပုန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမက် အယ်မစ်မာရီက ၎င်းတို့အဖွဲ့သည် ထရီပိုလီမြို့တောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များအား ဆန့်ကျင်သည့် တိုက်ပွဲများ ဆင်နွှဲခဲ့ကြောင်း ပြောသည်။

ဧပြီလအစောပိုင်းမှစကာ အရှေ့ပိုင်းအခြေစိုက် သူပုန်များသည် မြို့တော် ထရီပိုလီကို သိမ်းပိုက်နိုင်ရေး တိုက်ပွဲများဆင်နွှဲခဲ့သည်။ အဆိုပါအဖွဲ့နှစ်ဖွဲ့ကြား တိုက်ပွဲများ ကြောင့် လူထောင်ပေါင်းများစွာ ဒဏ်ရာရသေဆုံးမှုများရှိခဲ့ကာ လူပေါင်း ၁၂၀၀၀၀ မှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၆ ဦးရှိလာ

**ဖနောင်ပင် စက်တင်ဘာ ၂၂**

မဲခေါင်မြစ်ရေမြင့်တက်လာခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းတို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင် လူပေါင်း ၁၆ ဦးသေဆုံးခဲ့ရပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ကီယိုဗွိုင်က ပြောသည်။

သေဆုံးသူများထဲတွင် ခုနစ်ဦးမှာ ကလေးများဖြစ်ကြပြီး ပြည်နယ်ရှစ်ခုတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ရေကြီးမှုကြောင့် နေအိမ်ပေါင်း ၆၇၈၀ ပျက်စီးခဲ့ရပြီး စပါးစိုက်ခင်း ၅၉၂၄၂ ဟတ်တာခန့် ရေနစ်မြုပ်ခဲ့ရသည်။ ရေလွှမ်းမိုးမှုဒဏ်ကို အိမ်ထောင်စုပေါင်း ၈၉၇၂၂ ခံစားရပြီး အိမ်ထောင်စုပေါင်း ၁၄၅၈၃ မှာ အမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခြင်းခံရသည်။

ဩဂုတ်လနှင့် အောက်တိုဘာလတို့တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လေ့ရှိသည်။ လွန်ခဲ့သည့်နှစ်ကလည်း မဲခေါင်မြစ်ရေနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် လူပေါင်း ၆၃ ဦး သေဆုံးခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ စာရင်းအချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# အစ္စရေး၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်ဦး တွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၂၂**

အစ္စရေးနိုင်ငံသားနှစ်ဦး ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးဌာနမှ စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးအလယ်ပိုင်းရှိ ဒေသခံပြည်သူနှစ်ဦးသည် ထိုင်းနိုင်ငံ၌ နေထိုင်ခဲ့စဉ်အတွင်း ဇီကာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်းနှင့် ၎င်းတို့ကို သီးသန့်ထားရှိရန်နှင့် ကုသမှုဆောင်ရွက်ရန် အထူးညွှန်ကြားမှုများ ပြုလုပ်ထားကြောင်း ဝန်ကြီးဌာနများက ဖော်ပြခဲ့သည်။

ရောဂါထိန်းချုပ်ရေးနှင့် ကူးစက်မှုဖြစ်လာနိုင်သည့် အခြေအနေကို စောင့်ကြည့်စစ်ဆေးမှုပြုလုပ်ရန်အတွက် အဆိုပါလူနာနှစ်ဦးနေထိုင်ခဲ့သည့် ရှာရွန်ဒေသအတွင်းရှိ ဒေသကောင်စီနှင့် တယ်လ်အဗစ်ရှိ မြူနီစီပယ်အဖွဲ့တို့ကိုလည်း ပတ်ဝန်းကျင်ကာကွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားမှုများ ပြုလုပ်ထားကြောင်း သိရသည်။

အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ၂၀၁၉ အစပိုင်းမှစတင်ကာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာ စုစုပေါင်း ရှစ်ဦးအထိ တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းတို့အားလုံးမှာ ပြည်ပတွင်ရောဂါကူးစက်ခံလာရသူများဖြစ်ကြောင်း သိရသည်။ ယင်းမတိုင်မီက ဒေသအတွင်း ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှု တွေ့ရှိခဲ့ခြင်းမရှိဟု ဖော်ပြသည်။

**ဆင်ဟွာ**

# ရန်သူထံမှ သိမ်းဆည်းရမိသည့် ဒရုန်းများ အီရန်ပြသ

**တီဟီရန် စက်တင်ဘာ ၂၂**

အီရန်နိုင်ငံသည် ၎င်းတို့၏ ရန်သူများ အသုံးပြုသည်ဟု စွပ်စွဲထားသည့် နိုင်ငံခြားဖြစ် ဒရုန်းများကို ပြသခဲ့သည်။ ဆော်ဒီရှိ ရေနံစက်ရုံများ တိုက်ခိုက်ခံရပြီးနောက် အမေရိကန် နှင့် အီရန်တို့ကြား တင်းမာမှုများမှာ မြင့်တက်လာခဲ့သည်။

အီရန်တော်လှန်ရေးအစောင့်တပ်က မြို့တော်တီဟီရန်တွင် စက်တင်ဘာ ၂၁ ရက်က ဒရုန်းများပြသခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။ အီရန် တော်လှန်ရေးအစောင့်တပ်က ရှာဖွေတွေ့ရှိထားသော အမေရိကန်လုပ်ဒရုန်းများကိုလည်း ပြသထားသည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ သို့သော် အဆိုပါဒရုန်းများကို မည်သို့ရရှိခဲ့သည်ကိုမူ မသဲကွဲပေ။

ဖွင့်ပွဲအခမ်းအနားတွင် အီရန်တော်လှန်ရေးအစောင့်တပ်မှ တပ်မှူးဗိုလ်ချုပ် ဟူစိန်ဆယ်လာမီက အီရန်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်နေသည့် ကျူးကျော်သူများရန်မှ မကင်းသရွေ့ဆက်လက်တိုက်ခိုက်နေဦးမည်ဟု ပြောကြားခဲ့သည်။ ဆော်ဒီရေနံစက်ရုံများ တိုက်ခိုက်ခံရမှုတွင် အီရန်နိုင်ငံပါဝင်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စွပ်စွဲပြောဆိုထားပြီး အီရန်နိုင်ငံကို ဖိနှိပ်မှုများ ပြုလုပ်ထားသည့်အချိန်တွင် အီရန်သည် ၎င်း၏ ကာကွယ်ရေးစွမ်းအင်ကို ပြသလိုသည်။

**အင်န်အိတ်ချ်ကေ**



အီရန်တော်လှန်ရေးအစောင့်တပ်က သိမ်းဆည်းရမိထားသည့် နိုင်ငံခြားဖြစ် ဒရုန်းများ ပြသထားစဉ်။

# စစ်ပွဲအဆုံးသတ်စေမယ့် ဟူသီသူပုန်အဖွဲ့ရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်

**ကလျာမိုးမြင့်**

**ဆော်ဒီရေနံချက်စက်ရုံ တိုက်ခိုက်ခံရမှုကြောင့် ရေနံဈေးကွက်ကို အကြီးမားဆုံးလှုပ်ခတ်မှုဖြစ်စေခဲ့ပြီး နိုင်ငံတကာရဲ့လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာခဲ့ပြီး မှာမကြာမီမှာပဲ အီရန်ကျောထောက်နောက်ခံပေးထားတဲ့ ဟူသီသူပုန်တွေက ငြိမ်းချမ်းရေးကိုလိုလားတဲ့ ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ ဆော်ဒီအာရေဗျမှာ လုပ်ဆောင်နေတဲ့ တိုက်ခိုက်မှုတွေအားလုံးကို ရပ်ပစ်လိုက်ဖို့ ထူးထူးခြားခြား ကမ်းလှမ်းလာခဲ့ပါတယ်။**



ဟူသီသူပုန်အဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

### စစ်ပွဲအဆုံးသတ်စေမယ့်အရာ

အဲဒီကမ်းလှမ်းမှုကို ကုလသမဂ္ဂက ဝမ်းပန်းတသာကြိုဆိုလိုက်ပြီး ဒါဟာ စစ်ပွဲအဆုံးသတ်စေလိုတဲ့ဆန္ဒကို ဖော်ပြလိုက်တဲ့ ကမ်းလှမ်းချက်တစ်ခုပဲဖြစ်တယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြခဲ့ပါတယ်။ ဆော်ဒီအာရေဗျရှိ ရေနံချက်စက်ရုံနှစ်ခုကို ဒရုန်းယာဉ်တွေ၊ ခရုစ်ဒုံးကျည်တွေနဲ့ တိုက်ခိုက်ခံခဲ့ရပြီး တစ်ပတ်အကြာမှာ ဒီကမ်းလှမ်းမှု ထွက်ပေါ်လာခဲ့တာပါ။

တိုက်ခိုက်မှုကို ဟူသီသူပုန်အဖွဲ့က ၎င်းတို့လုပ်ဆောင်ခဲ့တယ်လို့ အတိအလင်း ဆိုခဲ့ပေမယ့်လည်း အမေရိကန်နဲ့ ဆော်ဒီတို့က ဒီကိစ္စကို အီရန်လုပ်တယ်လို့ပဲ ယုံကြည်ထားကြပါတယ်။ အီရန်ကတော့ ယခင်လုပ်ခဲ့တဲ့ တိုက်ခိုက်မှုတွေမှာရော၊ ယခု တိုက်ခိုက်မှုမှာရော ထုံးစံအတိုင်း ငြင်းဆန်မြဲ ငြင်းဆန်ခဲ့တာချည်းပါပဲ။

### ကပ်ဘေးကျရောက်နေတဲ့ယီမင်

ယီမင်နိုင်ငံရဲ့ ပြည်တွင်းစစ်ဟာ ပြည်သူတွေကို သန်းနဲ့ချီပြီး အငတ်ဘေး ဆိုက်ရောက်စေခဲ့သလို အသက်ဆုံးရှုံးခဲ့မှုတွေလည်း များပြားလှပြီဖြစ်ပါတယ်။ လူသားတွေကြောင့်ဖြစ်ရတဲ့ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ်ကျရောက်မှုတစ်ခုဟာ ယီမင်နိုင်ငံမှာ ဖြစ်ပွားနေခဲ့ပါတယ်။

ယီမင်သမ္မတ အဗ္ဗဒူလ်ရာဘူလ် မန်ဆောဟာဒီကို မြို့တော်ဆာနားကနေ မောင်းထုတ်လိုက်တဲ့ ဟူသီသူပုန်အဖွဲ့ကို ၂၀၁၅ ခုနှစ်မှာ ဆော်ဒီနဲ့ ၎င်းရဲ့ဒေသတွင်း မဟာမိတ်တွေက လေကြောင်းကနေ ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့တဲ့ အချိန်ကစပြီး ယီမင်ပဋိပက္ခဟာ အရှိန်အဟုန်ပြင်းထန်လာခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဟူသီသူပုန်အဖွဲ့ဟာ ပင်လယ်ကွေ့နိုင်ငံတစ်ခုဖြစ်တဲ့ ယီမင်ကို ဒရုန်းတွေ၊ ဒုံးကျည်တွေနဲ့ တိုက်ခိုက်မှုပေါင်းမြောက်မြားစွာကို မဆုံးနိုင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

### ဘာတွေကမ်းလှမ်းလာခဲ့သလဲ

ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ပြသခဲ့တဲ့ ကြေညာချက်ထဲမှာ ဟူသီသူပုန်အဖွဲ့ရဲ့ အမြင့်ဆုံးနိုင်ငံရေးကောင်စီ ဥက္ကဋ္ဌ မာဒီအယ်လ်မာရှက်က ၎င်းတို့ဟာ ဆော်ဒီအာရေဗျနဲ့ ၎င်းတို့ရဲ့ မဟာမိတ်တွေက လုပ်ဆောင်ခဲ့တာလိုမျိုး အလားတူတိုက်ခိုက်မှုတွေကို ရပ်တန့်လိုက်တော့မှာဖြစ်တဲ့အကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။ “ကျွန်ုပ်တို့ရဲ့ ကြိုးစားလုပ်ဆောင်ခဲ့သမျှတွေမှာ ဘာသက်ရောက်မှုမှ ရှိမလာတဲ့အတွက် တုံ့ပြန်တဲ့အနေနဲ့ ဒီလိုကမ်းလှမ်းရတာဖြစ်ပြီး ယီမင်မှာရှိကြတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးကို အလုံးစုံပါဝင်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆီ ရှေးရှုကြဖို့ တိုက်တွန်းလိုတယ်” လို့ ၎င်းကပြောကြားခဲ့ပါတယ်။

စက်တင်ဘာ ၂၁ ရက်က ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မာတင် ဂရစ်ဖစ်က တိုက်ခိုက်မှုတွေကို ရပ်စဲပြီး နိုင်ငံရေးအရအဖြေရှာဖို့အတွက် ကမ်းလှမ်းလာမှုအပေါ်မှာ ကြိုဆိုခဲ့ပါတယ်။ ဒီအခွင့်အရေးကို အသာစီးယူပြီး ပဋိပက္ခတွေ၊ စစ်ရေးတင်းမာမှုအခြေအနေတွေနဲ့ မလိုလားအပ်တဲ့ ရန်စတွေကို လျှော့ချသွားဖို့အတွက် လိုအပ်တဲ့ ခြေလှမ်းအဆင့်မှန်သမျှကို ဆက်လက်လုပ်ဆောင်သွားဖို့ အင်မတန်မှ အရေးကြီးကြောင်းကို ကုလသမဂ္ဂအထူးသံတမန်က အလေးအနက် ပြောကြားခဲ့ပါတယ်။

### ဆော်ဒီရေနံချက်စက်ရုံတိုက်ခိုက်မှု

ကမ္ဘာ့ရေနံဈေးကွက်ကို ကိုင်လှုပ်ခဲ့တဲ့ စက်တင်ဘာ ၁၄ ရက် ဆော်ဒီရေနံစက်ရုံနှစ်ခု တိုက်ခိုက်မှုကို ဟူသီသူပုန်တွေက ၎င်းတို့လုပ်ဆောင်ခဲ့တယ်လို့ ဝန်ခံခဲ့ပါတယ်။ ဒါပေမယ့် ဆော်ဒီကရော အမေရိကန်ကပါ အီရန်လက်ချက်ဆိုတာ သေချာတယ်လို့ စွပ်စွဲထားတုန်းပါပဲ။ ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒယ်လ်အယ်လ်ဂျူဘီယာက တိုက်ခိုက်မှုမှာ သုံးခဲ့တဲ့လက်နက်တွေဟာ အီရန်ရဲ့ လက်နက်တွေဖြစ်တယ်လို့ ဆိုထားပြီး စုံစမ်းတွေ့ရှိရသမျှ အချက်အလက်တွေကို အပြည့်အဝထုတ်ပြန်နိုင်ဖို့ အပူတပြင်း ကြိုးပမ်းနေပါတယ်။

### ကိုယ့်လုပ်ရပ် ကိုယ်တာဝန်ယူဖို့လို

ရီယာ့ဒ်မှာသတင်းထောက်တွေနဲ့ တွေ့ဆုံခဲ့စဉ်အတွင်း မစ္စတာဂျူဘီယာက ၎င်းရဲ့အစိုးရဟာ မဟာမိတ်တွေနဲ့ ညှိနှိုင်းတိုင်ပင်နေပြီး စုံစမ်းစစ်ဆေးမှုတွေ ပြည့်စုံလုံလောက်ပြီဆိုတဲ့အချိန်ကျရင် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေကို လုပ်ဆောင်မယ်လို့ ဖြေကြားထားပါတယ်။ တွေ့ရှိရတဲ့ သက်သေအထောက်အထားတွေအရ တိုက်ခိုက်မှုဟာ အီရန်တောင်ပိုင်းဆီကနေ လာခဲ့တာလို့ အကြီးတန်း အာဏာပိုင်တချို့က အမေရိကန်သတင်းမီဒီယာကို ဖြေထားတာတွေလည်း ရှိပါတယ်။

ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်နေတဲ့ အခုလို လုပ်ရပ်မျိုးကို ဆန့်ကျင်တဲ့အနေနဲ့ ပြင်းပြင်းထန်ထန်ရပ်တည်ဖို့၊ ဒီတိုက်ခိုက်မှုရဲ့နောက်ကွယ်မှာ ရှိနေသူတွေအနေနဲ့ ကိုယ့်လုပ်ရပ်ကို ကိုယ်တာဝန်ယူစေဖို့အတွက် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ နိုင်ငံတကာ အဖွဲ့အစည်းကို ဆော်ဒီက တိုက်တွန်းဆော်ဩထားပါတယ်။

### တိုက်ခိုက်ဖို့အသင့်

ဒီကိစ္စဖြစ်ပြီးနောက်မှာ အာဏာပိုင်တွေက ဆော်ဒီအာရေဗျရဲ့ ဒုံးကျည်တွေနဲ့ လေကြောင်းကာကွယ်ရေး အဆင့်မြှင့်တင်မှုတွေမှာ အထောက်အကူဖြစ်စေဖို့အတွက် အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆော်ဒီမှာ အတန်အသင့်ချထားမယ်ဆိုတဲ့အကြောင်း စက်တင်ဘာ ၂၀ ရက်မှာ ကြေညာလိုက်ပါတယ်။ ဒီအခါမှာ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့အကြီးအကဲ မက်ဂျာဂန်ဟူစိန်ဆလာမီက အီရန်အနေနဲ့ မိမိတို့ကို ကျူးကျော်ရန်စလာနိုင်တဲ့ စစ်မက်တိုက်ခိုက်မှုမှန်သမျှကို တုံ့ပြန်ဖို့ အသင့်အနေအထားမှာရှိနေတာ သေချာတယ်ဆိုတဲ့အကြောင်း တုံ့ပြန်သတိပေးခဲ့တာကို တွေ့ရပါတယ်။

### အမေရိကန်ကို သတိပေး

အမေရိကန်ဟာ အတိတ်မှာ ကြုံခဲ့တဲ့ ၎င်းရဲ့အရှုံးတွေကနေ သင်ခန်းစာယူသင့်တယ်။ ပြီးတော့ အီရန်ကို ဘယ်လိုတိုက်ခိုက်မှုမျိုး လုပ်ဆောင်လာသည်ဖြစ်စေ အဲဒီတိုက်ခိုက်မှုထက် ပြင်းထန်တဲ့တုံ့ပြန်မှုမျိုးကိုပဲ ပြန်ရလိမ့်မယ်ဆိုတာ သိသင့်တယ်လို့ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရဲ့ လေကြောင်းအဖွဲ့ခွဲအကြီးအကဲ အမီရာလီ ဟာဂျီဇာဒက်ကလည်း သတိပေးထားပါတယ်။

အိုင်အာဂျီစီလို့ ခေါ်ဝေါ်ကြတဲ့ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဟာ အီရန်တပ်မတော်ရဲ့ အကောင်းဆုံးလက်ရွေးစင်တပ်ဖွဲ့ခွဲတစ်ခုလို့ ဆိုရမှာဖြစ်ပြီး ဒီအဖွဲ့ကိုတော့ အမေရိကန်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုလို့ သတ်မှတ်ထားပါတယ်။ ဆော်ဒီအာရေဗျရဲ့ ဒေသတွင်းရန်သူဖြစ်တဲ့ အီရန်ဟာ အမေရိကန်ကို ဆန့်ကျင်တဲ့နိုင်ငံဖြစ်ပြီး အဲဒီနှစ်နိုင်ငံအကြား တင်းမာမှုဟာ အခုနှစ်အတွင်း အဆိုးဆုံးအနေအထားမှာရှိနေပါတယ်။

### ကာကွယ်ရေးရည်ရွယ်ချက်

အမေရိကန်ဟာ ဆော်ဒီရဲ့တောင်းဆိုမှုကို တုံ့ပြန်တဲ့အနေနဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ချထားဖို့ကိစ္စကို သမ္မတ ထရမ့်က အတည်ပြုလိုက်ပြီဖြစ်ကြောင်းနဲ့ ဒါဟာ ကာကွယ်ရေးဆိုင်ရာ ရည်ရွယ်ကြောင်း၊ အထူးသဖြင့် လေကြောင်းနဲ့ ဒုံးကျည်ကာကွယ်ရေးဆိုင်ရာအတွက် အဓိကထားတဲ့ အစီအစဉ်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက ဖြေကြားထားပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ အကြီးအကဲ ဂျိုးဆက်ဒန်ဖို့က အခုတပ်ဖွဲ့ဝင်ချထားမှုဟာ အလယ်အလတ်အဆင့်ချထားမှုဖြစ်ပြီး တပ်ဖွဲ့ဝင်ထောင်ချီတဲ့ အရေအတွက်အထိ ရောက်ရှိလာမယ်လို့ မမျှော်လင့်ဘူးလို့ ဆိုထားပါတယ်။

အမေရိကန်ဘဏ္ဍာရေးဌာနကလည်း အီရန်ဗဟိုဘဏ်အပေါ် ပိတ်ဆို့မှုတွေကို တစ်ဖန်ပြန်ပြီးတော့ ချမှတ်လာပါတယ်။ အီရန်အပေါ်အမေရိကန်က ချမှတ်လာတဲ့ အရေးယူပိတ်ဆို့မှုတွေဟာ ဒီနှစ်အတွင်းမှာ အဆိုးဆုံးပါပဲ။ ။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

# နိုင်ငံတကာသတင်းတိုထွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်အနီးရှိ ပင်လယ်ပြင်၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း သိရသည်။ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၅၃ မိနစ်တွင် မာလူကူပြည်နယ် တာနင်ဘာကျွန်းစု အနောက်မြောက်ဘက် ၁၆၅ ကီလိုမီတာအကွာ ပင်လယ်ပြင်ကို ဗဟိုပြုလှုပ်ခဲ့ပြီး အနက်အားဖြင့် ၁၁ ကီလိုမီတာရှိကြောင်း အင်ဒိုနီးရှား မိုးလေဝသ အေဂျင်စီက ဖော်ပြသည်။

ငလျင်ကြောင့် တာနင်ဘာကျွန်းစုခရိုင် ဆမ်လာကီနှင့် အခြားကျွန်းနေရာအချို့တို့၌လည်း တုန်ခါမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီးနောက် လတ်တလောတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးပေ။ အင်ဒိုနီးရှားနိုင်ငံ၌ နှစ်စဉ် ငလျင်လှုပ်မှုအများအပြားဖြစ်ပွားလေ့ရှိပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလက ဗဟိုဆူလာဝေစီ ပြည်နယ် ဒုံဂါလာဒေသတွင် အင်အား ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် ဆူနာမီဖြစ်ပေါ်ခဲ့ပြီး လူ ၂၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

**ဆင်ဟွာ**

## စစ်အတွင်း လုပ်သားစေခိုင်းခံရမှုကိစ္စနှင့်ပတ်သက်၍ ဂျပန်နှင့်တောင်ကိုရီးယား ဆက်လက်သဘောထားကွဲလွဲနေ

**တိုကျို စက်တင်ဘာ ၂၂**

ဒုတိယကမ္ဘာစစ်အတွင်းက လုပ်သားစေခိုင်းမှုအရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တိုကျို၌ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးမှုများ သုံးနာရီကြာအောင် လုပ်ဆောင်ခဲ့သော်လည်း နှစ်ဖက်သဘောထားကွဲလွဲမှုများကို ပြေလည်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပေ။ ဒုတိယကမ္ဘာစစ်အတွင်းက လုပ်သားအဖြစ် အတင်းစေခိုင်းခြင်းခံခဲ့ရသည့် ကိုရီးယားနိုင်ငံသားများကို ဂျပန်ကုမ္ပဏီများက လျော်ကြေးပေးအပ်ရန် တောင်ကိုရီးယားတရားရုံးချုပ်မှ ပြီးခဲ့သည့်နှစ်က စီရင်ဆုံးဖြတ်ခဲ့သည်။

နိုင်ငံတကာ ဥပဒေကို ချိုးဖောက်သည်ဟု ဂျပန်ကဆိုထားသည့် ယင်းကိစ္စကို ပြန်လည်ပြင်ဆင်ရန် ဂျပန်နိုင်ငံ၏ အာရှနှင့် သမုဒ္ဒရာဒေသဗျူရိုအကြီးအကဲ ရှီဂဲကိ တာကီဇက်က တောင်ကိုရီးယားကို တိုက်တွန်းခဲ့သည်။ ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့သည့် ၁၉၆၅ ခုနှစ်တွင် ယင်းကိစ္စများ အပြီးသတ်သွားခဲ့ပြီဖြစ်ကြောင်း ဂျပန်အစိုးရက ဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

# တနင်္သာရီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

တနင်္သာရီ စက်တင်ဘာ ၂၂

**တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြိတ်ခရိုင်ဦးစီးဌာနမှူး ဦးတင်ဇော်မြင့်၊ မြိတ်ခရိုင် NRC ရုံးတာဝန်ခံ ဦးဇော်နိုင်ထွေးတို့နှင့် အတူ ယမန်နေ့က တနင်္သာရီမြို့နယ် တနင်္သာရီခန်းမအတွင်းကျင်းပသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာများသို့(အခမဲ့)ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာမှာ ယူဆောင်လာရမည့် စာရွက်စာတမ်း အထောက်အထားများနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင် NRC ရုံး တာဝန်ခံက ခရိုင်အတွင်း လဝကဦးစီးဌာနနှင့် ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ(အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးက သာရဘွင်ကျေးရွာအုပ်စုအတွင်း ဩဂုတ်လ တတိယပတ်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၃ ကတ်နှင့် အိမ်ထောင်စု၊ လူဦးရေစာရင်း ၃၁၁ စောင်ကို အုပ်ချုပ်ရေးမှူး ဦးတင်ကြည်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်လဝက ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်နှင့် မြို့နယ်လဝက ဦးစီးမှူး ဦးဝင်းမော်တို့က သိန္ဓောကျေးရွာ၊ ညောင်ပင်ကွင်းကျေးရွာ၊ လယ်သစ်ကျေးရွာနှင့် သာရဖုံကျေးရွာ အုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ်များနှင့် လူဦးရေ၊ အိမ်ထောင်စုစာရင်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။



**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ဦးကျော်မင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လွှဲပြောင်းပေးအပ်စဉ်။**

**နန်းသာရီ-ထိန်ဝင်း**

# မြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများအတွက် အပေါ့စားမီးသတ်ရေစုပ်စက်များ ပေးအပ်

**သုံးခွ စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် ချထားပေးသော မြို့နယ် မီးသတ်စခန်းရှိ အပေါ့စားမီးငြှိမ်းသတ်စက် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်စခန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် မီးသတ်ဦးစီးဌာန မြို့နယ် မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်က မီးဘေးအန္တရာယ် လျော့နည်းစေရေးနှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အပေါ့စားမီးသတ်ရေစုပ်စက် ၁၀ လုံးကို ကျေးရွာ ရှစ်ရွာ အရန်မီးသတ်တပ်ဖွဲ့ရှိသည့် ရပ်ကွက်တစ်ခုနှင့် ကျေးရွာ တစ်ရွာတို့ကို ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူပြီးနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်ဌေးဌေးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ အပေါ့စားမီးသတ်စက်အသုံးပြုပုံများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး သပိတ်ကျင်းမြို့မရဲစခန်းရှိ အချုပ်ခန်းနှင့် မြို့နယ်တရားရုံးအား စစ်ဆေး

**သပိတ်ကျင်း စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းသည် ပြင်ဦးလွင်ခရိုင် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးကျော်စိုးဝင်းနှင့် သပိတ်ကျင်းမြို့နယ်တရားသူကြီး ဦးဇော်ဝင်းနိုင်တို့နှင့်အတူ သပိတ်ကျင်း မြို့မရဲစခန်းအချုပ်ခန်းအား ယမန်နေ့က စစ်ဆေးသည်။

တရားလွှတ်တော်တရားသူကြီးသည် အချုပ်တရားခံများ၏ နေထိုင်စားသောက်မှုနှင့်ပတ်သက်၍ အဆင်ပြေမှုရှိ မရှိ ကျန်းမာရေးအခြေအနေကောင်းမွန်မှု ရှိ မရှိ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ မရှိ၊ သောက်ရေ၊ သုံးရေလုံလောက်စွာရရှိမှု အခြေအနေ၊ ညှဉ်းပန်းနှိပ်စက်ခံမှုရှိ မရှိ၊ နေမကောင်းပါက ကျန်းမာရေးစောင့်ရှောက်ပေးမှု ရှိ မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိမှု ရှိ မရှိတို့ကို စစ်ဆေးမေးမြန်းခဲ့ရာ လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်တင်းပေးရန် မှာကြားခဲ့ပြီး မြို့နယ်တရားရုံးကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။



**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်း အချုပ်ခန်းများကို စစ်ဆေးစဉ်။**

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ရွှေကြက်ယက်-ရွှေကြက်ကျဘုရားအနီး ဧရာဝတီမြစ်ရေပြင်တွင် လှေဦးတိုက်ပွဲနှင့် ရေစာ-ဝဲစာကျွေးပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်-ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား ခြေတော်ရင်းဧရာဝတီမြစ်ရေပြင်တွင် ရှေးယခင်မင်းများလက်ထက်ကတည်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော လှေဦးတိုက်ပွဲနှင့် ရေစာ - ဝဲစာကျွေးပွဲကို စက်တင်ဘာ ၂၀ ရက်နှင့် စက်တင်ဘာ ၂၁ ရက်တို့တွင် စည်ကား သိုက်မြိုက်စွာကျင်းပခဲ့ရာ ရွှေဒင်ကျေးရွာအသင်း ဗိုလ်စွဲသွားကြောင်း သိရသည်။

ရွှေကြက်ယက်တိုက်နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ငှက်လှေအသင်း ၁၄ သင်းတို့က ရွှေကြက်ယက်-ရွှေကြက်ကျဘုရားကို ဦးတိုက်၍ ရေစာကျွေးခြင်း ဆောင်ရွက်ကြပြီးနောက် ပြိုင်ပွဲဝင် ၁၄ သင်းတို့က ယှဉ်ပြိုင်ရမည့်အသင်း၊ လှော်ခတ်ရမည့် ငှက်လှေများနှင့် ရေလမ်းကြောင်းတို့ကို မဲနှိုက်ရွေးချယ်၍ ပွဲဦးထွက်ပြိုင်ပွဲယှဉ်ပြိုင်ကြရာ ကွက်သစ်အသင်းက သပြေတန်းအသင်းကို နှစ်လားပြတ်ဖြင့် လည်းကောင်း၊ ရွှေလောင်းက စိန်တုန်းကို နှစ်လားတစ်လားဖြင့် လည်းကောင်း၊ ရွာသစ်က ပတ္တမြားကို နှစ်လားပြတ်ဖြင့် လည်းကောင်း၊ သက္ကယ်တော်က ခဝါတော်ကို နှစ်လားတစ်လားဖြင့် လည်းကောင်း၊ မိုးကောင်းက ရွှေဟင်္သာကို နှစ်လားတစ်လားဖြင့် လည်းကောင်း၊ ရွှေလေးက အောင်ချမ်းသာကို နှစ်လားပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်အပြီးတွင် ရွှေဒင်အသင်းက မိုးကောင်းကျေးရွာအသင်းကို နှစ်လား- တစ်လားဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ဆုငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုရ မိုးကောင်းအသင်းအားဆုငွေကျပ် လေးသိန်း၊ တတိယဆုရ ရွှေလောင်းအသင်းနှင့် ရွှေလေးတို့ကို ဆုငွေကျပ် ၁၆၀၀၀၀ စီတို့ကို ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် နှစ်စဉ်ဒေသခံများ၊ ဝါသနာရှင်ကုသိုလ်ရှင်၊ ကုမ္ပဏီများကလည်း ပါဝင်ဆုချီးမြှင့်ကြသည်။

မြန်မာနိုင်ငံတွင် ငှက်လှေပြိုင်ပွဲတွင် မန္တလေးအမရပူရမြို့နယ် ရွှေကြက်ယက်၌သာရှိပြီး ရှေးဘုရင်မင်းများ လက်ထက်မှ ယနေ့တိုင် အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ရွှေကြက်ယက်-ရွှေကြက်ကျဘုရားအနီး ရေပြင်၌ လှေဦးတိုက်ပွဲကျင်းပစဉ်။

# ဥပဒေအထောက်အကူပြုပေးရေးအဖွဲ့ လုပ်ငန်းစဉ်များ ရှင်းလင်းပွဲပြုလုပ်

**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးမည့်အစီအမံများနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ တာဝန်ခံ ဦးရဲဝင်းက ဥပဒေရေးရာကိစ္စများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် အမှုကိစ္စအဝဝကို ဥပဒေနှင့်အညီ အစိုးရ၏ အထောက်အပံ့ဖြင့် သေဒဏ်ထိုက်သော ပြစ်မှုများမှ လွဲ၍ ဦးတိုက်မှုအပါအဝင် တရားလို၊ တရားခံများဘက်မှ မှန်ကန်သော တရားစီရင်ရေး ဖြစ်ပေါ်လာအောင်အခမဲ့ ကူညီဆောင်ရွက်ပေးမည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်က ဥပဒေဆိုင်ရာအထောက်အကူပြုခြင်းနှင့် ဥပဒေဆိုင်ရာတောင်းပိုင်ခွင့်ရှိသူများ၊ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် စသည့်ကိစ္စရပ်များ၊ မကြာမီမြို့နယ်အဆင့်များတွင် ဖွဲ့စည်းဆောင်ရွက်မည့်ဥပဒေအထောက်အကူပြုအဖွဲ့များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာအုပ်စု ခွေးတောက်ပင်ကျေးရွာတွင် ဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေအေးက ၎င်းတို့အဖွဲ့၏ လုပ်ငန်းရည်ရွယ်ချက်များနှင့် ဆောင်ရွက်ပေးသွားမည့် တရားရုံးဆိုင်ရာများ၊ ဥပဒေအကြံပေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဥပဒေဆိုင်ရာအထောက်အကူပေး ရေးအဖွဲ့ဝင် ဦးငွေထွန်း (ခရိုင်တရားသူကြီး-ငြိမ်း)က အထောက်အကူပေးရေးလုပ်ငန်း များဆိုင်ရာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဟောပြောပြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးသက်ထွန်းအောင်က ပထမသတင်းပေးတိုင်ကြားချက် (F.I.R) အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသည့် ဒေသခံရပ်မိရပ်ဖများ၏ မေးမြန်းချက်များအပေါ် အဖွဲ့တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ကျောက်ပန်းတောင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ချို့တဲ့နွမ်းပါးသည့် ပြည်သူများ တရားဥပဒေအရ အမှုအခင်းရင်ဆိုင်ရပါက ဥပဒေပိုင်းဆိုင်ရာလိုအပ်သည့် အကူအညီများကို မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အခြားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အခမဲ့လိုက်ပါဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေဆိုင်ရာထောက်အကူပြုအဖွဲ့ကို အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

**ပုသိမ်**

ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည်ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများဆောင်ရွက်နိုင်ရန်၊ အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ စက်တင်ဘာ ၂၁ ရက်က တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ခရိုင်/မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ တွေ့ဆုံပွဲနှင့် လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဦးခင်ဇော် (အတွင်းရေးမှူး)၊ ဦးကျော်ဌေး (အဖွဲ့ဝင်) တို့နှင့် တိုင်းဒေသကြီးလွှတ်တော် တရားသူကြီး ဦးကျော်မင်းတို့က အမှာစကားများ ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့**
**စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့**

# ယင်းမာပင်ခရိုင်အတွင်းရှိ ရေလျှံဇုန်တွင် မြေအောက်ရေမျှခြေတိုင်းတာခြင်းများ ဆောင်ရွက်

**ယင်းမာပင် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်း ရေလျှံဇုန်တွင် မြေအောက်ရေကို ရေရှည်အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် မြေအောက်ရေမျှခြေ တိုင်းတာခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဦးစီးမှူး ဦးမောင်မောင်သန်းက ပြောသည်။

ရေလျှံဇုန်ရှိ မြေအောက်ရေမျှခြေကို သိရှိနိုင်ရန် ယင်းမာပင်ခရိုင် ရေလျှံဇုန်အတွင်းရှိ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့က ရေလျှံတွင်းများမှ ရေထွက်နှုန်းများ၊ မြောက်ယမားချောင်း ရေစီးနှုန်းများကို လေ့လာတိုင်းတာဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ရေလျှံဇုန်အတွင်းမှာရှိတဲ့ ရေလျှံတွင်းတွေနဲ့ မြောက်ယမားချောင်းရေစီးနှုန်းတွေကို တိုင်းတာလေ့လာရတာဟာ ဒီရေလျှံဇုန်ကို နိုင်ငံတကာရေပညာရှင်တွေနဲ့ ရေလျှံဇုန်ရဲ့ မြေအောက်ရေမျှခြေကို ပူးပေါင်းပြီး တွက်ချက်မှုတွေဆောင်ရွက်ရာမှာ အခြေခံအချက်အလက်တွေ ရရှိနိုင်ဖို့အတွက် မိမိတို့ဌာနမှ မြေအောက်ရေမျှခြေကို တိုင်းတာဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုတိုင်းတာဆောင်ရွက်တာကို ရေလျှံဇုန်အတွင်းရှိ ရေလျှံတွင်းတွေကို ရေထွက်နှုန်းတွေ တိုင်းတာဆောင်ရွက်ရာမှာ တိုင်းတာမယ့် နေရာတွေသတ်မှတ်ပြီး နွေ၊ မိုး၊ ဆောင်း ရာသီတွေအတွက် ရေထွက်နှုန်းတိုင်းတာမှုတွေကိုတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစလို့ တိုင်းတာခဲ့ပါတယ်။ အခု မြောက်ယမားချောင်းရေစီးနှုန်း လေ့လာတိုင်းတာမှုတွေကို ၂၀၁၉ ခုနှစ် ဩဂုတ်လမှစလို့ တစ်လကိုတစ်ခါ လရဲ့နောက်ဆုံးပတ်မှာ တိုင်းတာမှုတွေ ဆောင်ရွက်ပြီး ရရှိတဲ့အချက်အလက်တွေကို စနစ်တကျမှတ်တမ်းရေးသွင်းမှုတွေ ဆောင်ရွက်နေပါတယ်" ဟု ခရိုင်ဦးစီးမှူးက ဆက်ပြောသည်။



မြောက်ယမားချောင်းအတွင်း ရေစီးနှုန်းတိုင်းတာနေစဉ်။

အဆိုပါ ရေလျှံဇုန်တွင် ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့တွင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများနှင့် လယ်မြေများတွင် ရေလျှံတွင်းပေါင်း ၂၄၁၄ တွင်း အသုံးပြုလျက်ရှိပြီး ရေလျှံဇုန်မှာ တောင်မြောက် ၃၂ မိုင်ခန့်၊ အရှေ့အနောက် ၂၄ မိုင်ခန့်အထိ ကျယ်ဝန်းသည့် သဘာဝရေအရင်းအမြစ်အဖြစ် တည်ရှိနေသော ရေလျှံဇုန်ဖြစ်ကြောင်း သိရသည်။ **သန်းငွေအောင် (ကနီ)**



## ရန်ကုန်မှ ပန်းချီဆရာများ၏ ပန်းချီပြပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၂**

ရန်ကုန်ပန်းချီဆရာများ၏ Together (Yangon) 1st Art Exhibition ပန်းချီပြပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပန်းချီပြပွဲတွင် ရန်ကုန်ပန်းချီဆရာများ၏ ပန်းချီကား ၇၀ ကျော်ပြသမည်ဖြစ်ပြီး ဆီဆေး၊ ရေဆေး၊ အခရိုက်လစ်ပန်းချီကားအမျိုးအစားများ ပြသမည်ဖြစ်သည်။ ပန်းချီပြပွဲတွင် ပြသမည့်ဆရာများမှာ ဆရာမြင့်ဆွေလှိုင်၊ ဆရာရှား၊ Triangle ထွန်းနိုင်၊ ဆရာထွန်းအောင်၊ ဆရာမင်းကျော်၊ ဆရာသောင်းထွန်း၊ ဆရာမြင့်ဆွေ၊ ဆရာစိုးလင်းကြည်တို့ ပါဝင်ပြသမည်ဟု သိရသည်။

အဆိုပါပန်းချီပြပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ မန္တလေးတောင်ပန်းချီပြခန်းတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေး

**ညောင်ဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါ်ကြူကြူဝင်း၏ ဦးဆောင်မှုဖြင့် ဒုတိယဆေးရုံအုပ်ကြီး ဒေါ်အေးအေးမူ ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ယမန်နေ့က ညောင်ဦးမြို့နယ် ညောင်ကြီးကျေးရွာသို့ သွားရောက်ပြီး ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။

အဆိုပါဆေးရုံသည် မြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ ရာသီအလိုက် ဖြစ်ပွားတတ်သည့် ရောဂါများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ဒူးနာခါးနာ၊ လေးဖက်နာ အစရှိသည့်ရောဂါများ မဖြစ်စေရေး ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ အာဟာရဖြစ်စေမည့် အစားအစာများအကြောင်း အသိပညာပေးဆွေးနွေးဟောပြောပြီး ကျေးရွာရှိ နာမကျန်းလူနာ ၆၄ ဦးအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသ ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မိုးနဲမြို့၌ မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့စမ်းသပ်ကုသပေးမည်

**မိုးနဲ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်တွင် ချယ်ရီမေတ္တာဖောင်ဒေးရှင်း၏ (၃၀) ကြိမ်မြောက် စက္ခုဒါနလှူဒါန်းပွဲကို အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ မိုးနဲမြို့ပြည်သူ့ဆေးရုံနှင့် ပေါ့မိုင်းရပ်ကွက်ရှိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းတိုက်တို့တွင် ရန်ကုန်မြို့မှ မျက်စိပါရဂူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင်လာရောက်၍ မျက်စိဝေဒနာရှင်ပြည်သူများအား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည်အထိ စမ်းသပ်ခြ၊ ခွဲစိတ်ခြ၊ မျက်မှန်နှင့် ဆေးဝါးများ စသည်တို့ကို အခမဲ့ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လင်းခေးခရိုင်အတွင်း လင်းခေးမြို့၊ မိုင်းပန်မြို့နှင့် မောက်မယ်မြို့များရှိ မျက်စိဝေဒနာရှင်များကလည်း လာရောက်ကုသမှုခံယူနိုင်ပြီး အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ မိုးနဲမြို့ ပြည်သူ့ဆေးရုံတွင်လည်းကောင်း စမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ရာ မျက်စိဝေဒနာရှင်များသည် ကြိုတင်စာရင်းပေးသွင်းလိုပါက ဦးစိုးထွဋ် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဖုန်း- ၀၉- ၄၄၀၀၀၄၉၃၉၊ ဦးစိုင်းအောင်ဖေ ဖုန်း- ၀၉- ၂၆၀၈၉၀၁၁၈၊ ဦးစိုင်းထွန်းလု ဖုန်း- ၀၉- ၂၅၀၅၅၆၁၆၆၊ ဦးစိုင်းကြီးကို ဖုန်း- ၀၉- ၂၅၀၂ ၅၅၉၂၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ ( မိုးနဲ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ | ကျပ် | ၉၆၀/၉၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၆၅ | ကျပ် | ၉၇၅/၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၇၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၄၅ | ကျပ် | ၉၉၅/၁၀၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၄ ・ ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၅ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၂ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၁ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၂ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ ・ ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၅၈၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ ・ ၃၄၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၂၂-၉-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၂၈၈ | ၁၅၂၅၃၀၀၀ |
| MTSH | ၄၅၀၀ | ၄၅၀၀ | ၃၉၈၅ | ၁၇၇၇၂၅၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၈၁ | ၁၅၀၀၄၀၀ |
| FPB | ၂၆၀၀၀ | ၂၆၀၀၀ | ၁၁၉၄ | ၃၁၁၄၇၅၀၀ |
| TMH | ၃၁၀၀ | ၃၀၅၀ | ၆၃၁ | ၁၉၂၅၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ဖောက်ထွက်စဉ်းစားခြင်း



ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

**လူတိုင်း-မိမိရင်းနှီးတဲ့၊ မိမိစိတ်ချတဲ့ အတွေးအမြင်အယူအဆတွေကို ကျေနပ်ကြတယ်။ လက်ခံကြတယ်။ ဆုပ်ကိုင်လိုကြတယ်။ မှန်တယ်လို့ မြင်တယ်။ ဘောင်ထဲကထွက်ဖို့ ဝန်လေးကြတယ်။ အသစ်အဆန်းကို ကြောက်ရွံ့တယ်။ မယဉ်ပါးတာကို ရှောင်ချင်တယ်။ ဒါတွေက ထုံးစံလိုဖြစ်နေတာ။ နေရာတိုင်းမှာ တွေ့ရတယ်။ အတိတ်ကိုသာ စိတ်ချပြီး အနာဂတ်ကို ရင်မဆိုင်ရဲကြဘူး။ ဒီအမြင် ဒီအတွေးတွေကလည်း ပြင်ဖို့ခက်တယ်။ လူသားတွေအတွက် လုံခြုံမှုဟာ အရေးပါတဲ့ကိစ္စတစ်ခုသာ ဖြစ်တာ။ နားလည်ဖို့လိုတယ်။ ဒါပေမယ့် ဒီအတိုင်းသာလက်ခံရင် တိုးတက်မှုရှိနိုင်မှာ မဟုတ်ဘူး။ တစ်ချိန်က စကြာဝဠာကို သုံးသပ်ရာမှာ ကမ္ဘာကြီးက အလယ်ဗဟိုမှာရှိပြီး ကျန်တဲ့ ဂြိုဟ်တွေက ဝန်းရံကြတယ်လို့ မြင်ကြတယ်။ ဒီအယူအဆဟာ မှားယွင်းနေတာကို ထောက်ပြခဲ့တဲ့ သိပ္ပံပညာရှင်ကြီးကို မီးရှို့ပြီး သုတ်သင်ခဲ့တဲ့ သာဓကရှိခဲ့တယ်။ အများလက်ခံတာကို ထောက်ခံရင် အန္တရာယ်မရှိဘဲ ဖောက်ထွက်ပြီး စဉ်းစားရင် အန္တရာယ်ကြီးတယ်ဆိုတဲ့ ဥပမာတစ်ခုသာ ဖြစ်ပါတယ်။**

❒ **တစ်ချိန်က အများနဲ့ ဆိုင်တဲ့အလုပ်တွေ (public good) ကို နိုင်ငံတော်ကသာ တာဝန်ယူရမယ်လို့ အယူအဆ ရှိကြတယ်။ အခုတော့ ထိထိရောက်ရောက်လုပ်နိုင်တဲ့ကဏ္ဍက တာဝန်ယူရမှာကို လက်ခံရမယ်။ အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်ရယ်လို့ မခွဲခြားတော့ဘဲ ထိရောက်မှုကိုသာ ဦးစားပေးဖို့ လိုအပ်တယ်။**

❒ **ဖောက်ထွက်စဉ်းစားမှုဟာ အမှန်တော့ သတ္တိတစ်မျိုး။ ရဲရင့်ပြတ်သားဖို့ လိုအပ်တာ။ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးမှာ အခြေခံကျတဲ့ မေးခွန်းတွေ မေးဖို့ လိုအပ်တယ်။ သမားရိုးကျအတွေးအခေါ်တွေနဲ့ ရင်ဆိုင်ဖြေရှင်းလို့ မရနိုင်ဘူး။ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်အောင် အားမွေးရ မှာဖြစ်တယ်။ အထူးသဖြင့် အတွေးအခေါ်အယူအဆအသစ်တွေနဲ့ အစားထိုးသွားရမှာ။**

### ဖောက်ထွက်စဉ်းစားဖို့လိုနေတဲ့ နိုင်ငံစီးပွားရေး

ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးအခြေအနေကို သုံးသပ်ရင် ဖောက်ထွက်စဉ်းစားဖို့ လိုအပ်နေတာမြင်ရတယ်။ ပစ္စုပ္ပန်အခြေအနေဟာ မနေ့တစ်နေ့က ပေါ်လာတဲ့ကိစ္စမဟုတ်ဘဲ နှစ်ပေါင်းများစွာက ကြုံကြိုက်ခဲ့ရတဲ့ အကြောင်းတွေကြောင့်သာဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ဆိုတဲ့ အသုံးအနှုန်းကို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ သုံးစွဲလာခဲ့တာဖြစ်တယ်။ အခုအချိန်အထိလည်း သုံးနေတာတွေ့ရတယ်။ ဈေးကွက်စီးပွားရေးလို့ပြောရင် ပုဂ္ဂလိက ကဏ္ဍနဲ့နိုင်ငံတော်ကဏ္ဍတို့ရဲ့အချိုးအစားကို သုံးသပ်ရမှာဖြစ်တယ်။ အခြေခံကတော့ ဈေးကွက်အပေါ် ယုံကြည်စိတ်ချမှုဖြစ်တယ်။ အားကိုးမှုဖြစ်တယ်။ ဈေးကွက်လို့ ပြောတဲ့နေရာမှာလည်း အခြေခံကတော့ ရောင်းသူ၊ ဝယ်သူတို့ရဲ့ အားပြိုင်မှုသာဖြစ်တယ်။ ဒါကြောင့်လည်း “ မမြင်နိုင်တဲ့ လက်များ” လို့ ခေါ်ဝေါ်သတ်မှတ်ခဲ့တယ်။ ဈေးကွက်ယန္တရားကို အားကိုးရမှာ။ ဈေးကွက်စီးပွားရေးစနစ်ရှင်သန်အောင်မြင်ဖို့ ပုဂ္ဂလိက ကဏ္ဍကို ကြီးထွားအောင်ကြိုးစားရမှာ ဖြစ်တယ်။ ဒီနေရာမှာ ပုဂ္ဂလိက ကဏ္ဍအပေါ် ရှုမြင်သုံးသပ်ပုံကို သတိပြုဖို့လိုအပ်ပါတယ်။

နိုင်ငံရေးဘောဂဗေဒရှုထောင့်နဲ့ ကြည့်ရမှာဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲဟာ နိုင်ငံရေးတောင်းဆိုမှုကို အခြေခံခဲ့ပေမယ့် တစ်ဖက်က ကိုလိုနီစီးပွားရေးစနစ်ကို တော်လှန်မှုလည်း ဖြစ်တယ်။ နိုင်ငံရဲ့စီးပွားရေးဟာ နိုင်ငံခြားသားတွေရဲ့လက်ထဲမှာရှိနေပြီး အနောက်နိုင်ငံ အထူးသဖြင့် အင်္ဂလိပ်ကုမ္ပဏီတွေက လက်ဝါးကြီးအုပ်ထားသလို တရုတ်နိုင်ငံသားတွေ၊ အိန္ဒိယနိုင်ငံသားတွေကလည်း စီးပွားရေးနယ်ပယ်မှာ ကြီးစိုးခဲ့တယ်။ မြန်မာတိုင်းရင်းသားအရင်းရှင်များ အနည်းစုသာရှိခဲ့တယ်။ ဒါကြောင့် နိုင်ငံရေးအာဏာသာမက စီးပွားရေးဘဝကို တိုင်းရင်းသားလက်ထဲ ပြန်ရောက်လိုတဲ့ဆန္ဒနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြတယ်။

လက်ဝဲအယူအဆကို လက်ကိုင်ထားပြီး ဆိုရှယ်လစ်အတွေးအမြင်တွေကို နှစ်သက်ကြတယ်။ နိုင်ငံရေးအာဏာသာမက စီးပွားရေးဘဝကိုပါ ချုပ်ကိုင်လိုချင်တဲ့ ဆန္ဒရှိခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ဆယ်နှစ်အတွင်း တစ်ဖက်က စီးပွားရေးကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပြုခဲ့ပေမယ့် အစိုးရအနေနဲ့ အချက်အချာကျတဲ့ နယ်ပယ်တွေမှာ စီးပွားရေးလုပ်ငန်းတွေကို ပါဝင်လှုပ်ရှားခဲ့ကြတယ်။

### ပြည်သူမပိုင်သော ပြည်သူပိုင် စီးပွားရေးများ

၁၉၆၂ ခုနှစ် နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးချိန်ကစပြီး ပုဂ္ဂလိက ကဏ္ဍကို တိုက်ခိုက်ခဲ့တယ်။ ပြည်သူပိုင်သိမ်းတဲ့အစီအစဉ်ကို စနစ်တကျအကောင်အထည်ဖော်ခဲ့တယ်။ နိုင်ငံခြားသားပိုင်တဲ့ ကုမ္ပဏီတွေကို ပြည်သူပိုင်သိမ်းတယ်လို့ ပြောရင် ငြင်းမယ့်သူ မရှိဘူး။ အားလုံးက ကြိုဆိုကြတယ်။ နိုင်ငံသားပိုင်လုပ်ငန်းတွေကိုလည်း အခုလိုပဲ ပြည်သူပိုင်သိမ်းခဲ့ပြန်တယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ပြည်သူတွေ မပိုင်ခဲ့ပါဘူး။ စီးပွားရေးလုပ်ငန်းတွေကို အုပ်ချုပ်ရေး ပုံစံနဲ့ ဆောင်ရွက်ခဲ့တာကြောင့် အားလုံးအရှုံးပေါ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်က ကိုယ်တွေ့အတွေ့အကြုံရှိခဲ့တယ်။ ကျွန်တော့်ဖခင်ဟာ တပ်မတော်က အငြိမ်းစားယူပြီး အစ်ကိုဖြစ်သူပိုင်တဲ့ ထီးစက်ရုံတစ်ခုမှာ တာဝန်ယူခဲ့တယ်။ ထီးတွေထုတ်တဲ့ အပြင် ထီးရိုးတွေကိုလည်း ထုတ်လုပ်ခဲ့တယ်။ စက်ရုံက တောင်ဥက္ကလာပမှာ။ ကျွန်တော့် ဖခင်နဲ့ မိခင်က ဒီစက်ရုံမှာတာဝန်ယူပြီး ကျွန်တော်တတိယနှစ်ရောက်တဲ့အချိန်မှာ အချိန်ပိုင်းအလုပ်ဝင် လုပ်ခဲ့တယ်။ ဒီစက်ရုံကို ပြည်သူပိုင်သိမ်းပြီး လမ်းစဉ်ပါတီက ကေဒါတွေကို အုပ်ချုပ်စေခဲ့တယ်။ ပါတီကေဒါတွေက စီးပွားရေးနဲ့ပတ်သက်ပြီး တစ်လုံးမှ နားမလည်ပေမယ့် ဆိုရှယ်လစ်သဘောတရားကို မတောက်တခေါက် အသံကုန်ဟစ်ခဲ့တယ်။ အလုပ်သမားတွေကို မြှောက်ပေးခဲ့တယ်။ အင်မတန်မှ အောင်မြင်ခဲ့တဲ့လုပ်ငန်းတစ်ခုဟာ မကြာခင်ကာလမှာ အရှုံးပေါ်ခဲ့တယ်။ ဝန်ထမ်းတွေကို လုပ်ခလစာပေးနိုင်အောင် အနိုင်နိုင်ကြိုးစားခဲ့ရတယ်။ အခုလိုပဲ စက်ရုံ၊ အလုပ်ရုံတွေတိုင်းမှာ ခံစားခဲ့ရတယ်။ အကျိုးဆက်တစ်ခုကတော့ မှောင်ခိုစီးပွားရေးစနစ်ကြီးထွားမှုဖြစ်တယ်။ မှောင်ခိုစီးပွားရေးစနစ်ကို အားကိုးပြီး ရှင်သန်ခဲ့ကြရတယ်။ ဒီဖြစ်ရပ်တွေဟာ ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ် ကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ ကြုံတွေ့ရတဲ့ ဒုက္ခဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အကြီးအကျယ် ကြုံခဲ့ရတယ်။ ဈေးကွက်ယန္တရားပျက်စီးတိုင်း အခုလိုပဲဖြစ်မှာ။

### သူ့နေရာနဲ့သူ၊ သူ့ကျွမ်းကျင်မှုနဲ့သူ

စီးပွားရေးလောကမှာ အစိုးရက ပါဝင်လှုပ်ရှားရမယ်ဆိုတဲ့ အတွေးကအရိုးစွဲလာခဲ့တယ်။ အမှန်တော့ သူ့နေရာနဲ့သူ၊ သူ့ကျွမ်းကျင်မှုနဲ့ သူ ဟန်ချက်ညီညီလှုပ်ရှားဖို့ လိုအပ်တယ်။ အစိုးရဟာ အုပ်ချုပ်ရေးအာဏာရှိတဲ့ အဖွဲ့အစည်း၊ တရားဥပဒေစိုးမိုးရေး ဥပဒေကို စနစ်တကျ ကြီးကြပ်ကာကွယ်ဖို့ လိုအပ်တာ။ ပိုင်ဆိုင်မှုကို အာမခံဖို့ လိုအပ်တယ်။ ဒါကြောင့် ပြည်သူပိုင်သိမ်းမှုဟာ အခြေခံအတွေးမှား တွေ ဖြစ်တယ်။ ငွေစက္ကူတွေကိုလည်း ဖျက်သိမ်းပစ်ခဲ့ပြန်တယ်။ ယုံကြည်မှုတွေကို ရိုက်ချိုးလိုက်ခြင်းဖြစ်တယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ ဒဏ်ကို ပြည်သူတိုင်း အလူးအလဲခံခဲ့ရတယ်။ ၂၅ နှစ်ကျော်အတွင်း အဆင်းရဲဆုံး နိုင်ငံအဖြစ် ရောက်ခဲ့တယ်။ လွတ်လပ်ရေးရပြီး ကာလစီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ အောင်မြင်မှုရခဲ့တဲ့ နိုင်ငံဟာ အဆိုးဆုံးအခြေအနေကို ဆိုက်ရောက်ခဲ့တယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ခဲ့ပေမယ့် စစ်မှန်တဲ့ စနစ်တစ်ရပ်ကို မဖန်တီးနိုင်ခဲ့ဘူး။ ဈေးကွက်စီးပွားရေးစနစ်ရဲ့အခြေခံတစ်ခုက ယှဉ်ပြိုင်မှု၊ ပြိုင်ဆိုင်မှုဖြစ်တယ်။ ယှဉ်ပြိုင်တဲ့ နေရာမှာလည်း “မြေညီကွင်း” ဖြစ်ဖို့လိုတယ်။ မျက်နှာလိုက်လို့ မဖြစ်ဘူး။ လက်တွေ့မှာတော့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို (ပါမစ်) လုပ်ခွင့်တွေ ပေးခဲ့တယ်။ အဆက်အသွယ်ဟာ ပဓာနယန္တရား ဖြစ်ခဲ့တယ်။ တစ်ဖက်ကလည်း နိုင်ငံတော်က စီးပွားရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွ လှုပ်ရှားခဲ့တယ်။ စက်ရုံကြီးတွေ၊ လုပ်ငန်းကြီးတွေ လုပ်ခဲ့တယ်။ ဘဏ်တွေ ဖွင့်ခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်လို့ ကြွေးကြော်နေပေမယ့် အစိုးရက စီးပွားရေးလုပ်ငန်းတွေမှာ အကြီးအကျယ် ဆောင်ရွက်ခဲ့တယ်။

အခြေခံတွေက မှားခဲ့တာ။ အဆိုးဆုံးကတော့ (rent-seeking) အပြုအမူပဲဖြစ်တယ်။ ကျွန်တော့်ကိုယ်တွေ့ မြန်မာပြည် ပြန်ရောက်တဲ့အခါ ဆူဇူကီးကားတစ်စီး ဝယ်ခဲ့တယ်။ ဝယ်ဈေးက သိန်း ၆၅၀။ ဒီကားကို ပါမစ်ရရင် သိန်း ၁၅၀ လောက်ပဲကျတာ။ ပါမစ်ရသူတွေက ရောင်းစားတာမို့ ကားရဲ့တန်ဖိုးတွေက အခုလို ဖြစ်သွားတယ်။ ကိုယ့်မှာ ပါမစ်ရမယ့် အခြေအနေ မရှိတာက ကိုယ့်ဒုက္ခပေါ့။ လက်ကိုင်ဖုန်းအတွက် Sim Card ဝယ်တော့လည်း အခုလိုပဲ ခံရပြန်တယ်။ ကျပ် ၂၅ သိန်းပေးပြီး ဝယ်ခဲ့ရတာ။ အာဏာရှိသူ၊ အဆက်အသွယ်ရှိသူတွေအတွက်တော့ အခွင့်အရေးတစ်ရပ်ပဲ။

### ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်

ဒါတွေကို ၂၀၁၀ နောက်ပိုင်းမှာ ဖြေလျှော့ခဲ့တယ်။ ကားဈေးတွေ၊ ဖုန်းဈေးတွေက တစ်ဟုန်ထိုး ကျသွားခဲ့တယ်။ ၂၀၁၅ နောက်ပိုင်းမှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်နေတာ တွေ့ရတယ်။ ဒါပေမယ့် ပုဂ္ဂလိကကဏ္ဍ တိုးတက်စေချင်ရင် (Business friendly) စီးပွားရေးလုပ်ငန်းကို လွယ်လွယ်ကူကူ လုပ်နိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် ပုံစံအမျိုးမျိုးနဲ့ ကြိုးစားနေတာ။ ဒါပေမယ့် ထင်သလောက်ဖြစ်မလာဘူး။ အကြောင်းအမျိုးမျိုးပြပြီး ခက်ခဲအောင် လုပ်နေကြတယ်။ ဥပဒေအကြောင်းပြချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ဆင်ခြေပေးလျက်ရှိတယ်။ ကြိုးနီစနစ်ကလည်း ရှိဆဲပဲ။ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးဖို့ အခွန်အကောက်ကိုလည်း ပြန်လည်သုံးသပ်ရမှာ ဖြစ်တယ်။

အမေရိကန်နိုင်ငံမှာ tax and spend ဆိုတဲ့ အယူအဆရှိတယ်။ အထူးသဖြင့် ဒီမိုကရက်တစ်ပါတီက လက်ခံတဲ့အယူအဆ။ အခွန်တွေကောက်ကာ ရတဲ့အခွန်ငွေတွေကို သုံးပြီး အများပြည်သူတွေရဲ့လူမှုရေးစောင့်ရှောက်မှုအတွက် အသုံးပြုလိုတဲ့ ဆန္ဒ။ ဒါပေမယ့် အခွန်များများ ကောက်ခံခဲ့ရင် လုပ်ချင်ကိုင်ချင်စိတ် လျော့သွားမှာကိုတော့ ထည့်မတွက်ကြဘူး။ အရေးကြီးတာက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်တယ်။ လုပ်ချင်ကိုင်ချင်စိတ်တွေ များလာအောင် မက်လုံးပေးရမှာ ဖြစ်တယ်။

စီးပွားရေးလုပ်နေသူအပေါ်မှာလည်း အမြင်ကြည်လင်ဖို့ အရေးကြီးတယ်။ မဟာမိတ်အဖြစ် သတ်မှတ်ရမယ်။ တိုင်ပင်ဖို့ လိုအပ်တယ်။ နိုင်ငံအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူကြီးတွေအနေနဲ့ လုပ်ငန်းရှင်တွေနဲ့ တွေ့ကြုံတဲ့အခါတိုင်း အားပေးနေတာ။ စီးပွားရေးစနစ်ကို ရှင်သန်ဖို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ အနေအထားကိုလည်း ဖောက်ထွက်စဉ်းစားဖို့ လိုအပ်တယ်။ ဘာကြောင့် အစိုးရက စီးပွားရေးလုပ်ငန်းတွေ လုပ်ရသလဲ။ အတိတ်က အမွေတွေ ဆက်ခံနေတာကို ပြန်လည်စဉ်းစားဖို့ လိုအပ်တယ်။ လက်ရှိအခြေအနေမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများစုဟာ အရှုံးပေါ်နေတာ။ စီးပွားရေးကို အုပ်ချုပ်ရေးပုံစံနဲ့ ဆောင်ရွက်နေသရွေ့ အခုလိုဖြစ်နေမှာ သေချာတယ်။ အမိန့်နဲ့ စီးပွားရေးလုပ်ဆောင်လို့ မရနိုင်ဘူး။ ဈေးကွက်က ပေးလာတဲ့ အချက်ပြမှုတွေကို အမြန်ဆုံးတုံ့ပြန်နိုင်ဖို့ လိုအပ်တယ်။ အထက်အာဏာပိုင်တွေကို သတင်းပို့ပြီး ခွင့်တောင်းနေဖို့ အချိန်မရှိဘူး။ အခြေခံစဉ်းစားချက်တွေကို ပြင်ဖို့ လိုအပ်တယ်။

### ထိရောက်မှုကိုသာ ဦးစားပေး

အစိုးရဌာနတွေကို သုံးသပ်တဲ့အခါ ဥပဒေကို ကာကွယ်ထိန်းသိမ်းတဲ့တာဝန်နဲ့ စီးပွားရေးအကျိုးရှိအောင်လုပ်တဲ့ တာဝန် နှစ်ရပ်ရှိတယ်။ စီးပွားရေးလုပ်ရတဲ့ တာဝန်တွေကို မယူဘဲ ထိထိရောက်ရောက် လုပ်နိုင်အောင် ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း ဖောက်ထွက်စဉ်းစားဖို့ လိုအပ်တယ်။ သံယောဇဉ်ကြီးနေလို့ မဖြစ်ဘူး။

တစ်ချိန်က အများနဲ့ ဆိုင်တဲ့အလုပ်တွေ (public good) ကို နိုင်ငံတော်ကသာ တာဝန်ယူရမယ်လို့ အယူအဆရှိကြတယ်။ အခုတော့ ထိထိရောက်ရောက်လုပ်နိုင်တဲ့ ကဏ္ဍက တာဝန်ယူရမှာကို လက်ခံရမယ်။ အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်ရယ်လို့ မခွဲခြားတော့ဘဲ ထိရောက်မှုကိုသာ ဦးစားပေးဖို့ လိုအပ်တယ်။

ဖောက်ထွက်စဉ်းစားမှုဟာ အမှန်တော့ သတ္တိတစ်မျိုး။ ရဲရင့်ပြတ်သားဖို့ လိုအပ်တာ။ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးမှာ အခြေခံကျတဲ့ မေးခွန်းတွေ မေးဖို့ လိုအပ်တယ်။ သမားရိုးကျအတွေးအခေါ်တွေနဲ့ ရင်ဆိုင်ဖြေရှင်းလို့ မရနိုင်ဘူး။ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်အောင် အားမွေးရမှာဖြစ်တယ်။ အထူးသဖြင့် အတွေးအခေါ်အယူအဆအသစ်တွေနဲ့ အစားထိုးသွားရမှာ ။ ။

---

## တောင်ငူ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၂**

အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အကြို အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်က တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာမင်္ဂလာခန်းမ၌ ကျင်းပရာ တောင်ငူမြို့နှင့် ပတ်ဝန်းကျင်ရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၂၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အထက်တန်းအဆင့်အတွက် မျက်ဝါးထင်ထင် အိုနာမြင်စေတနာ စိတ်ထားကုသိုလ်ပွားခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့်အတွက် သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူလတန်းအဆင့်အတွက် သက်ကြီးရွယ်အိုများကို ကူညီပါခေါင်းစဉ်ဖြင့် လည်းကောင်း ဖြေဆိုကြကြောင်း သိရသည်။

၀၄၈

# ပြေးလမ်းပေါ်ရောက် ရှမ်းကော်ဖီ ကမ္ဘာဆီသို့

## ထွန်းထွန်းဝင်း(ရှမ်း)

**သဘာဝကပေးထားသော တောတောင်ရေမြေများနှင့် အလှတရားများကို ပိုင်ဆိုင်ထားပြီး အပျိုစင်ဒေသဟု လူသိများသော ရှမ်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၀၈၂ပေ တွင် တည်ရှိပြီး အလွန်အေးချမ်းသာယာသောကြောင့် ခရီးသွားများနှင့် စိုက်ပျိုးထုတ်လုပ်ရင်းနှီးမြှုပ်နှံသူများစွာ စိတ်ဝင်တစားရှိလာကြသည်။**



ကော်ဖီစေ့လှန်းစင်များ၌ နေလှန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

အများစုမှာ ယခုနောက်ပိုင်းတွင် ဆန်းသစ်သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို လေ့လာပြီး စနစ်ကျသော စိုက်ပျိုးရေး လုပ်ငန်းများကို ဦးတည်လုပ်ကိုင်လာကြရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည်လည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် ရင်းနှီးလုပ်ကိုင်လာကြသည်။ ရှမ်းမြို့နယ်၏ ကော်ဖီလုပ်ငန်းသည် လွန်ခဲ့သော သုံးနှစ်ခန့်အတွင်း အဆပေါင်းများစွာ လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလာပြီး ကော်ဖီကို တစ်ယောက်ချင်းအလိုက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှ ယခုအခါတွင် စိုက်ကေများ စီးပွားဖြစ် ဆယ်ချီ၊ ရာချီ စိုက်ပျိုးလာသောကြောင့် တစ်နှစ်ထက်တစ်နှစ် ကော်ဖီစိုက်ကေများ ပိုမိုတိုးတက်လာခဲ့သည်။ တစ်နိုင်ငံလုံးကော်ဖီစိုက်ကေ ငါးသောင်းကျော်ရှိသည့်အနက် ရှမ်းပြည်နယ်တွင် ကေနှစ်သောင်း ခုနစ်ထောင်ကျော် စိုက်ပျိုးနိုင်သောကြောင့် တစ်နိုင်ငံလုံး စိုက်ကေ၏ ထက်ဝက်ကျော်စိုက်ပျိုးသည်။ ရှမ်းမြို့နယ်တွင် ကျေးရွာပေါင်း ၁၂၅ ရွာရှိပြီး ကော်ဖီစိုက်ပျိုးသည့်ကျေးရွာ ၈၀ ခန့်ရှိသည်။ ကော်ဖီစိုက်ကေပေါင်း ရှစ်ထောင်ကျော်ရှိသောကြောင့် တစ်နိုင်ငံလုံးတွင် ရှမ်းမြို့နယ်သည် ကော်ဖီစိုက်ကေအများဆုံးဖြစ်သည့်အတွက် ကော်ဖီစံပြမြို့တော်ဟု တင်စားခေါ်ဝေါ်ပြီး လူသိများလာကြသည်။

မြေအမျိုးအစားမှာ မြေနီသဲဆန်သော အမျိုးအစားဖြစ်ပြီး မြေချဉ်ငန်ဓာတ် PH 5 မှ 5.6 အတွင်းရှိသည်။ ရာသီဥတုမှာ ဆယ်နှစ်စာ အမြင့်ဆုံးပျမ်းမျှအပူချိန် ၂၉ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံးပျမ်းမျှအပူချိန် ၁၆ ဒီဂရီစင်တီဂရိတ်နှင့် ပျမ်းမျှမိုးရေချိန် ၇၂ လက်မခန့်ရှိသည်။ ရေမြေရာသီဥတုတူသော်လည်း ရှမ်းကော်ဖီသည် အထွက်နှုန်းတိုးပြီး အရည်အသွေးကောင်းမွန်သောကြောင့် နှစ်တိုင်းစိုက်ကေများ သိသိသာသာတိုးချဲ့စိုက်ပျိုးလာကြသည်။ ကော်ဖီမျိုးပေါင်းများစွာရှိသည့်အနက် ဒေသ၏ ရာသီဥတုနှင့် ကိုက်ညီပြီး ပင်လယ်ရေမျက်နှာပြင် ပေ ၂၅၀၀ အထက် စိုက်ပျိုးနိုင်သည့် ကုန်းမြင့်ကော်ဖီ (Atabica Coffee) မှ ကက်တွိုင်း (Catual) မျိုးနှင့် ကက်တီမိုး (H 528) မျိုးများကိုသာ အဓိကထားစိုက်ပျိုးလာကြသည်။ ယင်းမျိုးများသည် တစ်ကေပျမ်းမျှ ပိဿာချိန် ၆၀၀ ခန့်အထိ ထွက်ရှိကြောင်း သိရသည်။ မိသားစုအလိုက် ကော်ဖီပျိုးပင် ဖြန့်ဖြူးရောင်းချခြင်းများကို အိတ်ပျိုးပင်များအဖြစ်လည်းကောင်း၊ အစေ့မျိုးအဖြစ်လည်းကောင်း ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးစသည့် ကော်ဖီစိုက်ပျိုးနိုင်သည့် နေရာများသို့ တင်ပို့ရောင်းချလုပ်ကိုင်လာကြသည်။

ရှမ်း၏အထက်တန်းညွှန်းကိန်းသည် ရှမ်းကော်ဖီအဖြစ် ရပ်တည်နိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃ ရက်က ရှမ်းသို့ရောက်ရှိ၍ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူအစုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ရှမ်းကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့အတွက် ကော်ဖီသီးမှည့် အခွံချွတ်စက်၊ ကော်ဖီစေ့လှန်းစင်များ ကူညီထောက်ပံ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် GIZ မှလည်း ကော်ဖီလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက် ခေတ်မီသောနည်းပညာများ၊ အကြံဉာဏ်များ၊ နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ပေးသည့်အပြင် ကမ္ဘာ့အဆင့် အထူးတန်းဝင်ကော်ဖီအဖြစ် ကမ္ဘာကသိအောင် ကူညီလုပ်ဆောင်ပေးနေကြောင်း သိရသည်။

အရည်အသွေး ကောင်းမွန်သော ကော်ဖီဖြစ်စေရန် အခြေခံကျသော အဓိကအချက်မှာ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး အသီးဆွတ်ခူးချိန်တွင် ကောင်းစွာရင့်မှည့်ပြီး အမှည့်ညီညာသည့် ကော်ဖီချယ်ရီသီးများကိုသာ ရွေးချယ်ဆွတ်ခူးရန် အလွန်အရေးကြီးလှသည်။ အမှည့်မညီသော အသီးများနှင့် အစိမ်းသီးများပါရှိပါက ကော်ဖီအနံ့၊ အရသာများ မကောင်းဘဲ အရည်အသွေးများ ညံ့လာနိုင်သည်။ စနစ်ကျသောကော်ဖီဆွတ်ခူးမှု တောင်သူများလိုက်နာကျင့်သုံးတတ်စေရန် ပညာပေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ကော်ဖီသုတေသန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

ကော်ဖီ စိုက်ပျိုးနည်းပညာပေးသင်တန်းများဖြစ်သည့် စနစ်ကျသော ကော်ဖီစိုက်ပျိုးနည်း၊ ကိုင်းဖြတ်ပုံသွင်းနည်း၊ လက်တွေ့ကွင်းသရုပ်ပြပွဲများ စသည့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် မြေပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းစနစ်များလည်း ရှင်းလင်းဟောပြောပြီး GAP လက်မှတ်ရရှိရေးလုပ်ငန်းများလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း ရှမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုး သန့်ထံမှ သိရသည်။

နှစ်စဉ်ကော်ဖီအဆန်တန် ၇၀၀မှ ၁၀၀၀ ကြားထွက်ရှိပြီး ပြည်တွင်းဈေးကွက်များအပြင် စင်ကာပူ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ အမေရိကန်နိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချပြီး အခြားနိုင်ငံများတွင်လည်း တစ်တန်၊ နှစ်တန် စတင်၍ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် အထူးတန်း ကော်ဖီဆန် တန် ၁၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ကော်ဖီဆန် တစ်ပေါင်ကို ၃ ဒသမ ၆ ဒေါ်လာရောင်းရပြီး ဝယ်လိုအားအပေါ် မူတည်၍ တန် ၄၀ ကျော်သာ ရောင်းချရသောကြောင့် ဝယ်လိုအားများရန် အရေးကြီးကြောင်း၊ ဈေးကွက်တိုးချဲ့နိုင်ရေး လိုအပ်နေသေးကြောင်း၊ ကော်ဖီအရည်အသွေးထိန်းရန်လိုသလို ယခုထက်ပိုပြီး တိုးတက်ရန်လိုအပ်နေကြောင်း၊ ရှမ်းအထူးတန်းဝင် ကော်ဖီအမျိုးအစား သည် အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာကော်ဖီနယ်ပယ်တွင် နာမည်ကောင်းဖြင့် ပြေးလမ်းပေါ်ရောက်ရှိကာ နေရာတစ်ခုရရှိလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဝင်ဆံ့နိုင်ရေးကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းမြို့နယ်ကော်ဖီအသင်းဥက္ကဋ္ဌ ဦးမောင်နုက ပြောကြားသည်။

ရှမ်းမြို့နယ်တွင် GAP လက်မှတ်ရကော်ဖီခြံ ၂၅ ကေရှိပြီး GAP လက်မှတ်လျှောက်ထားဆဲ ကေ ၂၇၀နှင့် အော်ဂဲနစ်လက်မှတ်ရ ကေ ၅၀ ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။ ကော်ဖီစိုက် တောင်သူအများစုသည် GAP လက်မှတ်ကို နှစ်သက်လိုချင်ကြသည်။ အော်ဂဲနစ်လက်မှတ်ရ ကော်ဖီခြံမှထွက်ရှိသော ကော်ဖီသီးအမှည့်တစ်ပြည်သည် သာမန်ခြံမှ ထွက်ရှိသောဈေးနှုန်းထက် ထက်ဝက်ကျော်ဈေးကောင်းရရှိပြီး GAP လက်မှတ်ရခြံမှထွက်ရှိသော ကော်ဖီသီးအမှည့်သည် သာမန်ကော်ဖီသီးထက် ထက်ဝက်ခန့်ပိုဈေးရရှိကြောင်း ကော်ဖီစိုက်တောင်သူများထံမှ သိရသည်။ GAP လက်မှတ်များရရှိပါက နိုင်ငံတကာသို့တိုက်ရိုက်ကော်ဖီတင်ပို့ရောင်းချမှုများ ပိုမိုကျယ်ပြန့်လာပြီး ကော်ဖီစိုက်တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်သောကြောင့် တောင်သူများ GAP လက်မှတ်ကို အလေးထားမျှော်လင့်လျက်ရှိကြောင်း သိရသည်။

ရှမ်းကော်ဖီသည် နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိပြီး ပြည်တွင်းဈေးကွက်တွင် ပြည်ပမှဝင်ရောက်လာသော အသင့်သောက်ကော်ဖီများအစား လွှမ်းမိုးနေရာယူလျက်ရှိလာရာ ပြည်တွင်းသာမက ကမ္ဘာအထိထိုးဖောက်ဝင်ရောက် ကျယ်ပြန့်လာသောကြောင့် ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးလာပြီး ပုဂ္ဂလိက ကဏ္ဍများဖွံ့ဖြိုးလာကာ မြို့နယ်၏ အသားတင်ထုတ်လုပ်ဝန်ဆောင်မှုများ၊ နိုင်ငံ၏စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်ပါသည်။ ။

# သဖန်းဆိပ်ရေလှောင်တမံတွင် ယခုနှစ် ဆည်ရေဝင်ရောက်မှုနည်းသည့်အတွက် စိုက်ပျိုးရေအတွက် အလှည့်ကျပေးဝေလျက်ရှိ

**ရွှေဘို စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသော သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်စနစ်သည် ယခုနှစ် မိုးရာသီတွင် သဖန်းဆိပ်ရေလှောင်တမံ၌ ရေဝင်ရောက်မှုနည်းပါးလျက်ရှိရာ တမံအတွင်းရေဝင်ရောက်မှုမှာ ယခင်နှစ် ကာလတူပမာဏများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းလျက်ရှိနေပြီး ပျိုးထောင်၊ မြေပြင်၊ စိုက်ပျိုး၊ အပင်ဖြစ်ရေနှင့် အောင်ရေတို့အတွက် အလှည့်ကျရေပေးဝေသည့် စီမံခန့်ခွဲမှုဖြင့် ခြိုးခြံချွေတာပေးဝေဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သဖန်းဆိပ်ရေလှောင်တမံ ရေသောက်စနစ်တွင် စပါးစိုက်ကေ ၄၈၄၀၆၅ ကေလျာထားပြီး ၂၀-၉-၂၀၁၉ ရက်အထိ ၄၇၁၇၄၁ ကေ စိုက်ပျိုးနိုင်ခဲ့ရာ လျာထားကေအပေါ်တွင် ၉၇ ဒသမ ၄၅ ရာခိုင်နှုန်း စိုက်ပျိုးခဲ့သည်။ ယခုအချိန်ထိစနစ်တကျချွေတာစုဆောင်းထားသော လက်ကျန်ရေနှင့် ကျန်မိုးနှောင်းကာလအတွင်း သဖန်းဆိပ်ရေလှောင်တမံ အတွင်း ထပ်မံဝင်ရောက်လာမည့် ရေများဖြင့် စိုက်ပျိုးထားသော မိုးစပါးများအောင်မြင်သည်အထိ ဆည်ရေလုံလောက်မှုတစ္စာ ရရှိနိုင်စေရန်နှင့် ရွှေဘိုမြို့ လူထုသောက်သုံးရေနှင့် ဒေသတွင်းကျေးရွာများ၏ သောက်သုံးရေကိုလည်း လိုအပ်သလိုပေးဝေနိုင်ရန် ဆက်လက်စီမံဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ရွှေဘိုမြို့နေ တောင်သူ ဦးစိုးတင့်က ယခင်နှစ်များက ရေလှောင်တမံအတွင်း ရေအပြည့်နီးပါးရှိသဖြင့် ဒေသတွင်းမိုးမရွာသော်လည်း ဆည်ရေပေးနိုင်ခဲ့၍ စိုက်ပျိုးရေအခက်အခဲမရှိကြောင်း၊ ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးရေပေးဝေချိန်မှစ၍ တမံအတွင်းတွင်လည်း ရေဝင်ရောက်မှုနည်းပြီး ဒေသတွင်း၌လည်း မိုးရွာမှုနည်းပါးခြင်းကြောင့် ဆည်ရေအပြည့် မပေးဝေနိုင်ဘဲ အလှည့်ကျစနစ်ဖြင့် ရေယူနေရသောကြောင့် တောင်သူများ စိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရန် ရေအခက်အခဲများ ကြုံတွေ့ရသော်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် စိုက်ကေအပြည့်နီးပါးစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဆည်ရေစနစ်တကျ သုံးစွဲနိုင်ခဲ့ခြင်းကြောင့် ရေဆိုးချောင်းများအတွင်း ရေလေလွင့်ဆုံးရှုံးမှုမရှိကြောင်း ပြောသည်။

သဖန်းဆိပ်ရေလှောင်တမံတွင် ယခုလက်ရှိ ရေဝင်ရောက်မှုလျော့နည်းနေသည့်အခြေအနေအရ စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ရယူသုံးစွဲကြရန်၊ ရေသောက် တောင်သူအချင်းချင်း ညီညွတ်မျှတသည့် စိတ်ဓာတ်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် ရေလှည့်ဇယားများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေအခက်အခဲများဖြစ်ပေါ်ပါက သက်ဆိုင်ရာဒေသရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းများအား ဆက်သွယ်လာပါက ညှိနှိုင်းစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေသောက်ရေမြောင်းအတွင်း စိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

# ဖယ်ခုံမြို့နယ်အတွင်းမှ ကျေးရွာ ၁၉ ရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်မည်

**ဖယ်ခုံ စက်တင်ဘာ ၂၂**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စုရှိ ကျေးရွာများအနက် ကျေးရွာ ၁၉ ရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက ကျေးရွာများ၏ ရေပေးရေးကော်မတီများနှင့် ယမန်နေ့က ကုန်းငူကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

“ဒီဒေသတွေမှာ မိုးရေလှောင်ကန်တွေနဲ့ နှစ်ပတ်လည် သုံးစွဲကြတာ ဖြစ်ပါတယ်။ မိုးနည်းရင်တော့ တစ်နှစ်စာရေမရဘူးပေါ့။ ဒါကြောင့်မို့ သန့်ရှင်းတဲ့သောက်သုံးရေရရှိဖို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေနဲ့ ပြည်နယ်ရန်ပုံငွေ စုစုပေါင်းငွေကျပ် ၉၁၄ ဒသမ ၉၁ သန်းခန့် သုံးစွဲပြီးတော့ စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်”ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက ပြောသည်။

ယင်းရေပေးရေးလုပ်ငန်းများပြီးစီးပါက အဆိုပါကျေးရွာ ၁၉ ရွာတွင် မှီတင်းနေထိုင်သော အိမ်ခြေ ၁၅၄၃ အိမ်ရှိ လူဦးရေ ၇၉၀၄ ဦးခန့်တို့၏ သောက်သုံးရေဖူလုံစွာရရှိရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာသန့်ရှင်းရေး အတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှ သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# အင်းများအတွင်း ငါးမျိုးစိုက်ထည့်ရန် ငါးသားပေါက်များ ပေးအပ်

**မိုးညို စက်တင်ဘာ ၂၂**

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှဦးစီး၍ သာယာဝတီခရိုင် မိုးညိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများက မြို့နယ်ရုံးတွင် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အင်း ၇၅ အင်း၊ အင်းသားကြီး ၇၅ ဦးတို့အား ငါးမြစ်ချင်းအကောင်ရေ ၃၅၄၄၉၀၆ ကောင်၊ ငါးခုံးမကြီးအကောင်ရေ ၁၄၀၄၂၂၀ ကောင် တို့ကို အင်းသားကြီးများအား အချိုးကျခွဲဝေပေးအပ်ခဲ့ကြောင်းသိရသည်။ **ကိုမင်း(မိုးညို)**

# ယူနီကုဒ် ပြောင်းသုံးရေးအတွက် မြို့နယ်အသီးသီးမှ ဖုန်းဆိုင်အချို့တွင် အခမဲ့ဝန်ဆောင်မှုများပေးနေ

**ရန်ကုန် စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်တွင် တစ်နိုင်ငံလုံး၌ ယူနီကုဒ်စနစ်ကို ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မြန်မာယူနီကုဒ်ရေိယာအဖွဲ့ အပါအဝင် ယူနီကုဒ်ကူးပြောင်းလိုသူများက စတင် ပြောင်းလဲအသုံးပြုမည့်သူများအား ဖေ့စ်ဘုတ် Group နှင့် Page တို့မှ တစ်ဆင့် အကူအညီများ ပေးလျက်ရှိသလို ပြည်တွင်း အမြို့မြို့အနယ်နယ်ရှိ ဖုန်းဆိုင်များနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်သူအချို့ကလည်း ယူနီကုဒ် ပြောင်းသုံးရန်အတွက် ဆိုင်များတွင် အခမဲ့ ဝန်ဆောင်မှုပေးခြင်းများကို ယခု စက်တင်ဘာလအတွင်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ယူနီကုဒ်ပြောင်းသုံးရန်အတွက် မြန်မာ ယူနီကုဒ်ရေိယာ အဖွဲ့(Myanmar Unicode Area)အနေဖြင့် အွန်လိုင်းမှ ကူညီခြင်းအပြင် မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်ပေးမှုအနေဖြင့် မြန်မာယူနီကုဒ်ရေိယာအဖွဲ့က ကြီးမှူး၍ Unicode Workshop ကို MICT Park အခန်း(၂၀၅)၌ စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ကာ ယူနီကုဒ်ပြောင်းလိုသော ဖုန်းများ၊ လက်ပ်တော့ပ်များနှင့် ကွန်ပျူတာများကို အခမဲ့ ယူနီကုဒ်ပြောင်းပေးခြင်းနှင့် အခက်အခဲများ ဖြေရှင်းပေးခြင်းတို့ကို အဖွဲ့ဝင် စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အပြင် မြန်မာယူနီကုဒ်ရေိယာအဖွဲ့ကပင် ဦးဆောင်ပြီး Pentagon Engineering Group မှ နေရာထိုင်ခင်းပံ့ပိုးမှုဖြင့် Unicode Workshop ကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ (၃၅)လမ်း အမှတ်(၂၂၃)၌ ထပ်မံပြုလုပ်ခဲ့သည်။

ယူနီကုဒ် ပြောင်းသုံးလိုသူများအတွက် မြန်မာယူနီကုဒ်ရေိယာအဖွဲ့က ကြီးမှူး၍ Facebook Group မှ အွန်လိုင်းကူညီမှုများအပြင် ယခုကဲ့သို့ မြေပြင်တွင် ကိုယ်တိုင်ကိုယ်ကျ ကူညီမည့် Workshop များကို နောက်အပတ်များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး နေရာများကို ထုတ်ပြန်ကြေညာမည်ဖြစ်ကာ ပြောင်းလဲလိုသူများအနေဖြင့် Workshop သို့ ယူနီကုဒ်ပြောင်းလဲလိုသော ဖုန်းများ၊ ကွန်ပျူတာများကို ယူဆောင်၍ လာရောက်နိုင်ကြောင်း အသိပေး ကြေညာထားသည်။

ထို့အပြင် မြို့နယ်အသီးသီးမှ ဖုန်းဆိုင်အချို့တွင်လည်း ယူနီကုဒ်ပြောင်းသုံးမည့်သူများ အဆင်ပြေစေရန်အတွက် အခမဲ့ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ ရန်ကုန်မြို့ရှိ ကွန်ပျူတာနှင့် ဖုန်းဆိုင်ကြီးဖြစ်သော Technoland(ဖုန်း- ၀၉-၂၅၄၈၃၉၂၂၅)သည် စက်တင်ဘာ ၁၈ ရက်မှစ၍ မြို့လယ် (၃၆)လမ်းရှိ ရုံးချုပ်၊ ဦးချစ်မောင်လမ်းဆိုင်ခွဲ၊ လှည်းတန်းစင်တာဆိုင်ခွဲ၊ သမိုင်းဆိုင်ခွဲနှင့် ပြည်ထောင်စုရိပ်သာလမ်း ဆိုင်ခွဲများအပြင် မန္တလေး၊ နေပြည်တော်၊ ပုသိမ်နှင့် မော်လမြိုင်မြို့တို့ရှိ ဆိုင်ခွဲများတွင်ပါ ယူနီကုဒ် ပြောင်းလဲအသုံးပြုလိုသူများအား ပြောင်းသုံးနိုင်အောင် အခမဲ့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာထားသည်။




မုံရွာမြို့ရှိ မိုဘိုင်းဝမ်း မိုဘိုင်းဖုန်းဆိုင်(ဖုန်း- ၀၉-၉၆၉ ၆၆၆ ၂၀၁)ကလည်း ၎င်း၏ ဆိုင်ခွဲသုံးဆိုင်တွင် မိုဘိုင်းဖုန်းများကို ယူနီကုဒ် ပြောင်းလဲပေးခြင်း(No Root)၊ မြန်မာစာဖြင့် မှတ်သားထားသော ဖုန်းနံပါတ်များ၊ သီချင်းဖိုင်များကို ယူနီကုဒ် ပြောင်းလဲပေးခြင်း၊ ဇော်ဂျီဖောင့်နှင့်ပို့လာသော မက်ဆေ့များကို ယူနီကုဒ်ဖြင့်ဖတ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ယူနီကုဒ်ဖြင့် စာရိုက်နိုင်ရန် လက်ကွက်များ ထည့်သွင်းပေးခြင်းတို့ကို စက်တင်ဘာ ၄ ရက်မှစ၍ အခမဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် (၂၅)လမ်းထောင့်ရှိ Frequency Mobile Store(၀၉-၇၆၇၅၁၉၉၇၆)ကလည်း ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ယူနီကုဒ် ပြောင်းလဲအသုံးပြုနည်းများ၊ ဇော်ဂျီနှင့်မှတ်ထားသည့် ဖုန်းနံပါတ်များကို ယူနီကုဒ်ပြောင်းနည်းများကို ဖော်ပြပေးနေသည့်အပြင် မပြောင်းတတ်သူများအနေဖြင့် ဖုန်းများ၊ လက်ပ်တော့ပ်များ၊ ကွန်ပျူတာများကို ဆိုင်သို့ယူလာ၍ ယူနီကုဒ်ပြောင်းရန် အခမဲ့ လာရောက်လုပ်ဆောင်နိုင်ကြောင်း ဩဂုတ် ၂၆ ရက်ကပင် အသိပေး ကြေညာထားသည်။

မုံရွာမြို့ရှိ ACT မိုဘိုင်းဖုန်းဆိုင်(ဖုန်း-၀၉-၇၆၄၀ ၇၀၀၇၀)ကလည်း ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် Xiaomi ဖုန်းများကို ဇော်ဂျီမှ ယူနီကုဒ် ပြောင်းလဲအသုံးပြုနည်းများ၊ ဇော်ဂျီနှင့်မှတ်ထားသည့် ဖုန်းနံပါတ်များကို ယူနီကုဒ်သို့ ပြောင်းလဲနည်းများကို ဗွီဒီယိုများဖြင့် ဖော်ပြနေသည့်အပြင် ဆိုင်တွင်လည်း အခမဲ့ လာပြောင်းနိုင်ကြောင်း စက်တင်ဘာ ၂၁ ရက်မှစ၍ ကြေညာထားသည်။

မန္တလေးမြို့ရှိ ရွှေနဂါး Mobile Experience Store(ဖုန်း-၀၉-၉၆၄၄၄၈၄၅၆) ကလည်း Unicode migration ကို တစ်စိတ်တစ်ပိုင်း အထောက်အကူပြုရန် ရည်ရွယ်ပြီး မည်သည့် Xiaomi ဖုန်းများကိုမဆို ယူနီကုဒ်စနစ်အတွက် လိုအပ်သည့် ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ အက်ပလီကေးရှင်းများ ထည့်သွင်းပေးခြင်းတို့ကို အခမဲ့ ကူညီပေးသွားမည်ဖြစ်၍ ယူနီကုဒ်ပြောင်းလိုသည့် Mi User များအနေဖြင့် ကိုယ်တိုင်ပြုလုပ်ရန် အခက်အခဲရှိပါက လာရောက်လုပ်ဆောင်နိုင်ကြောင်း ဩဂုတ် ၂၇ ရက်ကပင် ကြေညာထားသည်။

အဆိုပါ ဖုန်းဆိုင်များအပြင် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်း မြတ်ဆုမွန်ကွန်ဒိုရှိ နက်ဝပ်ဆားဗစ် လုပ်ငန်းတစ်ခုဖြစ်သော GCN System & Network Services (ဖုန်း-၀၉-၅၀ ၂၇၃၅၆)ကလည်း သုံးစွဲသူများအနေဖြင့် မိုဘိုင်းဖုန်းများ၊ တက်ဘလက်များနှင့် ကွန်ပျူတာများကို ယူနီကုဒ် ပြောင်းလဲရန်အတွက် ၎င်းတို့၏ ဆားဗစ်စင်တာတွင် စက်တင်ဘာ ၂၄ ရက်မှစ၍ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေး နေ့တိုင်း မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း အခမဲ့ လာရောက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း အသိပေး ကြေညာထားကာ ရုံးများ၊ အိမ်များနှင့် စက်ရုံများရှိ ကွန်ပျူတာများကို ယူနီကုဒ်သို့ ပြောင်းလဲရာတွင် အခက်အခဲများရှိပါကလည်း အခမဲ့ လာရောက်ဆွေးနွေးနိုင်ကြောင်း အသိပေးထားသည်။

ကွန်ပျူတာသုံး မြန်မာစာ စံစနစ်ဖြစ်သော ယူနီကုဒ်ကို ပြောင်းလဲအသုံးပြုရန်အတွက် ယူနီကုဒ်သုံးသူများ၏ တိုက်တွန်းမှုများနှင့် လှုပ်ရှားမှုများ ယခင်ကပင် ရှိခဲ့သော်လည်း လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံး ယူနီကုဒ်ကို ပြောင်းလဲအသုံးပြုရန် နိုင်ငံတော်အစိုးရက ဦးဆောင်၍ ယခု လုပ်ဆောင်နေမှုသည် အတက်ကြွဆုံးသော လှုပ်ရှားမှုဖြစ်ကာ ပုဂ္ဂလိက ဖုန်းဆိုင်များကပါ စိတ်ဝင်စားစွာ ပါဝင်လှုပ်ရှားလာကြခြင်းဖြစ်သည်။

**သူရဖြိုး**

# အူရီဒူးမြန်မာနှင့် UNDP တို့ ပူးပေါင်း၍ The Hackathon 2019 နည်းပညာဆိုင်ရာပြိုင်ပွဲကို အောက်တိုဘာလအတွင်း ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

အူရီဒူးမြန်မာ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP Myanmar)နှင့် Impact Hub တို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် The Hackathon 2019 နည်းပညာဆိုင်ရာပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် The Hackathon 2019 ပြိုင်ပွဲကို (၁)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ၊ (၂)ပညာရေးကဏ္ဍနှင့် (၃)ရာသီဥတုပြောင်းလဲမှုဆိုင်ရာကဏ္ဍ ဟူသည့် ကဏ္ဍသုံးရပ်အတွက် ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ဖြေရှင်းချက်များကို ဖန်တီးနိုင်ရန် ရည်ရွယ်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်သူများ၊ လူငယ်များနှင့် start-ups များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လျှောက်လှမ်းရာတွင် နေ့စဉ် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ပြေလည်စေနိုင်မည့် လက်တွေ့ကျသော ဖြေရှင်းချက်များကို ဖန်တီးပေးနိုင်ရန်၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် လူငယ်များမှ ပါဝင်ကူညီနိုင်ရန်နှင့် လူငယ်များ၏ ဒစ်ဂျစ်တယ် နည်းပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်နှင့် စွန့်ဦးတီထွင်မှုစွမ်းရည်များကို အသိအမှတ်ပြု ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် The Hackathon 2019 ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအား အတွေ့အကြုံများအပေါ် မူတည်၍ အငယ်တန်းအဆင့်နှင့် ပညာရှင်အဆင့်ဟူ၍ အဆင့်နှစ်ခု သတ်မှတ် ပိုင်းခြားပေးသွားမည်ဖြစ်ပြီး အဆင့်တစ်ခုချင်းစီမှ အနိုင်ရရှိသည့် အဖွဲ့သုံးဖွဲ့သည် ၎င်းတို့၏ စီမံကိန်းများကို ဆက်လက် လုပ်ကိုင်နိုင်ရန် ငွေကြေးထောက်ပံ့မှုများအပြင် အူရီဒူးနှင့် UNDP တို့မှ ပူးပေါင်းပြုလုပ်မည့် ဖွံ့ဖြိုးတိုးတက်မှု သင်တန်းကိုလည်း တက်ရောက်သင်ယူခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အူရီဒူးမြန်မာ၏ CEO က "မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်မှာ ပါဝင်ကူညီနိုင်ပြီး တစ်ချိန်တည်းမှာပဲ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်တွေကိုလည်း လိုက်နာဆောင်ရွက်ဖို့ ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်၊ UNDP နဲ့ ပူးပေါင်းပြီး မနှစ်က ပြုလုပ်ခဲ့တဲ့ Hackathon ပြိုင်ပွဲဟာ အောင်မြင်မှုများစွာ ရရှိခဲ့တဲ့အတွက် အခုနှစ် ပြိုင်ပွဲမှာလည်း မနှစ်က အနိုင်ရရှိသွားတဲ့ ပြိုင်ပွဲဝင်တွေလိုပဲ ဆန်းသစ်ပြီး ထိရောက်တဲ့ အတွေးအခေါ်တွေကို မြင်တွေ့ရမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားသည်။

UNDP Myanmar မှ တာဝန်ရှိသူတစ်ဦးကလည်း "The Hackathon နည်းပညာပြိုင်ပွဲဟာ ပိုမိုကောင်းမွန်တဲ့ မြန်မာနိုင်ငံကို တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ ဖြေရှင်းချက်တွေကို အတူတကွ ပူးပေါင်းအဖြေရှာပေးနိုင်မယ့် ပလက်ဖောင်းတစ်ခုကို တည်ဆောက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်နေတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်၊ ပြိုင်ပွဲဝင်တွေဆီက အဆန်းသစ်ဆုံး အိုင်ဒီယာတွေကို မြင်တွေ့ရတော့မယ့်အတွက်လည်း စိတ်လှုပ်ရှားနေမိပါတယ်"ဟု ပြောကြားသည်။

The Hackathon နည်းပညာပြိုင်ပွဲသည် မြန်မာနိုင်ငံမှ လူငယ်များ၏ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် စွန့်ဦးတီထွင်နိုင်စွမ်းများကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အူရီဒူးမြန်မာနှင့် UNDP တို့ ပူးပေါင်းပြုလုပ်နေသည့် အထူးအစီအစဉ်တစ်ခုဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ပထမအကြိမ် ပြိုင်ပွဲတွင် (၁)အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ (၂)တန်ဖိုးကွင်းဆက်အတွင်းရှိ စိုက်ပျိုးရေး နည်းပညာနှင့် (၃)ကျေးလက်ဒေသမှ တောင်သူများအား တိုက်ရိုက်အကျိုးပြုမည့် စိုက်ပျိုးရေးနည်းပညာ ဟူသော ခေါင်းစဉ်သုံးခုဖြင့် ကျင်းပခဲ့ရာ အဖွဲ့ပေါင်း ၃၇ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Divas, Blind Hat နှင့် Team Deca အဖွဲ့တို့က ခေါင်းစဉ်တစ်ခုစီတွင် အကောင်းဆုံးဆုများ ရရှိခဲ့ကြသည်။

ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် The Hackathon 2019 နည်းပညာပြိုင်ပွဲအတွက် လျှောက်လွှာများကို အောက်တိုဘာ ၄ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို www.thehackathon2019.com ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**




# ကင်မရာလေးလုံးပါ OPPO ဖုန်းသစ်နှစ်မျိုး စတင်မိတ်ဆက်

**ရန်ကုန် စက်တင်ဘာ ၂၂**

ဈေးနှုန်းသင့်တင့်ပြီး စွမ်းဆောင်ရည်ကောင်းမွန်ကာ ထူးခြားချက်အနေဖြင့် နောက်ကင်မရာ လေးလုံးပါသော Oppo အမှတ်တံဆိပ် စမတ်ဖုန်း မော်ဒယ်သစ်နှစ်ခုဖြစ်သည့် OPPO A9 2020 နှင့် A5 2020 တို့ကို စက်တင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ HOG Esports Centre ၌ မိတ်ဆက်ခဲ့သည်။

မိတ်ဆက်ပွဲတွင် သရုပ်ဆောင် ပိုင်အုပ်စိုးအောင်၊ အဆိုတော် လွှမ်းပိုင်(Streamer Bo Paing Gyi)၊ Streamer Pancy, Team 7, Team Sama နှင့် OPPO Myanmar မှ တာဝန်ရှိသူများက ကင်မရာ လေးလုံး၊ 8GB RAM နှင့် 5000 mAh ဘက်ထရီ ပါဝင်သော OPPO A9 2020 နှင့် A5 2020 စမတ်ဖုန်းသစ်များကို PUBG Game Theme နှင့်အတူ မိတ်ဆက်ပြသခဲ့သည်။

OPPO A9 2020 စမတ်ဖုန်းကို Marine Green အရောင်နှင့် Space Purple အရောင်ဟု အရောင်နှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး ကျပ် ၃၉၉၉၀၀ ဖြင့်လည်းကောင်း၊ A5 2020 စမတ်ဖုန်းကို Mirror Black နှင့် Dazzling White အရောင်တို့ဖြင့် ရရှိနိုင်မည်ဖြစ်ပြီး ကျပ် ၂၉၉၉၀၀ ဖြင့်လည်းကောင်း စက်တင်ဘာ ၂၉ ရက်မှစ၍ ဈေးကွက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဖုန်းနှစ်မျိုးလုံးကို ကြိုတင်မှာယူလိုသူများအနေဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်မှာယူနိုင်ပြီး ကြိုတင်မှာယူသူများအတွက် မေတ္တာလက်ဆောင်အဖြစ် Power bank၊ Photo frame စသည့် ပစ္စည်းများနှင့်အတူ PUBG ဂိမ်းနှင့်ပတ်သက်သော ဆုလက်ဆောင်များ၊ ခဲခြစ်ကံစမ်းမဲများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

OPPO A9 2020 နှင့် A5 2020 စမတ်ဖုန်းများ၏ ကင်မရာလေးလုံး(Quad Camera)ပါသော စနစ်သည် မည်သည့်ရှုထောင့်မှရိုက်ရိုက် သဘာဝကျသော ပုံများကို ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း၊ A9 2020 စမတ်ဖုန်းတွင် ၄၈ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနှင့်အတူ ၈ မဂ္ဂါပစ်ဇယ်(Ultra Wide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(Mono lens)ကင်မရာနှင့် ၂ မဂ္ဂါပစ်ဇယ်(Portrait lens)ကင်မရာတို့ ပါဝင်ကြောင်း၊ စွမ်းဆောင်ရည်ကောင်းသော Snapdragon 665 processor နှင့် ဂိမ်းကစားရာတွင် စွမ်းဆောင်ရည် ထပ်မံမြှင့်တင်ပေးမည့် Game Boost 2.0 လုပ်ဆောင်ချက်တို့လည်း ပါဝင်ကာ RAM 8GB နှင့် အင်တာနယ်မင်မိုရီ 128GB ဖြစ်ကြောင်း သိရသည်။




A5 2020 စမတ်ဖုန်းတွင်မူ ၁၂ မဂ္ဂါပစ်ဇယ် ပင်မကင်မရာနှင့်အတူ ၈ မဂ္ဂါပစ်ဇယ်(Ultra Wide) ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(Mono lens)ကင်မရာနှင့် ၂ မဂ္ဂါပစ်ဇယ်(Portrait lens)ကင်မရာတို့ ပါဝင်ပြီး Ultra Night Mode လည်း ပါဝင်သည့်အတွက် ညအချိန် ဓာတ်ပုံများရိုက်ကူးရာတွင် သာမန်ထက် ပိုမိုကောင်းမွန်သော ပုံရိပ်များကို ရရှိမည်ဖြစ်ကြောင်း၊ Snapdragon 665 processor ကို အသုံးပြုထားပြီး RAM 4GB နှင့် အင်တာနယ်မင်မိုရီ 128GB ဖြစ်ကြောင်း၊ ဖုန်းနှစ်မျိုးစလုံးတွင် ပမာဏများပြားသော 5000 mAh ဘက်ထရီပါဝင်ကာ အသံပိုင်းတွင် Dolby Atmos® sound effect များနှင့် Dual Stereo Speakers များ ပါဝင်သဖြင့် ဂိမ်းနှင့် ရုပ်ရှင်များ၏ အသံပိုင်းကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ် ၊ ဓာတ်ပုံ- မင်းထက်**

# လှိုင်းဘွဲ့မြို့နယ် ပလောညာသီးကျေးရွာ၌ ကြိုးတံတားတည်ဆောက်မှု မကြာမီပြီးစီးတော့မည်

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းဖြင့် ဆောင်ရွက်သည့် နွဲ့ပညာကျေးရွာအုပ်စု ပလောညာသီး ကျေးရွာတွင် ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့သည့် ကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။



ပလောညာသီးကျေးရွာရှိ တည်ဆောက်ဆဲ ကြိုးတံတားကို တွေ့ရစဉ်။

အဆိုပါ ကြိုးတံတားမှာ အရှည် ပေ ၁၀၀၊ အကျယ် ၅ ပေ၊ အမြင့် ၁၆ ပေ ရှိပြီး လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ ရန်ပုံငွေကျပ် ၁၉ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်းအင်ဂျင်နီယာများ၏ နည်းပညာ အကူအညီဖြင့် ရွာသူရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပလောညာသီးကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်မှ လူဦးရေ ၄၇၈ ဦးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများကို ရာသီမရွေး လွယ်ကူစွာဖြင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစောအောင်မျိုးမြင့်က ပြောသည်။

**ငြိမ်းသူ**

# အိန္ဒိယနိုင်ငံ၏ အကြီးဆုံး IndiGo လေကြောင်းလိုင်းမှ ပထမဆုံးရောက်လာသော လေကြောင်းခရီးစဉ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို

**ရန်ကုန် စက်တင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးလေကြောင်း လိုင်းဖြစ်သည့် IndiGo ခရီးသည်တင် လေယာဉ်သည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမှ စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ပြေးဆွဲ ပျံသန်းလာသည့် ပထမဆုံး ခရီးစဉ်အဖြစ် ရောက်ရှိလာသော လေယာဉ်နှင့် ခရီးသည်တို့အား ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့သည်။

အဆိုပါလေယာဉ်သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆိုက်ရောက်စဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ IndiGo လေကြောင်း လိုင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်း လိုင်းတာဝန်ရှိသူများ၊ ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကို စီမံခန့်ခွဲဝန်ဆောင်မှု ပေးနေသော Yangon Aerodrome Company Limited (YACL) မှ တာဝန်ရှိသူများက အခမ်းအနားဖြင့် ခရီးဦးကြို ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။




အိန္ဒိယနိုင်ငံနှင့် ရန်ကုန်မြို့သို့ နေ့စဉ်ချိတ်ဆက် ပျံသန်းပြေးဆွဲပေးမည့် IndiGo လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ပျံသန်းပြေးဆွဲပေးသွားမည်**

အိန္ဒိယနိုင်ငံမှ လေကြောင်းလိုင်း တစ်ခုဖြစ်သည့် IndiGo လေကြောင်း လိုင်း၏ ကိုလ်ကတ္တား - ရန်ကုန်ခရီးစဉ် မှသည် မြန်မာနိုင်ငံ၏ ဝင်/ထွက်ပေါက် ဖြစ်သည့် ရန်ကုန်မြို့နှင့် အိန္ဒိယနိုင်ငံရှိ မြို့များသို့ နေ့စဉ်ချိတ်ဆက် ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လေကြောင်းချိတ်ဆက်မှု ပိုမိုများပြား**

ခရီးစဉ်တစ်ကြောင်းလျှင် ပျမ်းမျှ ၂ နာရီ မှ ၂ နာရီခွဲခန့် ကြာမြင့်မည့် အဆိုပါခရီးစဉ်ကို ခရီးသည် ဦးရေ ၁၈၀ သယ်ဆောင်မှုပေးနိုင်သည့် Airbus A320 အမျိုးအစားလေယာဉ်ဖြင့် နေ့စဉ် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ် သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ခွေးရူးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မူဆယ်မြို့တွင်းရှိ လေလွင့်နေသည့် ခွေးများရှင်းလင်းမည်

**မူဆယ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ တွင် အများပြည်သူ၏ တောင်းဆိုချက် များကြောင့် ခွေးရူးအန္တရာယ်မှ ကြိုတင် ကာကွယ်နိုင်ရန်နှင့် ပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့ စေရန်အတွက် မူဆယ်မြို့ စည်ပင် သာယာရေးကော်မတီက စက်တင်ဘာ ၂၇ ရက်တွင် ပိုင်ရှင်မဲ့ လေလွင့်ခွေးများ ကို ရှင်းလင်းသွားမည်ဟု သိရသည်။

မူဆယ်မြို့ စည်ပင်သာယာရေး ကော်မတီ၏ ပြဋ္ဌာန်းထားသည့် ဥပဒေ တွင် မူဆယ်မြို့တွင်း ပြည်သူများ သန့်ရှင်းသပ်ရပ်စွာနှင့် စိတ်ခတ် ပေါ့ပါးစွာ နေထိုင်သွားလာနိုင်ရန် အတွက် ပိုင်ရှင်မဲ့ လေလွင့်ခွေးများ ကို ရှင်းလင်းရန် စည်ပင်သာယာရေး ကော်မတီ၏ လုပ်ငန်းတာဝန်တစ်ခုဖြစ် ကြောင်း သိရသည်။

ထိုသို့ရှင်းလင်းဆောင်ရွက်မည့် အချိန်တွင် ဆေးဝါးများ အသုံးပြုပြီး ရှင်းလင်းမည်ဖြစ်သည့်အတွက် အိမ်မွေး တိရစ္ဆာန်များနှင့် အိမ်မွေးခွေးများ ထိခိုက်နစ်နာခြင်းမရှိစေရန် ရပ်ကွက် များနှင့် လူမှုကွန်ရက်စာမျက်နှာပေါ် များတွင်လည်း ပြည်သူများသိရှိနိုင်ရန် ကြော်ငြာစာများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ဖြန့်ဝေထားသည်။

"လေလွင့်ခွေးတွေကို ရှင်းလင်းခြင်း အားဖြင့် ခွေးရူးအန္တရာယ်က ကြိုတင် ကာကွယ်နိုင်မယ်။ အများပြည်သူတွေ အပန်းဖြေမယ့် ပန်းခြံတွေ၊ အားကစား လေ့ကျင့်ကွင်းတွေနဲ့ အများပြည်သူတွေ အသုံးပြုမှုများတဲ့နေရာတွေမှာ ပြည်သူ တွေ လွတ်လွတ်လပ်လပ်နဲ့ စိတ်ပေါ့ပါး စွာ လှုပ်ရှားသွားလာနိုင်မှာဖြစ်ပါတယ်" ဟု မူဆယ်မြို့နယ် စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းက ပြောသည်။

လေလွင့်ခွေးများကိုစက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် အများပြည်သူများ အသုံးပြုမှုများသည့် ပြည်ထောင်စု လမ်းမကြီး၊လမ်းသွယ်များနှင့် အားကစား လေ့ကျင့်ကွင်းတို့တွင် ဦးစားပေး ရှင်းလင်းသွားမည်ဟု သိရသည်။

အန္တရာယ်ပြုခြင်း၊ စိတ်အနှောင့် အယှက် ဖြစ်ပေါ်စေခြင်းတို့ကြောင့် ပြည်သူများက စည်ပင်သာယာရေး ကော်မတီသို့ နှုတ်အားဖြင့်သော် လည်းကောင်း၊ စာအားဖြင့်သော် လည်းကောင်း လေလွင့်ခွေးများကို ရှင်းလင်းရန် တင်ပြလာကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရ သည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

## မကွေး

မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေး နှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့်အဖွဲ့အစည်းများ ပူးပေါင်း ကျင်းပသည့် ကလေးအလုပ်သမားနှင့်အလုပ်ခွင် ပြည်သူ့စကားဝိုင်း ဆွေးနွေး ပွဲကို စက်တင်ဘာလ ၂၁ ရက်က မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေက ယနေ့ကမ္ဘာမှာ ကလေးအလုပ်သမားပပျောက်ရေးသည် မျက်မှောက်ခေတ်၏ Global Issue ဖြစ်ပြီး စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် လုပ်သား အင်အား စစ်တမ်းအရ မြန်မာနိုင်ငံမှာ အသက်( ၅ - ၁၇ )နှစ် ကလေး ဦးရေ ၁၂ သန်းကျော်တွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိပြီး ခြောက်သိန်းကျော် သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြရကြောင်း၊ မြန်မာနိုင်ငံ သည် ကုလသမဂ္ဂကလေးသူငယ်အခွင့် အရေးဆိုင်ရာသဘောတူစာချုပ်(UNCRC) ကို သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည့်အပြင် အသက် ၁၈ နှစ် မပြည့်သေး သူများအတွက် ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်ကြောင်း၊ ကလေးအားလုံးသည် ၎င်းတို့၏ မွေးရာပါအခွင့်အရေးဖြစ်သော အသက် ရှင်သန်ပိုင်ခွင့်၊ ကြီးထွားဖွံ့ဖြိုးခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် အစောင့်အ ရှောက်ခံပိုင်ခွင့်ရရှိရန် လိုအပ်ကြောင်း၊ ထို့အပြင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်အပြင် မိဘများ၊ CSO များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး အဆင့်ဆင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျီခါး

ချင်းပြည်နယ် ကျီခါးမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာန ဆိုင်ရာများပူးပေါင်းပြီး "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကား ဝိုင်းကို စက်တင်ဘာ ၂၀ ရက်က ကျီခါးမြို့ ကန့်ဆောက်ကျေးရွာ အလက ကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် ကျီခါးတိုက်နယ်ဆရာဝန် ဒေါက်တာထန်ဆန်း က မွေ့အန္တရာယ် အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မီးသတ်ဦးစီးမှူး ဦးကမ်းဆွင်းမုန်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးသတ်ပြုရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း စသည့်အကြောင်းအရာများကို လည်းကောင်း၊ ကျီခါးနယ်မြေစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ထိန်လင်း ဟန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးခဲ့သည်။ အဆိုပါပြည်သူ့ စကားဝိုင်းဆွေးနွေးပွဲသို့ ကျီခါးမြို့ပေါ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အလက ကန်ဆောက်ကျောင်းမှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျီခါး (ပြန်/ဆက်)**

## ငါန်းဇွန်

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဂျိုကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၂၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ် ဒေါ်သဲစုဝေ(မဲဆန္ဒနယ်-၁)နှင့် ဦးကျော်စိုးနိုင်(မဲဆန္ဒနယ်-၂)၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ဒေသ အတွင်းလိုအပ်ချက်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိတို့က ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**၁၈၁**

## ရန်ကုန်

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာရေးဆရာ အသင်းနှင့် ဂီတအစည်းအရုံးတို့ပူးပေါင်း၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ တေးသံရှင် သမိုင်း-ကိုကိုလှိုင်နှင့် ဆုမွန်ကျော်၊ (စာရေးဆရာ) မြေလတ်- ထင်ကျော်မိုးနှင့် အေးမြင့် (ကျိုက်ဝိုင်း)တို့က စာပေနှင့်ဂီတ လူငယ် အသိခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ခရီးသွားကဏ္ဍနှင့် အလုပ်အကိုင်ဖန်တီးနိုင်မှု

ခင်မောင်(ဟိုတယ်/ခရီး)

**ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်မြန်မာနိုင်ငံ**

ကုလသမဂ္ဂအဖွဲ့အစည်းလက်အောက်ခံ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization–UNWTO) သည် စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ထားသဖြင့် ကမ္ဘာအရပ်ရပ်ရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများက မိမိတို့နိုင်ငံအသီးသီး၌ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း (၁-၆-၂၀၁၂)ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်အသိအမှတ်ပြုခြင်းခံခဲ့ရပြီး အဆိုပါနှစ်မှစ၍ ကမ္ဘာ့ခရီးသွားနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာမှ ယခုနှစ်တွင် “Tourism and jobs: A better Future for all” ဆောင်ပုဒ်ဖြင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပိုမိုစိတ်ဝင်စားမှုဖြစ်ပေါ်စေရန်နှင့် စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်သာမက ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို အထောက်အကူ ပြုရာရောက်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူဖြစ်စေမည့် ခရီးသွားလုပ်ငန်းကဏ္ဍအား ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာစေရန် ရည်ရွယ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက လုပ်ငန်းကဏ္ဍအလိုက်ကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ခရီးသွားနှင့် အလုပ်အကိုင်ရရှိနိုင်မှု**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်ပြီး နိုင်ငံအသီးသီးတွင် ပြည်ပဝင်ငွေနှင့် နိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်းရရှိသည်ကို နိုင်ငံတကာက လက်ခံထားပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုပ်သားသန်းပေါင်း ၂၇၀ ကျော်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတစ်ခုတည်းမှာပင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် လုပ်သားခြောက်သန်းကျော်ရှိကြောင်း သိရှိရပါသည်။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးသည့် အဓိက နယ်ပယ်တစ်ခုဖြစ်သည်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခြင်းတွင် အထူးသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုအထောက်အကူပြုပါသည်။ အထူးသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးခြင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် အဆင့်အတန်းပြည့်မီသည့် ဝန်ထမ်းလုပ်သားများ ပေါ်ထွက်လာစေရေးအတွက် လိုအပ်သည့် လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ခြင်းနှင့် အဓိကရင်ဆိုင်ရမည့်အခက်အခဲမှာ ဒေသသည်အသီးသီး၏ လိုအပ်ချက်ကို သိရှိကာ တတ်နိုင်သမျှပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်နှင့် အစီအမံကောင်းများရှိရေးသည် အရေးကြီးပါသည်။ သို့မှသာ ဒေသနေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ နိုင်ငံအလိုက် အစိုးရများမှ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေးရည်ရွယ်၍ လူသားစွမ်းအားမြင့်မားစေရန်၊ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ရေးအတွက် TVET ကဲ့သို့သော လေ့ကျင့်ရေးအစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ပညာရေးကဏ္ဍတွင်လည်း အဆင့်မြင့်ပညာရေးအပြင် သက်မွေးပညာဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ပညာရေးကဏ္ဍနှင့်တွဲဖက်ကာ သက်မွေးပညာဘာသာရပ်အဖြစ် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် (ရန်ကုန်)နှင့် မန္တလာဒီဂရီကောလိပ် (မန္တလေး)များတွင် BA Tourism (ယခု- BTHM) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် အဆင့်မြင့်ပညာရပ်များ သင်ကြားဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသအသီးသီးရှိ မြို့ကြီးများတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးနိုင်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်း၊ လူဇင်ဘတ်နိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အပံ့ရယူဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အကူအညီများရယူလျက် ဒေသအသီးသီးသို့ နယ်လှည့်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးဆောင်ရွက်ခြင်းတို့ဖြင့် ခရီးသွားကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**အစီအမံကောင်းများနှင့်ခရီးသွား**

ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကို အထူးပြုသည့် ကုန်သွယ်မှုကဏ္ဍတစ်ရပ်အဖြစ် နိုင်ငံတိုင်းတွင် တည်ရှိနေပါသည်။ အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် မည်သည့်ကဏ္ဍတွင် မည်မျှဝင်ငွေရရှိသွားသည်ကို စနစ်တကျ ကောက်ခံနိုင်ရန်၊ ပြည့်စုံလုံလောက်စွာ ကောက်ခံမှတ်တမ်းတင်နိုင်ရန် မလွယ်ကူပါ။ သို့ရာတွင် အချို့ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု လိုအပ်ချက်များကြောင့် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများအတွက် ဆိုးကျိုးများ၊ ခြိမ်းခြောက်မှုများလည်း ရှိနေပါသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ ဖွံ့ဖြိုးမှုအထောက်အကူပြု အခြေခံမရှိမဖြစ် မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီးပွားရေးလုပ်ငန်းတစ်ခု၊ စီးပွားရေးအထောက်အကူပြု ကဏ္ဍတစ်ခုအဖြစ် သတ်မှတ်မြှင့်တင်ဆောင်ရွက်မှုများ ရှိနေပါသည်။ အကြောင်းမှာ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေမှု၊ အကျိုးသက်ရောက်မှုမှာ များစွာထိရောက်မှုရှိခြင်း၊ နိုင်ငံအတွင်း စီးပွားရေးကဏ္ဍအသီးသီးကို ဆက်စပ်မြှင့်တင်ပေးနိုင်သည့် ကောင်းကျိုးများစွာရှိခြင်း၊ ဒေသနေပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် အထောက်အကူပြုစေခြင်းတို့မှာ ပေါ်လွင်ထင်ရှားသဖြင့် နိုင်ငံခြားဝင်ငွေ အလွယ်တကူရရှိစေနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်ခြင်း စသည့်အကြောင်းရင်းခံများကြောင့် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံချက်များရေးဆွဲဖော်ဆောင်ရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း အဓိကအရာထားကာ ထည့်သွင်းရေးဆွဲ မြှင့်တင်ဖော်ဆောင်လျက်ရှိကြပါသည်။

ယခင်နှစ်(၂၀၁၈)ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတကာခရီးသွားများစာရင်းမှာ ၁၄၀၃ သန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၁၇ စာရင်းများထက် ၇၅ သန်းပိုမိုခဲ့ကြောင်းနှင့် ၂၀၁၀ မှစ၍ နှစ်စဉ် ခရီးသွားလာမှုနှုန်းမှာ ၆ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည့်စာရင်းများအရ သိရှိရပါသည်။ တရုတ်နိုင်ငံခရီးသွားများ၏ ပြည်ပခရီးစဉ်များတွင် ငွေသုံးစွဲမှုမှာ ၂၇၇ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားများ၏ စုစုပေါင်းသုံးစွဲမှု ၁ ဒသမ ၇ ထရီလီယံ၏ ငါးပုံတစ်ပုံခန့် သုံးစွဲခဲ့ကြောင်း ဖော်ပြထားပါသည်။ ပြင်သစ်နှင့် ရုရှားနိုင်ငံမှ ခရီးသည်များ သုံးစွဲမှုနှုန်း ၁၁ ရာခိုင်နှုန်းခန့် တိုးမြင့်ခဲ့ပြီး ဩစတြေးလျနိုင်ငံမှာ ၁၀ ရာခိုင်နှုန်းခန့် တိုးမြင့်ခဲ့ကြောင်း ဖော်ပြထားပါသည်။

အဆိုပါ နိုင်ငံသားများ ၎င်းတို့နှစ်သက်ရာ နိုင်ငံများသို့ လှည့်လည်သွားရောက်သုံးစွဲခဲ့သည့် ငွေကြေးပမာဏများသည် သက်ဆိုင်ရာခရီးစဉ်ဒေသများ အတွင်းရှိ ကဏ္ဍများအလိုက် ခွဲဝေရရှိခံစားရသည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအလိုက် ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် တာဝန်ရှိသည့် အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းအသီးသီးသည် မိမိတို့၏ခရီးစဉ်ဒေသများသို့ ပြည်ပခရီးသွားများ စိတ်ဝင်စားကာ ပိုမိုတိုးတက်ရောက်ရှိ လည်ပတ်နိုင်စေရေး အစီအမံကောင်းများ ချမှတ်ခြင်း၊ နည်းစနစ်အမျိုးမျိုးအသုံးပြုကာ မြှင့်တင်ကြော်ငြာမှုများ ပြုလုပ်ပြီး ကြိုးပမ်းအားထုတ်နေကြပါသည်။

ယနေ့အခါ နိုင်ငံအသီးသီးရှိ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှာ မိမိတို့ အလေးထားရာ ခရီးစဉ်ဒေသအလိုက် ခရီးသွားဧည့်သည်ရောက်ရှိမှုများ၊ အဆိုပါ ခရီးသွားများ၏ ကဏ္ဍအသီးသီးတွင် အသုံးပြုခဲ့သည့် ငွေကြေးသုံးစွဲမှုများ၊ ခရီးစဉ်ဒေသအသီးသီးရှိ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သည့် လုပ်ငန်းအသီးသီးမှ အကျိုးခံစားရရှိမှုများ၊ ခရီးစဉ်ဒေသအလိုက် ဝန်ဆောင်မှုကဏ္ဍတွင် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် အခြေအနေများနှင့် သက်ဆိုင်သည့်သတင်းအချက်များရရှိနိုင်ရေး၊ ခရီးသည်နှင့် ဝန်ဆောင်မှုပေးသည့် ကဏ္ဍအလိုက် လုပ်သားများ၏ အသံကိုရယူကာ လိုအပ်သည့် အဆင့်မြှင့်တင်ပြုပြင်ပြောင်းလဲမှုများ အသိပညာပေးလေ့ကျင့်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းအားဖြင့် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးစဉ်ဒေသ ရေရှည်တည်တံ့စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ ခရီးစဉ်ဒေသ လုံခြုံချောမွေ့စေရေး ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စီမံချက်များရေးဆွဲကာ ဒေသနေပြည်သူလူထုအား အသိပညာပေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စည်းရုံးကာ လုပ်ဆောင်လျက်ရှိခြင်းဖြင့် မိမိနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်တည်တံ့သည့် ခရီးစဉ်ဒေသဖြစ်စေရေး၊ တည်ငြိမ်အေးချမ်းမှုဖြင့် မိမိခရီးစဉ်ဒေသကို မြှင့်တင်ကာ ဒေသတွင်းနိုင်ငံ များနှင့်ယှဉ်၍ မိမိနိုင်ငံအတွင်း ခရီးသည်ရောက်ရှိမှု ပိုမိုတိုးတက်လာစေရေး အလေးထား ဆောင်ရွက်လျက်ရှိနေသည့်ကာလ ဖြစ်ပါသည်။

**ခရီးစဉ်လုံခြုံချောမွေ့စေရန်**

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုဆိုရာတွင်လည်း စီးပွားရေးအဆင်ပြေမှု၊ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့မှု၊ လုပ်သားတစ်ဦးအတွက် ပြည့်စုံလုံလောက်သည့်နေ့စဉ်ဝင်ငွေရရှိနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူစွာရရှိနိုင်မှု၊ ကုန်စည်စီးဆင်းမှုလျင်မြန်ခြင်း၊ သွားလာမှုလွယ်ကူချောမွေ့ကာ လုံခြုံစိတ်ချရမှုရှိခြင်းတို့အတွက် လိုအပ်သည့်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကောင်းခြင်းတို့အပေါ် များစွာတည်မှီပါသည်။ အဆိုပါ အခြင်းအရာများနှင့်ပြည့်စုံသည့် ဒေသများအတွက် ခရီးသွားလာမှုကဏ္ဍမှလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါသည်။ အထူးသဖြင့် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်လုံခြုံစိတ်ချရမှု ရှိရေးသည် အဓိကဖြစ်ပြီး လုံခြုံစိတ်ချရမှုရှိသည့် ခရီးစဉ်ဒေသများကိုသာ ခရီးသည်များ ရွေးချယ်လည်ပတ်ကြမည်ဖြစ်ပါသည်။ သို့မှသာ အဆိုပါဒေသနေ ပြည်သူတို့ ခရီးသွားလုပ်ငန်း၏ အကျိုးအမြတ်ကို ခံစားခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ သာမန်ဒေသနေပြည်သူများအဖို့ စားရေး၊ ဝတ်ရေး၊ နေရေး ဆိုသည့် အခြေခံအချက်ကြီးများ ပြည့်စုံနေပါက စိတ်ကျေနပ်မှုရရှိကာ အေးချမ်းသာယာနေမည်သာ ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းတွင် ခရီးသည်ပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး စသည့်အရေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရသည်များရှိကာ ခရီးစဉ်ဒေသအလိုက် လိုအပ်သည့် ခရီးသွားအထောက်အကူပြု အခြေခံအဆောက်အအုံများနှင့် ဒေသအလိုက် ခရီးသည်များအား ဆွဲဆောင်နိုင်မည့်၊ လေ့လာကြည့်ရှုနိုင်မည့် သဘာဝနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပြသနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရသည်များ၊ သက်ဆိုင်သူများအား လေ့ကျင့်သင်ကြားပေး ရသည်များရှိရာ ခရီးစဉ်ဒေသအလိုက် အရင်းစိုက်ထုတ်ကြိုးပမ်းထားရသည့်အခြေခံများစွာ၊ အချိန်များစွာ၊ ငွေကြေးနှင့် လူအင်အားများစွာ ရင်းနှီးမြှုပ်နှံရသည်မှာ သဘာဝပင်ဖြစ်ပါသည်။ အဆိုပါ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရန် အဓိကမောင်းနှင်မည့်သူသည် နိုင်ငံတကာမှ လာရောက်လည်ပတ်မည့် ခရီးသွားများပင် ဖြစ်ပါသည်။ မောင်းနှင်မည့် ခရီးသွားများမရှိပါက အဆိုပါယန္တရား ရပ်ဆိုင်းနေမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ရပ်တန့်မသွားဘဲ အရှိန်ကောင်းကောင်းဖြင့် လည်ပတ်စေရန် အလို့ငှာနိုင်ငံ၏ လက်ရှိအခြေအနေ၊ ခရီးသည်များ၏အခြေအနေများအပေါ် အစဉ်သုံးသပ်ရှုမြင်ကာဖြင့် အရှေ့မျှော်ဝါဒ၊ အနောက်မျှော်ဝါဒ စသည် စသည်ဖြင့် လိုအပ်သလို မူဝါဒများ ပြောင်းလဲသုံးသပ် ညှိနှိုင်းဆောင်ရွက်ပေးနေသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည်လည်း ခရီးသွားလုပ်ငန်းကဏ္ဍများတွင် အဆင်ပြေချောမွေ့စေရေးအလို့ငှာ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်များ အလွယ်တကူနှင့် လျင်မြန်စွာ လျှောက်ထားရရှိနိုင်ရေး ရည်ရွယ်ချက်ကောင်းများဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လုပ်ကိုင်ခွင့်များ ခွဲဝေပေးနိုင်ရေး ဥပဒေအသစ်များ အမြန်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်နိုင်ရေး၊ ကန့်သတ်ခရီးစဉ်ဒေသများဖြေလျှော့ပေးနိုင်ရေး၊ ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ ခရီးသွားကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းအားဖြင့် နည်းလမ်းပေါင်းစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကလိုအပ်ချက်မှာ ခရီးသည်များ သွားလာနေထိုင်ရေးလုံခြုံမှုရှိခြင်းပင် ဖြစ်ပါသည်။

**အခွင့်အလမ်းကောင်းများရရှိရေး ညီညာလက်တွဲဖော်ဆောင်ပေး**

ကမ္ဘာ့ခရီးသွားလုပ်ငန်းဈေးကွက် ရှယ်ယာကောင်းများကို ခွဲဝေရရှိနိုင်စေခြင်းဖြင့် ခရီးသွားလုပ်ငန်း၏ အသီးအပွင့် အကျိုးကျေးဇူးများကို ဒေသနေပြည်သူများ ပိုင်နိုင်စွာ ခံစားရနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရရှိခြင်းဆိုသည့် အထောက်အပံ့ကောင်းများ ခံစားရမည်ဖြစ်ပါသည်။ သို့ရာတွင် ယခုရေတွင်းတူး ယခုရေကြည်သောက်ချင်၍မရနိုင် ဆိုစကားနှင့်အညီ ပြည့်စုံကောင်းမွန်သည့် ခရီးစဉ်များ တိုးတက်ဖြစ်ပေါ်ရေး၊ ခရီးသွားကဏ္ဍအတွက် အကျိုးအမြတ်ကောင်းများကို သယ်ဆောင်လာမည့် ပြည်ပခရီးသွားများ ရောက်ရှိလည်ပတ်နိုင်ရေးဆိုသည်မှာလည်း သင့်တင့်သည့်အချိန်ကာလတစ်ခု ရယူစောင့်ဆိုင်းသင့်သည်မှာ သဘာဝပင်ဖြစ်ပါသည်။

ပြည့်စုံကောင်းမွန်သည့် အစီအမံကောင်းများဖြစ်စေရန် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ဆက်နွယ်နေသည့် လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဒေသနေပြည်သူလူထုများ၏အသံ၊ သဘောဆန္ဒကို ရယူသုံးသပ်ခြင်း၊ ခရီးသည်များ၏ လိုလားချက်များ၊ အကြံပြုမှုများအား တတ်နိုင်သမျှ စစ်တမ်းကောက်ယူခြင်းတို့ဖြင့် မိမိနိုင်ငံ၊ ဒေသနှင့်ကိုက်ညီသည့် နည်းစနစ်ကောင်းများ ဖော်ထုတ်ခြင်း၊ ကိုက်ညီသည့်မူဝါဒများ ချမှတ်ခြင်း စသည်ဖြင့် လိုအပ်သည်များကို ပြောင်းလဲ ပြင်ဆင်ဆောင်ရွက်ရမည်လည်း ဖြစ်ပေသည်။ သို့သော် မိမိဘက်မှ လိုအပ်သည့် အကောင်းဆုံးဝန်ဆောင်မှုများ ပေးနိုင်ရေး၊ ခရီးစဉ်ဒေသများ တည်ငြိမ်အေးချမ်းကာ ခရီးသည်များအတွက် လုံခြုံမှုရှိစေရေးတို့အတွက် အသိတရားများဖြင့် ရရှိသည့်အချိန်ကာလတွင် ကြိုတင်ပြင်ဆင်ထားရန်မှာ ဒေသနေပြည်သူလူထုနှင့် ခရီးသွား ကဏ္ဍအတွင်း ကျင်လည်နေသည့်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပါဝင်ပတ်သက်သူတို့၏ တာဝန်လည်း ဖြစ်ပါသဖြင့် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ ဒေသနေပြည်သူတို့၏ ပေါင်းစည်းအားဖြင့် သာယာလှပသည့် မြန်မာနိုင်ငံသားတို့၏ စည်းလုံးမှု၊ မြန်မာနိုင်ငံအနှံ့ရှိ ခရီးစဉ်၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သဘာဝအရင်းအမြစ်များကို အရင်းတည်ကာ ခရီးသွားလုပ်ငန်း (မီးခိုးမထွက်သောစက်ရုံ) ကောင်းမွန်စွာ အရှိန်အဟုန်ဖြင့် လည်ပတ်ကာ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

> **ယနေ့အချိန်အခါတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လုပ်သားသန်းပေါင်း ၂၇၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတစ်ခုတည်းမှာပင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် လုပ်သားခြောက်သန်းကျော်ရှိကြောင်း သိရှိရပါသည်**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ မြို့နယ်များ၌ဆောင်ရွက်

**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ပေးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်များ၌ ဆောင်ရွက်လျက်ရှိသည်။**

**လွိုင်လင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်အောင်ထွန်း ဦးဆောင်သော ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၂ ရက်က သွေးလှူဒါန်းခဲ့ရာ နယ်မြေခံ တပ်မတော်မှ ဗိုလ်မှူးကြီး သန်းထွန်းအောင်နှင့် တပ်မတော်သားများကလည်း ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွေးလှူဒါန်းခဲ့ကြသည်။ သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအား ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဇေယျနှင့် တာဝန်ရှိသူများက အားဆေးနှင့် အာဟာရဖြည့် အချိုရည်နှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**ဘော်လခဲ**

ကယားပြည်နယ် ဘော်လခဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းထွန်းနှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်တို့ ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ် ရဲစခန်းများမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း အင်အား ၈၅ ဦးသည် ရဲတပ်ဖွဲ့နေ့ အကြိုအထိမ်းအမှတ်အဖြစ် ဘော်လခဲမြို့ ရှမ်းပိုင်းရပ်ကွက်ရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၀ ရက်က ဆောင်ရွက်ပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရွှေသောင်း၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ် ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအဖြစ် ရဲတပ်ဖွဲ့ဝင်များသည် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းနှင့် ပန်း၊ ရေချမ်း ကပ်လှူခြင်းများကို စက်တင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရွှေမုဋ္ဌောစေတီတော်၌ ဘက်စုံအသုံးပြုရန် အလှူငွေ ကျပ်တစ်သိန်းကိုလည်း ရဲမှူးကြီးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းလှူဒါန်းခဲ့ကြသည်။ ပုသိမ်မြို့၌ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုဆောင်ရွက်မှုများအဖြစ် စက်တင်ဘာ ၁၄ ရက်က ပုသိမ်ပြည်သူ့ဆေးရုံကြီး၊ ၁၅ ရက်က တဂေါင်းဘုရားစေတီတော်နှင့် ၂၁ ရက်က သရောင်းမဟာစေတီတော်တို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ပုသိမ်လှကြည်**

**လှည်းကူး**

လှည်းကူးမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် အင်အား ၆၀ သည် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအဖြစ် လှည်းကူးမြို့နယ် တပင်ရွှေထီးလမ်းရှိ ရွှေကြာရုံဆံတော်ရှင်စေတီတော် ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့သည်။ **နိုင်လင်း(လှည်းကူး)**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနိုင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် အင်အား ၇၆ ဦးနှင့် မြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင် ဦးဆောင်သည့် ဆေးရုံဝန်ထမ်း ၂၀ တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုများကို ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ဝင်းလာရောက်ကြည့်ရှုအားပေးခဲ့သည်။ **နေအောင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနား မင်းတပ်မြို့၌ ကျင်းပ

**မင်းတပ် စက်တင်ဘာ ၂၂**

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို KMF အဖွဲ့နှင့် Third Eye Organization တို့ ပူးပေါင်း၍ မင်းတပ်မြို့စည်ပင်ခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့ပြီး အရပ်ဖက်အဖွဲ့အစည်းများဖြစ်သော NGO၊ INGO များ၊ ဒေသခံလူငယ်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Third Eye Organization မှ Human Rights Educator ဆလိုင်းမာန်အွမ်က အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်နှင့် ဆလိုင်းဇွေထန်းခယ်က အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကလောင်ရှင် ကဗျာဆရာ ဆရာမများက အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့နှင့် ပတ်သက်၍ ရေးဖွဲ့ထားသည့်ကဗျာများကို ရွတ်ဖတ်ကြပြီး မခွဲခြားရေး ဟူသော ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း ဆက်လက်ပြုလုပ်၍ ငြိမ်းချမ်းရေးဆိုင်ရာများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ **ခွီရှိန်း**



# ကန့်ဘလူမြို့နယ်မှ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ကန့်ဘလူ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် တင်ဒါအောင်ကုမ္ပဏီတို့ ပူးပေါင်း၍ ကန့်ဘလူမြို့နယ် ချောင်းရှည်ကျေးရွာ၌ ဆောင်ရွက်ပြီးစီးခဲ့သည့် ဆိုလာ အသေးစားဓာတ်အားစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းကျော်မျိုးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



ပြီးစီးနေသော ဆိုလာဓာတ်အားပေးရေးလုပ်ငန်းကို တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးနေစဉ်။

ချောင်းရှည်ကျေးရွာ မီးလင်းရေးလုပ်ငန်းကို ဆိုလာ ၁၁၃ ဒသမ ၈၈ ကီလိုဝပ်နှင့် အင်ဂျင် ၁၁၀ ကေဗွီအေ/၈၈ ကီလိုဝပ် ပေါင်းစပ်ထားသော အသေးစား လျှပ်စစ်ဓာတ်အားစနစ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြစ်ပြီး ယခု လုပ်ငန်းများပြီးစီးချိန်တွင် ကျေးရွာနေပြည်သူများအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကဲ့သို့ပင် အသုံးပြုနိုင်ကြောင်း၊ အလားတူ စီမံကိန်းများကို တိုင်းဒေသကြီးအတွင်းမှ ကျေးရွာခုနစ်ရွာ၌လည်း ဆောင်ရွက်လျက်ရှိကာ အခြားကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ခဲ့ရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ပြည်သူလူထုက ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း ထည့်ဝင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ကျေးရွာ ၃၀၀ ခန့် ရှိသည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မီးလင်းရေးလုပ်ငန်းကို ၈၃ ရွာ၌ ဆောင်ရွက်ပေးထားပြီးဖြစ်ကာ ကျန်သော ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ကျေးရွာပေါင်း ၅၉၈၉ ရွာ ရှိသည့်အနက် ဓာတ်အားစနစ်ဖြင့် ၂၇၃၉ ရွာ၊ အခြားနည်းဖြင့် ၂၅၆၃ ရွာ၊ စုစုပေါင်း ၅၃၀၂ ရွာ၌ မီးရရှိနေပြီဖြစ်ကာ ရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆောမြို့နယ်တွင် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆော စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် မြို့နယ်အတွင်းရှိ ပြည်သူများအား လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဗို့အားတည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်စေရေးအတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းနေစဉ်။

လက်ရှိအချိန်တွင် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအဖြစ် ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြေသီး လဲလှယ်ခြင်းနှင့် ကြိုးတင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ထိုသို့ ပြုပြင်ထိန်းသိမ်းခြင်းကြောင့် မြို့နယ်အတွင်း ဓာတ်အားပေးနေသော ၁၁ ကေဗွီ ဖီဒါဓာတ်အားလိုင်းများတွင် လိုင်းအပြစ်ဖြစ်ပေါ်မှု လျော့နည်းကျဆင်းပြီး လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးမျိုးဇော်ဝင်းထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်မှ တာပွန်တိုက်နယ်ဆေးရုံသစ် မကြာမီ ဖွင့်လှစ်နိုင်တော့မည်

**နတ်တလင်း စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့၌ တာပွန်တိုက်နယ်ဆေးရုံသစ် တည်ဆောက်မှု မကြာမီပြီးစီးကာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ဖွင့်ပွဲကို စည်ကားစွာကျင်းပနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဆေးရုံ အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

တိုက်နယ်ဆေးရုံသစ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ဆေးရုံတာဝန်ခံ ဒေါက်တာလှိုင်ဝင်းထွန်းက အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေမှု၊ ကုသရေးအပိုင်းတွင် အဆင်မပြေမှုများကို ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အကြံပြုပြောကြားသည်။ ထို့နောက် ဆေးရုံအထောက်အကူပြုကော်မတီဝင် ဦးသန်းထွန်းက ကိုယ်ထူကိုယ်ထ ဓာတ်မှန်ဆောင် ရှိနေသော်လည်း ဓာတ်မှန်စက်က မကြာခဏ အဆင်မပြေဖြစ်သဖြင့် လိုအပ်နေသည့် စက်ပစ္စည်းများကို ကူညီစေလိုကြောင်း ပြောကြားသည်။

အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းဇော်ကလည်း ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်အတွက် ယခင်အစည်းအဝေးတွင် တင်ပြထားသော်လည်း မရရှိသေးကြောင်း ဆွေးနွေးပြီး တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် အကြံပြုဆွေးနွေးခဲ့ သည်။

တာပွန်တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်ရေးလုပ်ငန်းတွင် ဆေးရုံပင်မဆောင်၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ်တစ်လုံး၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ဆေးရုံအတွင်းလမ်းများ၊ ခြံစည်းရိုးကာခြင်းနှင့် အခြားလုပ်ငန်းများ ပါဝင်ပြီး ၉၂ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

# ကျုံပျော်မြို့နယ်မှ ရွာရှစ်ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်မည်

**ကျုံပျော် စက်တင်ဘာ ၂၂**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ ကျုံပျော်မြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသော ကျေးရွာ ရှစ်ရွာတွင် ဆိုလာ မီးလင်းရေးလုပ်ငန်းများကို စက်တင်ဘာလကုန်တွင် ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်မီးလင်းရေးအတွက်သုံးမယ့် ဆိုလာနဲ့ ဆက်စပ်ပစ္စည်းတွေ ပထမအသုတ်အဖြစ် စက်တင်ဘာ ၂၀ ရက်က ရောက်ပါတယ်၊ ဒုတိယအသုတ်က စက်တင်ဘာ ၂၄ ရက်မှာ ရောက်မှာဖြစ်ပါတယ်၊ ပစ္စည်းစုံတာနဲ့ ကျေးရွာတွေမှာ အမြန်ဆုံး သွားပြီး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်၊ ဒီလမကုန်မီ အပြီး ဆောင်ရွက်မှာဖြစ်လို့ ဆိုလာမီးလင်းရေးလုပ်ငန်းရဲ့ အကျိုးကျေးဇူးကို ကျေးလက်နေပြည်သူတွေ မကြာမီ ရရှိတော့မှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးလိန်းကွီးက ပြောသည်။

ယခု ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာ မီးလင်းရေးစီမံကိန်းတွင် ၁၀၀ ဝပ် ဆိုလာအစုံ ၁၄၀ နှင့် ၆၀ ဝပ် ဆိုလာ ၇၃၃ စုံ၊ စုစုပေါင်း ၈၇၃ စုံကို ကျေးရွာနေပြည်သူများ၏ အိမ်များတွင် တပ်ဆင်ပေးသွားမည်ဖြစ်ကာ အများပြည်သူနှင့်သက်ဆိုင်သော ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးပေးခန်းများတွင် ၁၇ စုံနှင့် လမ်းမီးတိုင်များအတွက် ၈၇ စုံတို့ကိုလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝန်းရှိန်(ကျုံပျော်)**



ကျေးရွာများတွင် တပ်ဆင်ပေးမည့် ဆိုလာပြားများ။

# ပင်လယ်ငါးလုပ်ငန်း ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၇)
### အခကြေးငွေများ ပေးဆောင်ခြင်း

၂၂။ ဦးစီးဌာနသည် ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်နှင့် ထောက်ခံချက်တို့အတွက် အခကြေးငွေများကိုလည်းကောင်း၊ မှတ်ပုံတင်ခ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ၊ ဖမ်းယူခွင့်ပြုသော ငါးပမာဏအတွက် ပေးဆောင်ရသည့် ငါးစိုအခ၊ ငါးဖမ်းရေယာဉ်၏ တန်ချိန်အလိုက်ပေးဆောင်ရသည့် ရေယာဉ်ခ၊ ရေလုပ်သား မှတ်ပုံတင်ကြေး၊ အာမခံကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကိုလည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်သတ်မှတ်ရမည်။

၂၃။ ပုဒ်မ ၂၂ အရ သတ်မှတ်ထားသော အခကြေးငွေများကို နိုင်ငံသား၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ၊ သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော သမဝါယမအသင်းတို့ဖြစ်ပါက မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား၊ နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန်အတွက် ခွင့်ပြုထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၂၄။ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်းလုပ်ငန်းအပါအဝင် စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ပင်လယ်ကမ်းဝေးရေပြင်တွင် ငါးဖမ်းခြင်းလုပ်ငန်းများနှင့် အခြားငါးလုပ်ငန်းတစ်ရပ်ရပ်အပေါ် စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

၂၅။ ပုဒ်မ ၂၃ နှင့် ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါလုပ်ငန်းများနှင့် မသက်ဆိုင်စေရ-

(က) ဦးစီးဌာနက ဆောင်ရွက်သော ငါးလုပ်ငန်းများ၊ ဓာတ်ခွဲစစ်ဆေးရေးလုပ်ငန်းများနှင့် ငါးရောဂါစစ်ဆေးရေး လုပ်ငန်းများ၊

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ဆောင်ရွက်သော ငါးလုပ်ငန်းဆိုင်ရာ စူးစမ်းရှာဖွေခြင်းနှင့် သုတေသနလုပ်ငန်းများ၊

(ဂ) ငါးသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ။

### အခန်း ( ၈ )
### ငါးလုပ်ငန်းရှင်၏ တာဝန်များ

၂၆။ ငါးလုပ်ငန်းရှင်သည် -

(က) ငါးလုပ်ငန်းတွင် ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်စားလှယ်နှစ်ဦးလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ မိမိ၏ တာဝန်ကိုလွှဲအပ်ထားပါက ထိုသို့လွှဲအပ်ထားသည့် အထောက်အထားကို သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ကြိုတင်၍တင်ပြရမည်။

(ခ) သတ်မှတ်ထားသည့် ကန့်သတ်ချက်များ၊ တားမြစ်ချက်များနှင့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ဂ) စစ်ဆေးရေးမှူး၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) မိမိ၏ ငါးလုပ်ငန်းတွင်ဦးစီးဌာနက သုတေသနပြုရန် တာဝန်ပေးအပ်ခြင်းခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများအား ဥပဒေနှင့်အညီသတ်မှတ်ထားသော ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်။

(င) မိမိလုပ်ကိုင်နေသော ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများနှင့် စာရင်းများကို ပြုစုထားရှိပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပုံမှန်အစီရင်ခံတင်ပြရမည်။

(စ) ရေလုပ်သားများ အလုပ်ခွင်နာမကျန်းမှု၊ ဒဏ်ရာရမှု သို့မဟုတ် သေဆုံးမှုတို့အတွက် လျော်ကြေးပေးနိုင်ရန် သက်ဆိုင်ရာအာမခံများ ထားပေးရမည်။

(ဆ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှု မရှိလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးကို လွှဲပြောင်းလိုလျှင်သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စာဖြင့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနထံသို့ တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

(ဇ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် အာမခံငွေကို ကြိုတင်ပေးသွင်းထားရမည်။

၂၇။ ငါးဖမ်းခြင်းလုပ်ငန်းလိုင်စင်ရရှိသော ငါးလုပ်ငန်းရှင်သည် -

(က) ပြည်တွင်းငါးဖမ်းရေယာဉ်ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းတွင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးက ထုတ်ပေးသော ရေလုပ်သားမှတ်ပုံတင်လက်မှတ်ရရှိထားသည့် ရေလုပ်သားကိုသာ ခန့်ထားရမည်။

(ခ) ငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်တမ်းများ ပြုစုထားရှိခြင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် ဆက်သွယ်ရေးစနစ်၊ နည်းလမ်းများဖြင့် သတင်းပေးပို့ခြင်းများ ပြုလုပ်ရမည်။

(ဂ) ငါးဖမ်းခြင်းလုပ်ငန်းတွင် သက်ဆိုင်ရာဌာနက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်ကိုသာ အသုံးပြုရမည်။

### အခန်း (၉)
### ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူး၏ တာဝန်များ

၂၈။ ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည်-

(က) သတ်မှတ်ချက်များနှင့်အညီ ငါးဖမ်းရေယာဉ်၏ အမည်၊ ငါးဖမ်းလိုင်စင်အမှတ်၊ ရေစူးအမှတ်အသား စသည့်အမှတ်အသားများကို မြင်သာအောင် ရေးသားထားရမည်။

(ခ) ဦးစီးဌာနက သတ်မှတ်ပေးထားသည့်အတိုင်း ငါးဖမ်းရေယာဉ်မှတ်တမ်း၊ အသုံးပြုသည့် ငါးဖမ်းကိရိယာနှင့် နေ့စဉ်ငါးဖမ်းခြင်းလုပ်ငန်းမှတ်တမ်းတို့ကို ပြုစုထိန်းသိမ်းထားရှိရမည်။ ထိုမှတ်တမ်းများကို စစ်ဆေးရေးမှူးက စစ်ဆေးပါက ပြသရမည်။

(ဂ) ငါးဖမ်းရေယာဉ်တွင် ဦးစီးဌာနကသတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသည့် ရေဒီယို၊ တဲလက်စ် သို့မဟုတ် အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်ခုခုကို တပ်ဆင်ထားရမည်။

(ဃ) ရေကြောင်းလမ်းပြကိရိယာများ၊ အချက်ပြဆက်သွယ်ရေးကိရိယာများ၊ အသက်အန္တရာယ်ကယ်ဆယ်ရေးနှင့် လုံခြုံရေးပစ္စည်းကိရိယာများ၊ မီးသတ်ကိရိယာများ၊ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို အစဉ်အမြဲအသုံးပြုနိုင်ရန် စီစဉ်ထားရှိရမည်။

(င) စစ်ဆေးရေးမှူး၏ စစ်ဆေးမှုကို ခံယူရန် ငါးဖမ်းရေယာဉ်ကို သက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် နေရာဒေသသို့ သွားရောက်ဆိုက်ကပ်ပေးပြီး ရေယာဉ်၊ ရေလုပ်သား၊ ငါးဖမ်းကိရိယာနှင့် ဆက်သွယ်ရေးပစ္စည်း ကိရိယာစသည်တို့ ဆိုင်ရာအထောက်အထားများကို တင်ပြရမည်။ ထို့အပြင် တာဝန်အရ စစ်ဆေးမှုအဆင်ပြေစေရန် စစ်ဆေးရေးမှူးကို အကူအညီပေးရမည်။

(စ) ဦးစီးဌာနက သတ်မှတ်သည့် ဆိပ်ကမ်းသို့ သွားရောက်စစ်ဆေးမှုခံယူပြီးမှသာ ဖမ်းဆီးရမိသော ငါးများကို တရားဝင်ရောင်းဝယ်ခြင်း၊ သယ်ယူခြင်း ပြုရမည်။

(ဆ) ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ၊ ဘေးဖြစ်စေသော ပစ္စည်းများ၊ ရေနေသတ္တဝါများနှင့် သန္တာကျောက်တန်းများကို ပျက်စီးစေနိုင်သည့် ပစ္စည်းများဖြင့်လည်းကောင်း၊ လျှပ်စစ်ဓာတ်လွှတ်၍လည်းကောင်း ငါးဖမ်းခြင်း၊ ယင်းပစ္စည်းများကို ငါးဖမ်းရေယာဉ်ပေါ်တွင် ထားရှိခြင်းနှင့် တားမြစ်ထားသောရာသီနှင့် ပင်လယ်ရေပြင်တို့တွင် ငါးများကို ဖမ်းဆီးခြင်းမပြုရေးတို့အတွက် ရေလုပ်သားများ လိုက်နာကြစေရန် ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ဇ) တားမြစ်ထားသည့် ငါးအမျိုးအစားကိုမလွှဲမရှောင်သာ ဖမ်းမိပါက ထိုငါးအမျိုးအစားကို ချက်ချင်းပြန်လွှတ်ရမည်။

(ဈ) ခွင့်ပြုထားသည့် ငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း၌ လိုင်စင်တွင်ခွင့်ပြုထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာအမျိုးအစားနှင့်အရေအတွက်၊ အထောက်အကူပြုပစ္စည်းများဖြင့်သာ ငါးလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ည) ငါးဖမ်းကွက်တွင် ရောက်ရှိနေစဉ် ရာသီဥတုဆိုးရွားသည့်အခါ ဦးစီးဌာနက သတ်မှတ်ပေးသော ခိုလှုံရာနေရာသို့ စည်းကမ်းချက်များနှင့်အညီ သွားရောက်ခိုလှုံရမည်ဖြစ်ပြီး ထိုနေရာ၌ ငါးဖမ်းခြင်းကို ရှောင်ကြဉ်ရမည်။

(ဋ) ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ပင်လယ်ရေကြောင်းသွားလာသော သင်္ဘောများနှင့် ရေကြောင်းလမ်းတို့အား အနှောင့်အယှက်မဖြစ်စေရန် ဆောင်ရွက်ရမည်။

၂၉။ ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် လိုင်စင်၌ သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကွက်ပြင်ပ၌ ငါးဖမ်းရေယာဉ် ဖြတ်သန်းမောင်းနှင်သည့်အခါ -

(က) ငါးဖမ်းကိရိယာများကို ငါးဖမ်းရေယာဉ်၏ ကုန်းပတ်အောက်တွင်ဖြစ်စေ၊ ငါးဖမ်းရန် အသုံးမပြုနိုင်သော နေရာသို့ ရွှေ့ပြောင်း၍ဖြစ်စေ သိမ်းဆည်းထားပြီးဖြစ်ရမည်။

(ခ) ငါးဖမ်းပိုက်များ၊ ပိုက်ဖွင့်တံခါးများ၊ အလေးများ၊ ငါးမျှားချိတ်များ၊ ကြိုးများကို ငါးဖမ်းကိရိယာနှင့်တွဲ၍ အသုံးပြုသည့် စက်များ၊ ပင်မကြိုးများမှ ဖြုတ်၍သိမ်းဆည်းထားပြီး ဖြစ်ရမည်။

(ဂ) ငါးဖမ်းရေယာဉ်ကုန်းပတ်ပေါ်တွင်ရှိသည့် အထောက်အကူပြု ငါးဖမ်းကိရိယာများကို ဖြုတ်ထားခြင်း သို့မဟုတ် လုပ်ငန်းမလုပ်နိုင်အောင် ငါးဖမ်းရေယာဉ်ကိုယ်ထည်နှင့် ခိုင်မြဲစွာချည်နှောင်ထားပြီး ဖြစ်ရမည်။

၃၀။ နိုင်ငံခြားငါးဖမ်းရေယာဉ်၏ ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးသည်-

(က) မိမိ၏ ငါးဖမ်းရေယာဉ်ကို ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းသို့ ဝင်ရောက်လိုလျှင်ဖြစ်စေ၊ ဖြတ်သန်းသွားလိုလျှင်ဖြစ်စေ၊ သတ်မှတ်သည့် အချိန်ကာလအတွင်း ငါးဖမ်းရေယာဉ်နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ဆက်သွယ်မည့် နည်းလမ်းများ၊ ငါးဖမ်းရေယာဉ်ဝင်ရောက်မည့် သို့မဟုတ် ဖြတ်သန်းမည့်လမ်းကြောင်း၊ နေ့ရက်နှင့် အချိန်၊ သယ်ဆောင်လာသည့် ပစ္စည်းနှင့် ငါးဖမ်းကိရိယာများ၊ ငါးဖမ်းရေယာဉ်ပါ ရေလုပ်သားစာရင်းတို့ကို ဦးစီးဌာနသို့ ဆက်သွယ်ရေးနည်းတစ်နည်းနည်းဖြင့် ကြိုတင်၍ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရာတွင် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဝင်ရောက်မည့် နိုင်ငံခြားငါးဖမ်းရေယာဉ်မှာ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါက ထိုသို့ရရှိပြီးဖြစ်ကြောင်းကိုပါ ထည့်သွင်းအကြောင်းကြားရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်အတွက် ငါးဖမ်းခြင်းလိုင်စင်ရရှိရန် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဝင်ရောက်လိုပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ယူရမည်။ အဆိုပါ ခွင့်ပြုမိန့်ရရှိပါက ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် ဆိပ်ကမ်း သို့မဟုတ် နေရာတွင် ငါးဖမ်းရေယာဉ်ကို စစ်ဆေးခံရမည်။

(ဃ) နိုင်ငံခြားငါးဖမ်းရေယာဉ်အတွက် သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးသည့် ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိကြောင်း သက်သေခံလက်မှတ်ရှိရမည့်အပြင် ထိုလက်မှတ်အပေါ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးပြီး ထပ်ဆင့်ထောက်ခံချက် လက်မှတ်ရရှိပြီးဖြစ်ရမည်။

(င) ငါးဖမ်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စများကို ဦးစီးဌာနသို့ ဆက်သွယ်၍ ကြိုတင်အကြောင်းကြားရမည် -

(၁) မိမိ၏ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းခြင်းလုပ်ငန်းကို အထောက်အကူပြုသည့် ရေယာဉ်၏ အမည်၊ ငါးဖမ်းရေယာဉ်အမှတ်၊ လိုင်စင်အမှတ်၊ ရောက်ရှိသည့်နေရာများနှင့် ငါးဖမ်းခြင်းလုပ်ငန်းလှုပ်ရှားမှု အခြေအနေများ။

(၂) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးများ၊ ငါးဖမ်းကိရိယာများ လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် ပြုပြင်မွမ်းမံခြင်း။

(၃) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးနှင့် ငါးဖမ်းကိရိယာများကို တင်ခြင်း၊ ချခြင်း၊ လွှဲပြောင်းခြင်း။

(၄) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးဖမ်းရေယာဉ် ပြင်ဆင်ခြင်း။

(စ) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သည့် နိုင်ငံခြားငါးဖမ်းရေယာဉ်တွင် နိုင်ငံတော်အလံနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ် မှတ်ပုံတင်ထားသည့် နိုင်ငံ၏ အလံတို့ကို ငါးဖမ်းရေယာဉ်တွင် သတ်မှတ်ချက်များနှင့်အညီ လွှင့်တင်ထားရမည်။

(ဆ) မိမိ၏ ငါးဖမ်းရေယာဉ်ပေါ်တွင် လိုက်ပါလာကြသော စစ်ဆေးရေးမှူးနှင့် ဦးစီးဌာနက သုတေသနပြုရန် တာဝန်ပေးအပ်ခြင်းခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများအား ဥပဒေနှင့်အညီ သတ်မှတ်ထားသော ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည့်အပြင် အန္တရာယ်ကင်းရှင်းရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက်လည်း တာဝန်ယူဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှအပ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်အခါဖြစ်စေ နိုင်ငံခြားငါးဖမ်းရေယာဉ်သည် သတ်မှတ်ရက်အတွင်း ပင်လယ်ငါးလုပ်ငန်းရေပြင်မှထွက်ခွာရမည်။ ထိုသို့ထွက်ခွာသည့်အခါ စစ်ဆေးခံရန် သတ်မှတ်သည့်နေရာ သို့မဟုတ် သတ်မှတ်သည့် ဆိပ်ကမ်းသို့ ကြိုတင်၍ သွားရောက်စစ်ဆေးခံရမည်။ စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ငါးများကို ဖမ်းဆီးခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ ပင်လယ်ငါးလုပ်ငန်းရေပြင်မှ ထွက်ခွာသွားရမည်။

၃၁။ နိုင်ငံခြားငါးဖမ်းရေယာဉ်၏ ရေယာဉ်မှူးသည်-

(က) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားပြီး အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ကွန်ဗင်းရှင်းနှင့်အညီ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်း သို့မဟုတ် ကျောက်ချရပ်နားခြင်း ပြုနိုင်သည်-

(၁) ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများကို ကျရောက်အံ့ဆဲဆဲ ဘေးအန္တရာယ်မှ လွတ်မြောက်စေရန်နှင့် လုံခြုံမှုရှိစေရန် ဝင်ရောက်နားခိုခြင်း။

(၂) ဘေးအန္တရာယ်ကျရောက်နေသည့် လူများ၊ သင်္ဘော၊ ရေယာဉ် သို့မဟုတ် လေယာဉ်ကို အကူအညီပေးခြင်း။

(၃) ငါးဖမ်းရေယာဉ်၏ ရေလုပ်သားများအတွက် အရေးပေါ် ဆေးဝါးကုသမှုရယူခြင်း။

(၄) အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေနှင့်အညီ မမျှော်မှန်းနိုင်သောဖြစ်ရပ်အပါအဝင် အခြားအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်း သို့မဟုတ် ကျောက်ချခြင်းအတွက် ခွင့်ပြုမိန့်ရယူရန် မလို၊ သို့ရာတွင် ထိုသို့ဆောင်ရွက်ရသည့် အကြောင်းရင်းကို ဆက်သွယ်အကြောင်းကြားခြင်း၊ ဆောင်ရွက်နေမှုအခြေအနေများအား အသိပေးခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် စည်းကမ်းချက်များအတိုင်း လိုက်နာရမည်။

(ဂ) ပုဒ်မခွဲ (က) ပါ ပေါ်ပေါက်သည့် အခြေအနေများကို ဆောင်ရွက်ပြီးပါက ထိုသို့ဆောင်ရွက်ပြီးကြောင်း ဦးစီးဌာနသို့ အကြောင်းကြားပြီး ပင်လယ်ငါးလုပ်ငန်းရေပြင်၏ ပြင်ပသို့ ချက်ချင်းထွက်ခွာရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်စီမံကိန်း/ဌာနခွဲများအတွက် စက်သုံးဆီ၊ ဘိလပ်မြေနှင့် သံချောင်းလုံးများအား D.D.P(At Site) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်သည့်ရက် ၂၂-၁၀-၂၀၁၉ရက်၏ ၁၂း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊**
**နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့ (၁) မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာတံတားများ၏ လုပ်ငန်းခွင်အရောက် (ပထမ)အကြိမ် အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် တင်ဒါတင်သွင်းလိုသူများမှ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - ၂၃-၉-၂၀၁၉ရက် |
| ၂။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၂၃-၁၀-၂၀၁၉ရက် ၁၅း၀၀နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၂၅-၁၀-၂၀၁၉ရက် ၁၃း၀၀နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားစီမံကိန်းအဖွဲ့(၁)၊ ဟားခါးမြို့၊ ဖုန်း-၀၉-၄၃၀၃၅၄၈၇၊ ၀၉-၄၃၀၄၆၁၃၉တို့တွင်ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တံတားစီမံကိန်းအဖွဲ့(၁)**
**ဟားခါး၊ချင်းပြည်နယ်**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ အလက (၄) အင္ဂမတန်း(က) မှ ဦးမျိုးမင်း ၁၂/ရကန(နိုင်)၀၀၆၇၆၇ ၏သမီး မအမြဲတေကေဇင်မျိုးမင်းအား မနွေဦးဝေဟု ပြောင်းလဲခေါ်ပါရန်။ **မနွေဦးဝေ**

### တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့နယ်၊ အ.ထ.က ၃ ကွင်း ဒသသမတန်း(A)မှ မချစ်ဖူးစုံ၏ မိခင်အမည်မှာ ဒေါ်ရေစိမ်းမိုး(ခ)ဒေါ်အိသဥ္ဇာမိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁၄ နှင့်ဆက်နွယ်သည့် ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၉၇

| | | |
|---|---|---|
| ဒေါ်သန်းဆင့် | နှင့် | ၁။ ဦးတင်စိုး |
| | | ၂။ ဒေါ်စိုးစိုး(ခ)ဒေါ်မိုးမိုး |
| | | ၃။ ဒေါ်ခင်နွယ်မြင့် |
| | | ၄။ ဦး၀၀ |
| | | ၅။ ဦးရွှေမန်း |
| | | ၆။ ဒေါ်သန်းအေး |
| | | ၇။ ဒေါ်သန်းဆင့်လေး(ခ)သန်းဆင့် |
| **(တရားနိုင်)** | | **(တရားရှုံးများ)** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်၊ (ဗ-၅) ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၁စီ)နေ ဦးတင်စိုး၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ မတ္တရာမြို့နယ်၊ ဝသုန္ဒရကျေးရွာနေ ဒေါ်စိုးစိုး(ခ)ဒေါ်မိုးမိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကောလင်းမြို့၊ အုတ်ဖိုကျေးရွာနေ ဒေါ်သန်းဆင့်လေး(ခ) ဒေါ်သန်းဆင့် (ယခုနေရပ်လိပ်စာမသိသူတို့အား) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဝေလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်နေ ဦးစိန်ဝင်းက ၄င်းရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ်/အမည် (၂-ဇကရီ)၊ ဦးပိုင်(၇၉)၊ ဧရိယာ ၀ဒသမ၁၂၄ရှိ ခြံမြေကွက်ကို မူလဂရန် အမည်ပေါက်သူ ဒေါ်ဥမ္မာဝေ အမည်မှ ဦးစိန်ဝင်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်လွှာတင်သွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးစိန်ဝင်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်နေ ဒေါ်ချယ်ရီတင်က ၄င်းရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ်/အမည် (၁-မင်းရဲကျော်စွာအနောက်)၊ ဦးပိုင် (၂၃၆)၊ ဧရိယာ ၀ဒသမ၁၂၄ရှိ ခြံမြေကို မူလဂရန်အမည်ပေါက်သူ ဦးတင်စိန်အမည်မှ ဒေါ်ချယ်ရီတင်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်ချယ်ရီတင်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် မော်တော်ယာဉ်များကို ရေဆေးသန့်ရှင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ YBPC ကုမ္ပဏီ၏ ယာဉ်လိုင်းအမှတ် (၉၆)၊ (၄၃)၊ (၃၇) ဝါယာလက်ယာဉ်လိုင်း (၃) လိုင်းရှိ မော်တော်ယာဉ်များအား ရေဆေးသန့်ရှင်းရေးပြုလုပ်ခြင်း လုပ်ငန်းကို အပ်နှံဆောင်ရွက်လိုပါသည်။

၂။ လုပ်ကိုင်ဆောင်ရွက်နိုင်မည့်လုပ်ငန်းရှင်များသည် ၃၀-၉-၂၀၁၉ရက် (တနင်္လာနေ့) နောက်ဆုံးထားလျှောက်ထားကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၇၄၀၇၇၇၁၊ ၀၉-၉၇၇၄၀၇၇၉၀၊ ၀၉-၉၇၇၄၀၇၈၀၁**

**စိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ပြည်တွင်းအခွန်များဦးစီးဌာန
## ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး

၁။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၀၀'×၃၆') ငါးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၅-၉-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) |
| | **နေရာ** | - ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၊ မြစ်ကြီးနားမြို့ |
| ၃။ | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၂၃-၁၀-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀နာရီ |

၄။ တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး။ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၄၄၉၊ ၀၇၄-၂၀၁၅၃သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၄)တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးအသွပ်လာ ၅/ရဘန(နိုင်)၁၂၃၆၉၃ ဖြစ်ပါကြောင်း။ **ဦးအသွပ်လာ**

### ဖခင်အမည်မှန်

မန်စီမြို့နယ်၊ အထက(မန်သာ) တက္ကသိုလ်ဝင်တန်းမှ မမေမြတ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလေး ၁/မစန(နိုင်)၀၂၉၂၆၀ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းလေး**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊နည်းဥပဒေ-၁၄)
### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၈ တရားမပထမအယူခံမှုအမှတ်-၈၀

| | | |
|---|---|---|
| ဦးမောင်ခိုင် | နှင့် | ၁။ ဦးအောင်သန်းစိုး |
| | | ၂။ ဦးအောင်ဇော်မြင့် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၈ခုနှစ်၊မေလ ၂၈ ရက်စွဲပါ ရွှေဘိုခရိုင်တရားရုံး၏တရားမကြီးမှုအမှတ် ၁၆/၂၀၁၇ အမှုတွင်ချမှတ်သော စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

အယူခံတရားပြိုင်အမှတ်(၁) ဦးအောင်သန်းစိုး၊ ၅/ရဘန(နိုင်)၁၆၅၆၅၉၊ သက်သာပန်းတောင်ရပ်၊အမှတ်(၉)ရပ်ကွက်၊ရွှေဘိုမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားရုံးတော်မှ ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ ၇ ရက်(၁၃၈၁ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်) တွင်ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန်ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်စာခံ တင်သွင်းရမည်။

၂၀၁၉ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဆန်းထွန်းဦး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို အယူတော်ခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၈ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၀၅

| | | |
|---|---|---|
| ၁။ ဦးကျော်ကျော်ဌေး | နှင့် | ၁။ ဦးမင်းစံညွှန့် |
| ၂။ ဒေါ်ချောချော | | ၂။ ဦးကျော်သန်း |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၁၈ခုနှစ် ဩဂုတ် ၉ရက်စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၅/၂၀၁၆ကို အယူခံမှု။

အယူခံတရားပြိုင်(၂)ဦးကျော်သန်း (ဘ)ဦးသန်းမောင် ညောင်ပင်သာကျေးရွာ၊ ညောင်ပင်သာလမ်း၊ တောင်ငူမြို့နယ်(ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးက ချပေးသည့်ဒီကရီကို အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မာက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၉ခုနှစ် အောက်တိုဘာ ၁၈ရက် နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ၊ ဤအယူခံမှုတွင် ဆောင်ရွက်ရန်ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်၏ မျက်ကွယ်ရာတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၉ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ဖြူဖြူခိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲခြင်း

ကျွန်ုပ်တို့၏ Godrej Consumer Products Ltd. (Godrej One, 4th floor, Pirojshanagar, Eastern Express Highway, Vikhroli (East), Mumbai 400 079, India) မှ ထုတ်လုပ်ပြီး၊ Myanmar Consumer Enterprise Ltd. မှ ဖြန့်ချိသောအောက်ဖော်ပြပါ ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲမည်ဖြစ်ပါသည်။

| PARTICULAR | OLD TRADE NAME/REG/AI | NEW TRADE NAME/REG/AI |
|---|---|---|
| TRADE NAME | Good Knight Express Liquid Vaporiser | GOOD KNIGHT XPRESS SYSTEM LIQUID VAPOURISER |
| ACTIVE INGREDIENT NAME | Transflutrin 1.6% w/w | Transflutrin 1.6% w/w |
| REGISTRATION NUMBER | P2018-4488 | P2018-4488 |

သို့ပါ၍ အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းတို့အနေဖြင့် ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါက ယခုကြော်ငြာသည့်ရက်မှ ရက်သတ္တနှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့လိပ်မူ၍ ကန့်ကွက်နိုင်ပါသည်။

**လိပ်စာ**
**တွဲဖက်အတွင်းရေးမှူး**
**မြန်မာ့ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊**
**သီးနှံကာကွယ်ရေးဌာန၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းရွာ အထက တက္ကသိုလ်ဝင်တန်းမှ မမေသဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၅/ကလထ(နိုင်)၀၆၃၀၂၈ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရှိန်းထက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးနန်းဝင်းခိုင် ၅/ရဘန(နိုင်)၁၅၈၇၂၀ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့နယ်၊ စကားကုန်းအုပ်စု၊ သပြေပင်ကျေးရွာ၊ အထက(ခွဲ) သပြေပင် တက္ကသိုလ်ဝင်တန်းမှ မလွင်လွင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမိုးနှင့်မောင်မိုး ၅/ကသန(နိုင်)၁၁၉၂၃၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့၊ မူလွန်(လုံပု)မှ မူလတန်းပြဆရာမ ဒေါ်လှိုင်လှိုင်ထွေး၏ဖခင် ဦးကုလားမြား(ခ) ဦးကာလာမြားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မောင်ညီညီနေနိုင်၏ ဖခင် ဦးခင်မောင်အေးနှင့် ဦးတွတ် ၅/ရဘန(နိုင်)၀၁၄၁၆၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကသာမြို့နယ်၊ အထက(မိုးတား) နဝမတန်း(A)မှ မမြတ်ကေသီအောင်၏ ဖခင်အမည်မှန်မှာ မောင်ကျော်မျိုးထွန်း ၅/ကသန(နိုင်)၀၈၉၀၃၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့နယ်၊ အမက (နားလွယ်) မှ အထွေထွေလုပ်သား ဒေါ်နန်းမိုင်ဦး၏ဖခင် ဦးပန်းလူ(ခ)ဦးစိုင်းပန်းလူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ အထက ဆဋ္ဌမတန်း(A)မှ မသက်မို့မို့ကျော်၏ ဖခင်အမည်မှန်မှာ ဦးသောင်းချွန် ၅/မရန(နိုင်)၀၀၁၂၃၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(ခွဲ)စက်မှုဇုန် တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကိုကို ၅/မရန(နိုင်)၀၂၂၁၇၇ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့နယ်၊ အမက(နောင်ကော်) မှ အထွေထွေလုပ်သား ဒေါ်နန်းခမ်းဝင်း၏ဖခင် ဦးကန်းစိမ်း(ခ) ချင်းဆန်ဆိမ်း(ခ) ဦးကန်းစိန်း တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်

တမူးခရိုင်၊ ခမ်းပါတ်မြို့၊ မလူကျေးရွာနေ မောင်နေမင်းခန့်၊ မဝါဝါမိုးတို့၏ မိဘအမည်မှန်မှာ ဦးဇော်ဌေးဝင်း ၅/ခပန(နိုင်)၀၀၀၃၅၃နှင့် ဒေါ်ခိုင်သင်းကြည် ၅/ခပန(နိုင်)၀၁၄၅၁၄ ဖြစ်ပါကြောင်း။

### အမည်မှန်

မုံရွာမြို့၊ အထက(ခွဲ) စက်မှုဇုန် တက္ကသိုလ်ဝင်တန်းမှ မရွှေဇင်ထူး၏ အမည်မှန်မှာ မရွှေစင်ထူး ၅/မကန(နိုင်)၀၉၆၀၆၇ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့၊ မူလွန်(လုံပု)မှ အထွေထွေလုပ်သား ဒေါ်နန်းစမ်းခမ်းအေး(ခ)ဒေါ်နန်းစံခမ်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်ဦးကျော်ဝင်း(ခ)ဦးစိုင်းကျော်ဝင်းမှာလည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တမူးခရိုင်၊ ခမ်းပါတ်မြို့၊ မလူကျေးရွာနေ မောင်စိုင်းလက်ကျော်၊ မမိုးသက်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းခိုင် ၅/မလန(နိုင်)၀၃၅၇၀၁ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့နယ်၊ အထက (ဖိုလေးလုံး) တက္ကသိုလ်ဝင်တန်းမှ မရတနာဖြိုးဇော်နှင်း၏မိခင် ဒေါ်ခင်နှင်းအေးနှင့် ဒေါ်နှင်း ၈/မကန(နိုင်)၁၁၃၉၆၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်နှင်းအေး(ခ)ဒေါ်နှင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့နယ်၊ အမက ဖတ်နမ်(ရှေ့)မှ အထွေထွေလုပ်သား ဒေါ်နန်းနွံနု၏ဖခင် ဦးဆုဆာ(ခ) ဦးဆန်ဆာ(ခ) ဦးဆန်ဆုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တမူးခရိုင်၊ မြို့သစ်မြို့၊ တုံးကျော်ကျေးရွာ အလက ဆဋ္ဌမတန်းမှ မောင်ဟောက်ဂိုလယ်၏ ဖခင်အမည်မှန်မှာ ဦးထန်ခိုဆေး ၅/တမန(နိုင်)၀၄၁၂၃၇ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မစန်းစန်းရွှေ၏ဖခင် ဦးတင်ဌေးနှင့် ဦးဘိုဌေး ၈/မကန(နိုင်)၀၇၄၀၈၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ဌေး(ခ)ဦးဘိုဌေး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲကိုကို ၁၃/ဖခန(နိုင်)၀၅၈၂၇၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၅၉၄၆၈၀၀**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း (B$_7$) မှ မပန်းညမ်းသိုင်း ၁/မကန(နိုင်)၂၂၈၈၆၃၏ ဖခင်အမည်မှန်မှာ ဦးကမ်မုန်း ၅/နယန(နိုင်)၀၀၉၁၀၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(I)မှ မောင်ကောင်းမြတ်လှိုင်၏ဖခင်အမည်မှန် မှာ ဦးဇော်ဇော်ထွန်း ၈/ပဖန(နိုင်)၀၈၂၅၂၂ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်ထွန်း**

### ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ခိုင်ဝင်း ၁၃/တကန(နိုင်)၂၄၉၆၉၆၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၇၈၂၁၄၁၈**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ပမ္မတီး) တက္ကသိုလ်ဝင်တန်း(A$_1$)မှ မဒူးဆာနူး၏ ဖခင်အမည်မှန်မှာ ဦးဒီဖူးယော် ၁/မကန(နိုင်)၀၀၅၅၂၀ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၂၀၃၇၉ Shanyan-110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကိုကိုအောင် ၈/မသန(နိုင်)၁၂၀၉၀၃က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ ဆဋ္ဌမတန်း(ဂ)မှ နန်းခမ်းနွန်းလောင်၏ ဖခင်အမည်မှန်မှာ စိုင်းဆိုင်မိုင်း ၁၃/တခလ(နိုင်)၀၂၃၉၂၉ဖြစ်ပါကြောင်း။ **စိုင်းဆိုင်မိုင်း**

### မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ) အလက (၂)၊ တက္ကသိုလ်ဝင်တန်း (B) မှ မောင်ဝေယံဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ရင်ငွေ ၁/မကန(နိုင်)၀၇၅၅၁၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့၊ အထက(ကျေးသီး) မှ အလယ်တန်းပြဆရာမ ဒေါ်နန်းမြင့်အေး၏ဖခင် ဦးပေါ်(ခ) ဦးလေးပေါ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးပေါ်(ခ)ဦးလေးပေါ်**

### မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ထ(ခွဲ) အလက (၂) တက္ကသိုလ်ဝင်တန်း(A$_1$)မှ မောင်နိုင်ဇော်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်နုနုစန်း ၉/သပက(နိုင်)၀၁၇၆၃၁ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျေးသီးမြို့နယ်၊ အမက(ပရဟိတ) မှ မူလတန်းကျောင်းအုပ် ဒေါ်နန်းစံခမ်း(ခ)ဒေါ်နန်းစံမှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်ဦးခမ်းမုန်(ခ)ဦးခမ်းမန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေတေ့ ၁/ဝမန(နိုင်)၀၆၈၁၅၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၉၆၈၈၀၀၉**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်ငယ်ရပ်ကွက်နေ ဒေါ်ဝင်းဝင်းမော် ကလည်းကောင်း၊ ရပ်ကွက်အတွင်းရှိ မြေတိုင်းအကွက်အမှတ်/အမည် (၂-မဟာစည်အကွက်)၊ ဦးပိုင် (၅၂)၊ ဧရိယာ ၀ဒသမ၁၂၄ရှိ ခြံမြေကွက်ကို မူလဂရန် အမည်ပေါက်သူ ဦးအောင်ဝင်းအမည်မှ ဒေါ်ဝင်းဝင်းမော်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်လွှာတင်သွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်ဝင်းဝင်းမော်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒေါ်နီလာကြိုင် အသက်(၆၁)နှစ်
## တွဲဖက်ပါမောက္ခ၊ သချာ်(ငြိမ်း)
## ဒဂုံတက္ကသိုလ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၅)၊ အမှတ်(၇၄၂)နေ ဦးမြကြိုင်-ဒေါ်ကြည်ကြည်ဝင်းတို့၏သမီး၊ ဦးကိုကိုကြိုင်-(ဒေါ်ရီရီမြင့်)တို့၏ညီမ၊ ဒေါ်ဇာဇာဝင်း၊ (ဦးသူရ)၊ ဒေါ်မိုးမိုးမင်းထွန်း၊ ဦးနေဝင်းနိုင် -ဒေါ်မိုးပပစံတို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၁-၉-၂၀၁၉ရက် (စနေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်)။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်စွာဝင်း
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရွှေတောင်ကြားရိပ်သာလမ်းနေ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဝင်းတို့၏သား၊ ဒေါ်ခင် စန္ဒာဝင်း၏မောင်၊ ဦးအောင်အောင်-ဒေါက်တာခင်ပပဝင်းတို့၏အစ်ကို၊ (ဗိုလ်ကြီးဒေါ်ဝါဝါခင်) ၏ ခင်ပွန်း၊ ကိုဖြိုးသူဝင်း၊ မစိမ်းလဲ့လဲ့ဝင်းတို့၏ဘကြီး၊ မောင်ဝင်းမင်းဖြိုး၏ဖခင်သည် ၂၀-၉-၂၀၁၉ရက် (သောကြာနေ့) ည ၄း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၉-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်း တည့် ၁၂ နာရီအထိ ဆယ်မိုင်ကုန်း၊ ဂျပန်လမ်း၊ အနန္တဂုဏ်ရည်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မုံရွာမြို့နယ်တရားရုံး
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၅၅

မဖြိုးပပအေး **နှင့်** ကိုသူရဝင်း
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဖြစ်သော ကိုသူရဝင်း (ဘ)ဦးဝင်းကြည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ဘုရားလမ်းတောင်ပိုင်း၊ စိုးမိုးလှိုင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးအနောက်ဘက်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမဖြိုးပပအေးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၈၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုနန္ဒာစိုး)**
**မြို့နယ်တရားသူကြီး**
**မုံရွာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ အကွက် အမှတ် ၃၆၄ဟုခေါ်တွင်သော (အလျားပေ ၄၀× အနံပေ ၆၀) ၂၄၀၀ စတုရန်းပေရှိ ပါမစ်မြေ ကွက်သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးမြလင်း(ဘ)ဦး မောင်တင် ၁၂/သဃက(နိုင်)၀၂၁၂၇၄ မှတစ်ဆင့် အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လျက်ရှိသူ၊ ယခုလက်ရှိပိုင်ရှင် ဦးကျော်စွာ ၁၂/ဥကတ(နိုင်)၁၅၇၀၃၃ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဝယ်ယူသူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ် ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီလှ**
**မင်းဓမ္မဥယျာဉ်အိမ်ရာ**
**တိုက်အမှတ် C-10၊ အခန်း အမှတ်(502)၊ လှိုင်မြို့နယ်၊**
**မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၆၇၄၂၀၊ ၀၉-၄၂၈၁၇၅၆၅၄၊၀၉-၆၉၆၂၁၀၉၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ကောင်ရာရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ်(၈/၂+၈/၃)၊ မြေဧရိယာ ၀ဒသမ၂၃၄ ဧက ရှိမြေကွက်အား ဒေါ်စုစုဝေ ၁/ဗမန(နိုင်) ၀၄၃၉၁၈ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုစုဝေ**
**ကောင်ရာရပ်ကွက်**
**မံစီမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြတ်ရတနာအိမ်ရာ၊ စီမံကိန်းအပိုင်း(၃)၊ မြေကွက်အမှတ်(၁၈၀)သည် ဦးနိုင်လင်း ၇/ဒဥန(နိုင်) ၁၀၅၁၉၅ လက်ဝယ်ပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း စာချုပ်စာတမ်းများဖြင့် တင်ပြ၍ သက်ဆိုင်ရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)တွင် ဦးနိုင်လင်း အမည်ဖြင့် မြေချပါမစ် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဒေါ်ရင်နု
## အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လမုတန်းကြီးကျေးရွာနေ (ဦးဟန်တင်-ဒေါ်မြကြီး)တို့၏သမီး၊ (ဦးတင်ကြည်)-ဒေါ်တင်ပုတို့၏ညီမ၊ ဦးဝင်းကြည်-ဒေါ်ကျင်ကျင်အေးတို့၏အစ်မ၊ (ကိုသန်းဆွေဦး)-မစန်းစန်းဦး၊ ကိုအောင်ငွေး-မအေးအေးမြင့်၊ ကိုလွင်ထွန်း-မငွေးငွေးရီ၊ ကိုတင်မောင်ထွန်း-မတင်ဥမ္မာ၊ ကိုအောင်ဇော်လတ်-မမြင့်မြင့်အေး၊ ကိုစိုးသိန်း-မလှလှငွေး၊ ကိုဝင်းသန်း-မမြင့်မြင့်ဆွေတို့၏မွေးသမိခင်၊ (ဦးထွေး)၏ချစ်လှစွာသောဇနီး၊ မြေး ၁၇ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ လှိုင်သာယာမြို့နယ်၊ (၁/၁၃)ရပ်ကွက်၊ စောဘရီလမ်း၊ အမှတ် ၁၉၄နေ ဒေါ်ရင်နု အသက် (၇၉)နှစ်သည် ၁၃၈၁ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ရက်(တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၂၄-၉-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးပန်းအောင်
## အသက်(၇၄)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာနေ (ဦးနန္ဒိယ-ကျောင်းဟောင်း-ဒေါ်လှတင်)တို့၏သား၊ (ဦးကုလား)-ဒေါ်မာပုတို့၏သားသမက်၊ ဦးစိန်ထွန်း-ဒေါ်စိန်စိန်၊ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူနေ(ဦးကြာမင်း-ဒေါ်ငွေမြိုင်)၊မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တောင်ကလေးကျေးရွာနေ ဦးစိန်ညွန့်-ဒေါ်ဝုတ်၊(ဦးအရှိန်)-ဒေါ်ငွေတင်တို့၏ ညီမောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၇၃၀-ခ)နေ ဒေါ်တင်အောင်၏ခင်ပွန်း၊ (ဦးသန်းအောင်)၊ ဦးလှမျိုး-ဒေါ်စန်း၊ ဦးဆွေမွန်-ဒေါ်သန်းသန်းနိုင်၊ ဦးယဉ်မွန်-ဒေါ်ကြည်ကြည်စိန်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၁၉ ရက်(စနေနေ့) ညနေ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၉ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ်(၇၃၀/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးထန်ဇာပေါင်(ဦးပေါင်)
## Laaitui-Gualnam Beh
## အသက်(၆၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာနေ(Pu Thual Za Thang -Pi Niang En Cing)တို့၏ဒုတိယသား၊ တီးတိန်မြို့၊ လွယ်ဘွာလ်းရပ်ကွက်နေ(Pu Vungh Khan Go-Pi Vung Khan En)တို့၏သားသမက်၊ Nu Ning Sian Zam-(Pa Vungh Deih Cin),(Pa Ngul Do Lian)-Nu Zam Khaw Man တို့၏ညီ/မောင်၊ Pa Tual Go Cin-Nu Awi Deih Lun,Nu Cing Khen Kim-Pa Nang Za Kap တို့၏အစ်ကို၊ Pa Thang Lam Suum -Nu Pau San Nuam, Nu Cing Dot Mang (ခ)ခင်ချိုဇာလင်း-ဦး ဖြိုးကျော်ခိုင်တို့၏ဖခင်၊ Tg.Pau Biak Lian ၏ ဘိုးဘိုးကြီး၊ အမှတ် ၉၇၆၊ ခတ္တာလမ်း(၃၈)ရပ်ကွက်၊ မြောက်ဒဂုံနေ Nu Cing Za Hau ၏ချစ်လှစွာသောခင်ပွန်း၊ Pa Thang Za Pau (ဦးပေါင်)သည် ၂၁-၉-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၁၅ နာရီတွင် ပင်လုံဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၉-၂၀၁၉ ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မင်္ဂလာဒုံ-ဝါယာလက်ဈေးမှ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ယုဇန-ပိတောက်ကွေ့မှတ်တိုင်၊ ဆူးလေ-ဗဟန်္ဓလဘုရားကျောင်းရှေ့၊ TBC-Y ဘုရားကျောင်းနှင့် လှိုင်သာယာ-သမကုန်းအပိုင်းတို့မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် အသီးသီးထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးမြို့နယ်တရားမရုံး၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၆

ဦးမြင့်မောင် **နှင့်** ၁။ ဦးညိုဝင်း
၂။ ဦးနိုင်မင်းသက်
၃။ ဦးထွန်းဝင်း
**(တရားလို)** **(တရားပြိုင်များ)**

မ/၁၃၊ နတ်စင်ကုန်းလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နေ (၁)တရားပြိုင် ဦးညိုဝင်း (ယခုနေရပ်လိပ်စာမသိ)နှင့် သီရိမင်္ဂလာတိုက်အမှတ် (၅၀၈)၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့ နေ (၂)တရားပြိုင် ဦးနိုင်မင်းသက်(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

တရားလိုဦးမြင့်မောင်က မှတ်ပုံတင်စာချုပ်စာတမ်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ရက်(၁၃၈၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်နိုးပွင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၂၃၀)၊ ဦးပိုင်အမှတ် (၄၀)၊၂၈×၂၉လမ်းကြား၊ ၉၁×၉၂လမ်းကြားရှိ မောင်ဘကြည် အမည်ပေါက်ဂရန်မြေကွက်အား ဦးကြီးဖြစ်သူ မောင်ဘကြည်(လူပျိုကြီးဘဝ)ဖခင်ဦးတိုး၊ မိခင်ဒေါ်ထား၊ သားဦးငွေပေါ(လူပျိုကြီးဘဝ)၊ သား ဦးတင်မောင်စိုး၊ ချွေးမဒေါ်နွဲ့နွဲ့၊ မြေး ဒေါ်သင်းသင်းစိုး (အပျိုကြီးဘဝ) သမီး ဒေါ်ခင်လှဝင်းတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၂၇၇/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဦးခဲခဲ ၉/မနတ(နိုင်)၀၇၇၅၉၃၊ ဦးသိန်းဝင်း ၉/မနတ (နိုင်)၀၇၆၉၀၄၊ ဒေါ်မင်းမင်းစိုး ၉/မနတ(နိုင်)၀၀၅၄၅၀တို့က အမှုတွဲအမှတ် ၄၀၉၃/၂၀၁၈-၂၀၁၉ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ရှိန်
## (မြိတ်)
## အသက်(၇၅)နှစ်

မြိတ်မြို့၊ ကလွင်ရပ်၊မြိတ်တက္ကသိုလ်အနီး၊ ရွှေသဇင်လမ်း၊ အမှတ် ၀၇၆ နေ (ဦးဘကြီး-ဒေါ်ဖွား) တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ (ကိုအောင်နိုင်ဦး)-မစပယ်၊ ကိုဒေါန-မစန်းကြည်၊ ကိုလေးမောင်-မသဇင်၊ ကိုယုဇန-မအေးသဥ္ဇာဇော်၊ ကိုသရဖီ-မမူမူခိုင်၊ မအင်ကြင်း၊ (မဂမုန်းအင်)တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ရှိန်သည် ၂၂-၉-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်မြတ်ကျော်
## (B.A,Psycho)
## (ကျုံပျော်မြို့)
## ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်
## အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ညောင်ပင်သာ(၃)လမ်းနေ ဦးစံပွား-ဒေါ်လှဆန်းတို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်၊ (၄၆)ရပ်ကွက်နေ (ဦးလှရွှေ)-ဒေါ်ရင်မွေးတို့၏သားသမက်၊ ကျုံပျော်မြို့နေ ဦးအောင်မိုး၊ (ဦးခင်စိုး)-ဒေါ်စန်းယုမော်၊ ဦးဝင်းအောင်-ဒေါ်ချောစုလှိုင်တို့၏အစ်ကို၊ ဦးဉာဏ်ထွန်း(ခ) ဦးဉာဏ်ကြီး၏ညီ၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ မောင်ခိုင်ငြိမ်းကျော်၊ မောင်အောင်သက်ပိုင်၊ ဟိန်းမင်းထက်တို့၏ ဦးလေးသည် ၂၂-၉-၂၀၁၉ ရက် နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးဝေဖြိုးလှိုင်အောင်
## (ဆောက်/လျှပ်လုပ်ငန်း)
## အသက်(၄၂)နှစ်

ရန်ကုန်မြို့နေ ဦးအောင်သန်း (စစ်ဆေးရေးမှူး၊ ငြိမ်း၊ လူမှုဖူလုံရေး)-(ဒေါ်ဝမ်းတင်)(သူနာပြုဆရာမကြီး-ငြိမ်း)တို့၏သား၊ ဒေါ်သီတာအောင်၏ခင်ပွန်း၊ မသော်တာအောင်၊ မောင်ထက်မြတ်နိုင်၊ မောင်ခန့်စည်ဖြိုးတို့၏ဖခင်၊ ဦးဝေတိုးလှိုင်အောင်၊ ဒေါ်နီဝမ်းလှိုင်အောင်(BiZ Law Consult Myanmar)၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးသက်-ဒေါ်ဝင့်မွန်ထက်တို့၏အစ်ကိုကြီး၊ မောင်ဉာဏ်လင်းခံ့၊ မမေမြတ်မွန်တို့၏ ဦးကြီးသည် ၂၂-၉-၂၀၁၉ရက် နံနက် ၂း၄၅နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/56381 Honda Dream II M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၃/မ၀တ(နိုင်) ၀၀၂၈၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး ၊ မြဝတီမြို့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တခေမိန္ဒ
## မန္တလေးမြို့၊ မေဃဝတီ တောင်သမန်တိုက်အေးကျောင်း၊
## နန်းသိင်္ဂီကျောင်း၊
## ကျောင်းတော်ကျောင်း၊ သီတာအေးကျောင်းတို့၏
## ဦးစီးပဓာန နာယကဆရာတော်
## သက်တော်(၉၀)၊သိက္ခာတော်(၇၀)

သက်တော်ရှည်သီပေါဆရာတော်ကြီးသည် (၁၃၈၁ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်) ၂၁-၉-၂၀၁၉ရက် (စနေနေ့)ညနေ ၄း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်) ၂၅-၉-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်၍ အန္တိမအင်္ဂျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**တပည့်သံဃာနှင့်ဆွေတော်မျိုးတော်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်လှ
## အသက်(၁၀၁)နှစ်

ဆုကြီးပန်ကျောင်းတိုက်သို့ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေသော အမေရိကန်နိုင်ငံနေ ရဟန်းဒါယကာ ဒေါက်တာ ဝင်းစိုးနိုင်-ရဟန်းဒါယိကာမ ဒေါ်ခင်ခင်လေး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခကွန်ဒိုနေ ရဟန်းဒါယကာ ဦးဝင်းတင့်-ရဟန်းဒါယိကာမ ဒေါ်ခင်ညိုညိုတို့၏ မိခင်ကြီး ဒေါ်ကျင်လှသည် ၂၁-၉-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**ဆုကြီးပန်ကျောင်းတိုက်**
**(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်လှ
## အသက်(၁၀၁)နှစ်

စိတ်ထားဖြူစင် ပါရမီရှင်အဖွဲ့(ပခုက္ကူ/ရန်ကုန်)တို့တွင် ပရဟိတတာဝန်များကို ထမ်းဆောင်ခဲ့သော ဦးဝင်းတင့်-ဒေါ်ခင်ညိုညိုတို့၏ မိခင်ကြီး ဒေါ်ကျင်လှ အသက်(၁၀၁)နှစ်သည် ၂၁-၉-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စိတ်ထားဖြူစင် ပါရမီရှင်အဖွဲ့(ပခုက္ကူ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်လှ
## အသက်(၁၀၁)နှစ်

ဦးဝင်းတင့်(ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်)-ဒေါ်ခင်ညိုညိုတို့၏မိခင်ဖြစ်သူသည် ၂၁-၉-၂၀၁၉ရက်(စနေနေ့)ညနေ ၃း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်**

## ဒေါ်ခင်ခင်စန်း(ဇလွန်)
## PROFESSIONAL WORLD ကားပစ္စည်းဆိုင်
## တာမွေ(အခွန်လွတ်ဈေး)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ်(၄၇၊ မြေညီထပ်)နေ [ဦးတင်(ခ)ဦးကာကျိုး]-ဒေါ်ခင်ရီတို့၏သမီး၊ ဦးဝင်းညွန့်၏ဇနီး၊ မချိုမြတ်နှင်း (Yangon University of Economic, Hlaing 2nd Batch)၏မိခင်၊ ဦးကျော်မြင့်-ဒေါ်ရှုမေ၊ ဦးမြင့်လှိုင်-ဒေါ်ကျင်လှ၊ ဦးကျော်သိန်း-ဒေါ်စိုးစိုး၊ (ဒေါ်ခင်သိန်း)၊ ဦးဝင်းမြင့်-(ဒေါ်သန်းသန်းဝင်း)၊ ဒေါ်ခင်ပြုံး၊ ဦးစန်းမြင့်-ဒေါ်ဝင်းမင်းသန်း၊ ဦးမောင်မောင်ဝင်း-ဒေါ်နီနီအောင်တို့၏ညီမ၊ ဦးထွန်းထွန်းတိုး-ဒေါ်စန်းစန်းဝင်း၊ ဒေါက်တာဒေါ်ခင် သန်းလွင်၊ ဦးစိုးမြင့်၊ ဒေါ်မာမာချိုတို့၏အစ်မသည် ၂၂-၉-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၉ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းထိုက်
## R.I.T(MECHANICAL)
## CONTINENTAL SHIPPING LINE (SINGAPORE)
## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၉၁)နေ ဒေါ်ပပလင်း၏ခင်ပွန်း၊ ကို အောင်သူထိုက်၊ ကိုကျော်စွာသန်းနှင့်ကိုကျော်သန်းတင့်တို့၏ဖခင်သည် ၂၂-၉-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သင့် သွေး ဖြင့် အသက် ကယ်ပါ**

# ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းစတင်တော့မည်ဖြစ်၍ ရထားခရီးစဉ်အချို့ဖျက်သိမ်းမည်

**မန္တလေး စက်တင်ဘာ ၂၂**

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို (အပိုင်း-၁)အဖြစ် ရန်ကုန်-တောင်ငူကြားတွင် အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်-မန္တလေးခရီးစဉ်များမှ စာပို့ရထားခရီးစဉ်နှင့် အခြားခရီးစဉ်အချို့ကို ယာယီဖျက်သိမ်းမည်ဖြစ်ကြောင်း မြန်မာ့ မီးရထားမှ သိရသည်။

"ရန်ကုန်-မန္တလေး အဆင့်မြှင့်တင်ခြင်းက သူ့အပိုင်းနဲ့သူ လုပ်မှာဆိုတော့ ရထားခရီးစဉ်တချို့ ဖျက်လိုက်တာပါ။ လမ်းပိုင်းမှာ ဒွေးလမ်း နှစ်လမ်းရှိရင် တစ်ဖက်ချင်း လုပ်သွားမှာဆိုတော့ တစ်လမ်းကို အဆင့်မြှင့်ချိန်မှာ ကျန်တဲ့လမ်းနဲ့ သွားရမှာပါ။ အစုန်၊ အဆန်က လမ်းတစ်လမ်းတည်းသုံးရမှာပါ။ ပေါင်းလို့ရတဲ့ရထားတွေ ပေါင်းလိုက်တယ်"ဟု မြန်မာ့မီးရထား(မန္တလေး)မှ မန်နေဂျာ ဦးစံသာအောင်က ပြောသည်။

မန္တလေး-ရန်ကုန် အမှတ်(၂) အစုန်နှင့် အမှတ်(၁) အဆန်ရထားဖြစ်သော စာပို့ရထားခရီးစဉ်ကို ဖျက်သိမ်းမည်ဖြစ်ပြီး ကျန်ရှိသော ရန်ကုန်-မန္တလေးရထားခရီးစဉ်များကို မူလအတိုင်း ပြေးဆွဲမည်ဖြစ်ကြောင်း၊ ထို့ပြင် ရထားအမှတ် (၉/၁၀) ရန်ကုန်-သာစည်၊ အမှတ် (၃၁/ ၃၂) ရန်ကုန်-နေပြည်တော်၊ အမှတ် (၃၅/ ၃၆)ရန်ကုန်-မော်လမြိုင်၊ အမှတ်(၁၆/ ၁၇) နေပြည်တော်-မော်လမြိုင် ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းကို JICA အကူအညီဖြင့် ၂၀၂၃ ခုနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်၍ စီမံကိန်းအကောင်အထည်ဖော်မှုကို နှစ်ပိုင်းခွဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးပါက ရန်ကုန်-မန္တလေး ခရီးစဉ်ကို ခြောက်နာရီကြာချိန်ဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




မန္တလေးဘူတာကြီးမှ ထွက်ခွာလာသည့် မီးရထား။

# အာရှ ယူ-၁၆ ခြေစစ်ပွဲပြီးဆုံးခဲ့ပြီး မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲ အုပ်စု (K) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး တောင်ကိုရီးယားအသင်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။



မြန်မာအသင်းတိုက်စစ်ကို တရုတ်(တိုင်ပေ)နောက်ခံလူ ဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် တရုတ်(တိုင်ပေ)အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ နှစ်သင်းစလုံး ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိသော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် ခြေအသာဖြင့် ကစားသော်လည်း တိုက်စစ်ကစားပုံ အားနည်းသောကြောင့် ဂိုးမရဘဲ ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ပွဲထွက် လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ပွဲစကတည်းက တရုတ်(တိုင်ပေ)အသင်းကို ဖိကစားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့် ဖန်တီးနိုင်ခြင်းမရှိဘဲ တိုက်စစ်ဆင်မှုများမှာ အရာမထင်

*စာမျက်နှာ ၁၂ ကော်လံ ၄* ■

## International Future Series ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဒုတိယဆုသာရရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပသည့် International Future Series ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ညနေပိုင်း က ဆက်လက်ကျင်းပရာ သက်ထားသူဇာသည် ဗိုလ်လုပွဲ၌ ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

သက်ထားသူဇာသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိန္ဒိယကစားသမား မယ်လ်ဗီကာနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ သက်ထားသူဇာသည် ချန်ပီယံဆု ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရသင့်သည့် အမှတ်များ ရယူနိုင်ခြင်းမရှိသောကြောင့် ၂၅-၁၃ မှတ်၊ ၂၅-၁၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ သက်ထားသူဇာသည် ယခုလအတွင်း ယှဉ်ပြိုင်သည့် ပြိုင်ပွဲများတွင် ချန်ပီယံဆုနှင့် လွဲချော်နေပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ပြိုင်ပွဲတွင် တတိယဆုသာရခဲ့သလို ယခုပြိုင်ပွဲတွင်လည်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

သက်ထားသူဇာသည် စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ မော်လ်ဒိုက်နိုင်ငံ၌ ဆက်လက်ကျင်းပမည့် International Challenge ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

